ဓိတ်

ဝေ့ဝေ့ဝူးဝိုက်စိစဉ်ဝုဝည်း

စံစားဇေ

တင်အောင်ထွန်း (သုတောသန)

စားဇေ ။ လှည်ကမ်ဦးဦးပေါ်ဖိုးစံခေတ် ၃၇၀

ခေတ်
ဒေါ်ဒေါ်စုးခိုက် စီစဉ်စုစည်း
စံစားဇေ

တင်အောင်ထွန်း (သုတေသန)

ရွှေကျောင်းမော် စာစဉ် (၁၆)

ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး	ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး	ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး	ဒို့အရေး

ဘာသာရေးဆိုင်ရာ စာမူခွင့်ပြုချက်အမှတ် ၂၄၉/၂၀၀၁ (၄)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၂၆၄ /၂၀၀၁ (၁)

ပထမအကြိမ်

အုပ်ရေ-၁၀၀၀၊ တန်ဖိုး - ကျပ်
ကွန်ပျူတာ - မိသားစု၊ ဒဂုံ (မြောက်)
အဖုံးဖလင် - 33- Graphic Studio

ထုတ်ဝေသူ

ဦးအောင်ကြီး (၀၉၈၆)
ရွှေပုရပိုက်စာပေ၊ အမှတ်-၅ ၊ တင့်ဆန်းလမ်း၊ ဂွတ္တလစ်၊
ဗဟန်း၊ ရန်ကုန်မြို့။

အတွင်းစာသားနှင့်မျက်နှာဖုံး ပုံနှိပ်သူ

ဦးဆန်းထူးစိုး (၀၄၆၉၈)
ဆန်းသဇင်ပုံနှိပ်တိုက်၊ အမှတ်- ၁၉၈၊ ၃၉-လမ်း၊
ကျောက်တံတား၊ ရန်ကုန်မြို့။

ဖြန့်ချိရေး

သစ်နုဝေစာပေမှ မူပိုင်ဖြန့်ချိ၍
ဂျွန်ဆာသယဝိဇ္ဇကတ်စာအုပ်ဆိုင်(ရွှေတိုဂုံဘုရားတောင်ဘက်မုခ်)
ပါရမီစာပေ(ကမ္ဘာအေးဘုရားစောင်းတန်းမုခ်ဦး)တို့မှ
တာဝန်ယူဖြန့်ချိသည်။ ဖုန်း- ၂၅၃၂၄၆

စိတ်

ဓေ့ဓေ့ရှူးစိုက် စီစဉ်ခုခည်း ဓံဓားဝေ ....

စာပတ်သူနှင့် ညှိနှိုင်းမိခြင်း

နှာ–က

စိတ်စွမ်းအင်မြင့်မား၊ရေ
သို့မဟုတ်
သရဏာဂုံ

နှာ ၁ ရတနာသုံးပါး၏ အဆုံးအမ၌ စူးနစ်ပျော်ဝင်နေပြီဟု သက်ဝင်ထားရှိပြီးသည် မိမိသည် ရတနာသုံးပါး၏ ''လူ'' ဖြစ်ကာ . .

မတူညီသော တူညီခြင်း
သို့မဟုတ်
ယောနိသော
မနသိကာရ

နှာ ၂ လူငယ်နှင့် လူကြီးတို့သည် အချိန်တည်းဟူသော ကာလအလျားကို ကျော်ဖြတ်၍ အတွေ့အကြုံ အနုအရင့် အကွာအဝေး တူညီသောအခါ နားလည်မှုများ . .

နှိုင်းယှဉ်မှုသာ ပစာန
သို့မဟုတ်
ကုစားခြင်း

နှာ ၄၁ လှေခါးထက်ဝက်သို့ ရောက်ရှိပြီး ဆက်မတက်နိုင်သူ လမ်းခုလတ်သမား အဖို့ကား ထိပ်ဆုံးအဆင့် ပန်းတိုင်သို့ လှမ်း၍လွမ်းနေမည့် အစား

ကွန်ယက်
သို့မဟုတ်
ဥဒ္ဓေသနမဟာ

နှာ ၅၅ ရှေးရှေးက မြန်မာတို့သည် ယေစဉ် ဘုန်းတော်ကြီးကျောင်းမှ-သင်ကြားပေးလိုက်သော သမ္မဒါတရား လေးပါး၏ လေးနက်မှု အခြေခံဖြင့် နိုင်ငံတော်ကြီးကို–

မာတိကာ

ဆယ်တင်ခြင်း **သို့မဟုတ်** **သရဇ္ဈာယ်ခြင်း** — **နာ ၈၇** — တရားပီတိဖြင့် နှစ်သိမ့်ကြည်နူး ရမှုသည် အခြားပျော်ရွှင်ရမှုနှင့်မတူ အညစ်အထေး ကင်းစင်ပြီး စိတ်ငြိမ်းချမ်း တည်ကြည်မှုသို့ ဆယ်တင်နိုင်ပေသည် . .

ဥပါဒါန် **သို့မဟုတ်** **ဘဝနေနည်း** **သုံးသပ်ချက်** — **နာ ၁၀၃** — ယင်းစရပ်အိုကြီးမှာ သရဲချောက် သည်ဟု နာမည်ရှိသဖြင့် ညဘက် တွင် အနီးသို့ ဘယ်ကျောင်းသားကိုရင်မှ တစ် ယောက်တည်း ကပ်ဝံ့ကြသည် မဟုတ်။ သူရဲ ကောင်း စံမောင်က . .

ဒီဟာ **သို့မဟုတ်** **လမ်းဆုံမှာ** **ရပ်သူ** — **နာ ၁၁၉** — လခမှအပ အခြားဝင်ငွေ မရှိသူ ရုံး ဝန်ထမ်းတစ်ဦး၏ မိသားစုတွင် ရုံးပြင် ကန္ဒား မင်းပြစ်မင်းဒဏ် ကိစ္စနှင့် ငွေတစ်သိန်းခွဲ အပူတပြင်း . .

လျှောခြေခြင်း **သို့မဟုတ်** **ဥစ္စပဏ္ဍာ** — **နာ ၁၃၉** — ယခုအခါမှ ဦးဇေယျာ၏ ဘဝတွင် ပထမဦးဆုံးဖြစ်မည့် ကျရှုံးခန်း မျက် ရည်မှာ ခါးစပ်ပူနွေးလှ၏။ လောကခံကို



ခိတ်

ဓေ့ဓေ့ဓူးခိုက် ခံစဉ်ခုခည်း ခံစားဓေ ....

စာဖတ်သူနှင့် ညီနှိုင်းမိခြင်း

အစ၏အဆုံး

လူသား၏ ဘဝဒဿနအစကို ဘာသာယုံကြည်မှုဖြင့် စခဲ့ကြ၏။

သတ္တလောကကြီးအတွင်း လူ့ဘဝ၏ သစ်နုဦးစ အရိပ်အရောင်မျှသာ ရှိသေးသည့် နှလုံးသား အသိဉာဏ်ကလေး၌ ဘာသာယုံကြည်မှု ရောင်ခြည်ပိုးကြိုးမျှင်ကလေး ငြိတွယ်သန္ဓေပျိုးခဲ့ကြ၏။ ဆယ်လ, ဆယ့်တစ်လသားအရွယ် သွားငုတ်တုတ် လူငုတ်တုတ် ကလေးငယ်အား မိခင်က ဘုရားစင်ရှေ့တွင် ချိပိုးမြှူချော့ရင်း နှုတ်မှ ''ဦးတော်....ဦးတော်''ဟု ဆိုပေးလျှင် ကလေးငယ်သည် လက်နှစ်ဖက်ကို လက်အုပ်သဏ္ဌာန် ချီ၍ ကာယဝိညတ် (ကိုယ်အမူအရာ)ဖြင့် ပြသရှာ၏။ ယင်းသို့ အထပ်ထပ် ပြုဖန်များသော် ကလေးငယ်သည် ဘုရားစင်ရှေ့ရောက်ရုံနှင့် အလိုလို ''ဦးတော်'' လုပ်တတ်လာလေသည်။ စင်စစ် ထိုကလေးငယ်သည် ဝစီဝိညတ် (နှုတ်အမူအရာ) မပီသသေး၍ ''ဖေဖေ.... မေမေ''ပင် မခေါ်တတ်သေးသည်ကို တွေ့ရမည်ဖြစ်၏။

ထိုကလေးငယ်သည် သက်ရှယ်ကြီးပြင်းလာပြီး မိရိုးဖလာ ယုံကြည်မှုမျှ ဖြစ်စေ၊ ထိုထက် အဆင့်လွန်၍ ဖြစ်စေ ဘာသာယုံကြည်မှုဘဝကို ဖြတ်သန်းခဲ့ပြီးနောက် သက်ရှယ် ရင့်ညောင်းကာ ဘဝနိုဂုံး အဆုံးသတ်ချိန် တမလွန် ဘဝသံသရာ ခရီးအတွက် ဘာသာယုံကြည်မှုက လူသားတစ်ဦးအဖို့ လေးနက်၍ လာပြန်သည်။ သေလွန်ရမှာ ကြောက်လန့်ခြင်း၊ တမလွန်တွင် ဘယ်ဘဝ ရောက်ရမည် မသိ၍ ဘဝကူး မကောင်းမှာ ပူပန်ရခြင်းတို့သည် ဘာသာယုံကြည်မှုမှ တစ်ပါး ကိုးစားရာ မရှိနိုင်ပေ။ တွေ့ဝေမှုမရှိဘဲ ဘဝကူးနိုင်ရေးအတွက် နာမ်ပိုင်းဆိုင်ရာ ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ကြရ၏။ ကျန်ရစ်သူများက သပိတ်သွက် အမျှဝေခြင်း, ဆုတောင်းပေးခြင်းများသည်လည်း ကွယ်လွန်သူ ဘဝကူးကောင်းရေးအတွက် ဘာသာယုံကြည်မှု မျှော်မှန်းချက်များပင် ဖြစ်ပါသည်။

ဘာသာယုံကြည်မှု

လူ့ဇလောကတွင် အနည်းစုသော လူအချို့မှ လွဲ၍ ဘာသာယုံကြည်မှု ရှိကြသည်ချည်းဖြစ်၏။ ဘာသာယုံကြည်မှုသည် လူတိုင်းအဖို့ တစ်ဘဝလုံးလိုလိုပင် လူတစ်ဦးချင်းစီ၏ ပုဂ္ဂိုလ်ရေးကိစ္စအဖြစ် အရေးကြီးနေသည်ဟု ဆိုနိုင်ပါ၏။

ဘာသာယုံကြည်မှု ရှိခြင်းဖြင့် လူ့ဘဝ အစ အလယ် အဆုံး အထိးကျန်မှု မဖြစ်တော့ပေ။ သက်ကြီးရွယ်အို မိဘ

ဘိုးဘွားတို့သည် လူ့ဘဝ စီးပွားလှုပ်ရှားမှုနယ်ပယ်၌ အသုံးမဝင်တော့ခြား ဘာသာရေးကိစ္စတို့၌ နေသားတကျ ရှိလှလေ၏။ ပိမိ၏ ကိုးစားယုံကြည်ရာနှင့် ပိမိအား အပျားက ကိုးစားယုံကြည်စေရန် လူသားဆန္ဒ နှစ်ရပ်ကိုလည်း ဘာသာယုံကြည်မှုမှပင် ရရှိပြည့်ဝစေနိုင်၏။ ဘာသာတရား၏ အဆုံးအမတို့သည် လူသားမျိုးနွယ်တို့အား ယဉ်ကျေးသိမ့်မွေ့စေရန်နှင့် ရရှိလာသည့် လူ့ဘဝကို တန်ဖိုးရှိရှိ နေထိုင်သွားရန်သာလျှင် ညွှန်ပြထားပေ၏။ ဘာသာယုံကြည်မှု ရှိသူများသည် မပြည့်ဝနိုင်သော (သို့မဟုတ်) ပြည့်ဝပြီးသည့်တိုင် ထပ်မံ၍ ပြည့်ဝရန်သာ လိုအပ်လျက် ရှိသဖြင့် ပြီးပြည့်စုံသည် ဟူ၍ မရှိသော လူသား၏ လိုအင်ဆန္ဒ ငြိမ်းချမ်းမှု ရရှိခံစားနိုင်အောင် ငြိမ်းသတ်ပေးနိုင်ပေ၏။ အဘယ်သူမှ အပြေရှာမပေးနိုင်သည့် လူသား၏ ဘဝနေဝင်ချိန် တမလွန် အလိုဆန္ဒအတွက်မူ ဘာသာယုံကြည်မှုကသာ ကိုးစားရာ ရှာဖွေပေးနိုင်ပေ၏။

ချစ်သူနှင့်ယုံကြည်သူ

လူသား၏ ယုံကြည်မှုအရာတွင် ဘာသာချစ်သူထက် ဘာသာယုံကြည်မှု လေးနက်သူက နက်ရှိုင်းမှု ပိုပိုပည်ထင်၏။ ဘာသာချစ်သူမှာ ပိမိယုံကြည်သော ဘာသာတရား၏ ဆိုဆုံးပလမ်းညွှန်မှုကို လိုက်နာနိုင်ချင်မှ လိုက်နာမည်ဖြစ်ပြီး ပိမိဘာသာနှင့် ပိမိဘာသာဝင်တို့အပေါ် ချစ်ခင်မှုက ပဓာနဖြစ်၍ ပုဂ္ဂိုလ်ရေး

သဘော, လောကီရေးသဘောဖက်သို့ အားသာ၏။ ဘာသာ ယုံကြည်မှု လေးနက်သူကား ထိုသို့မဟုတ်၊ မိမိ၏ ယုံကြည်သော ဘာသာတရား၏ ဆိုဆုံးမမှု, လမ်းညွှန်မှုကို ယုံကြည်မှုဖြင့် လေးနက်စွာ ခံယူ၍ ကျင့်ဝတ်များကို ကျင့်ကြံခြင်းဖြင့် ဓမ္မသဘော, လောကုတ္တရာသဘောဖက် အလေးကဲပိုစေ၏။ ထိုနှစ်ဦး အနက် ဘာသာယုံကြည်မှု လေးနက်သူသာ ဘုရားရှင်တို့ အလိုတော်ကျ တပည့် သားကောင်း ဖြစ်နိုင်ပေမည်။

သုံးဝသော အဆုံးအမ

ဗုဒ္ဓဘာသာတွင် ဗုဒ္ဓ၏ အဆုံးအမဖြစ်သော သူတော်ကောင်းတို့အလိုကျ နေထိုင်ကျင့်ကြံနည်းသုံးမျိုးကို ညွှန်ပြထား၏။ သမ္ဘည္ဘုရားအဖြစ်သို့ ရောက်ရှိ၍ (၄၅)ဝါပတ်လုံး သတ္တဝါ ဝေနေယျတို့အား ဟောကြားတော်မူခဲ့သော တရားတော်များမှာ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင် ရှိသော်ငြားလည်း ဗုဒ္ဓဘာသာကောင်းတစ်ဦးဖြစ်ရန် နေထိုင်ကျင့်ကြံနည်းကား အချုပ်အားဖြင့် သုံးမျိုးသာ ရှိပေသည်။ မကောင်းမှုတွေကို ရှောင်ကြဉ်ခြင်း၊ ကောင်းမှုကို ဆည်းပူးပြုလုပ်ခြင်းနှင့် မိမိစိတ်ကို ဖြူစင်အောင် ထားနိုင်ခြင်းတို့ပင် ဖြစ်လေသည်။ ယင်းတရား အဆုံးအမသုံးပါးကို ပွင့်လေပြီးသမျှ ဘုရားရှင်တိုင်း အဆုံးအမ ပြုတော်မူကြပြီး ယင်းတရားသုံးပါးကို ပြီးမြောက်အောင်မြင်သည် အထိ ကျင့်ပွားနိုင်သူများသည် အရိယာပုဂ္ဂိုလ်အဆင့်ဖြင့် ဘဝသံသရာမှ ကျွတ်တမ်းဝင်ခဲ့ကြပေ၏။

ဘုရားရှင်တို့၏ အဆုံးအမသုံးပါးတွင် စိတ်ကို ဖြူစင်အောင် ထားနိုင်ခြင်းသည် အဆင့်အမြင့်ဆုံး ဖြစ်နိုင်ပေသည်။ ''**စိတ္တေန နိယတေ လောကော**''ဆိုသည့်အတိုင်း စိတ်သည် လောကကို ဦးဆောင်သည့်အားလျှော်စွာ စိတ်ကို ဖြူစင်အောင် ထားနိုင်ရန်မှာ စိတ်, စေတသိက်ဟူသော နာမ်ပိုင်းဆိုင်ရာကို ပြီးငြိမ်းအောင်မြင်ရမည်ဖြစ်ရာ ကျင့်ကြံအားထုတ်မှု အဆင့်မြင့်မားနိုင်ပေသည်။ ကိုယ်အမူအရာ၊ နှုတ်အမူအရာအားဖြင့် မကောင်းမှုတွေကို ရှောင်၍ ကောင်းမှုကို ဆောင်နိုင်မှသာ စိတ်ကို ဖြူစင်အောင် ထားနိုင်မည်ဖြစ်သကဲ့သို့ စိတ်စေတသိက်တို့ကို ဖြူစင်အောင် ထားနိုင်မှလည်း မကောင်းမှုကို ရှောင်နိုင်၍ ကောင်းမှုကို ဆည်းပူးပြုလုပ်နိုင်မည် ဖြစ်ပါသည်။

ဆန်းကြယ်သော စိတ်

ဗုဒ္ဓအဘိဓမ္မာတွင် ပရမတ္ထတရား (၄) ပါးရှိရာ စိတ်သရုပ်ကို (၈၉)ပါးအထိ ခွဲစိတ်ပြထား၏။ စိတ် (၈၉)ပါးကို ပါဠိစကားဖြင့် ''**ဧကူနနဝုတိ**''ဟု ခေါ်၏။ **ဧက**=တစ်ခု + **ဥန**=ယုတ်လျော့သော + **နဝုတိ**=ကိုးဆယ်ဟူ၍ တစ်ခုချင်းအဓိပ္ပာယ်ထွက်၏။ တိုက်ရိုက်ဘာသာပြန် (သဒ္ဒါနက်)အားဖြင့် **တစ်ခုယုတ်ကိုးဆယ်**၊ လိုရင်းဘာသာပြန် (အဓိပ္ပာယ်)အားဖြင့် (၈၉)ပါးဟု ဘာသာပြန်ဆိုရာ ဗုဒ္ဓအဘိဓမ္မာပါဠိ မသင်ယူဖူးသူများက စိတ်က တစ်ခုသာ ရှိသော်လည်း စိတ်ကူးရုပ်ပုံထဲ၌ ရုပ်အမျိုးမျိုး အကြောင်းအရာအဖုံဖုံ ထွေပြားများပြား

လှသဖြင့် ''**စိတ်တစ်ခု-ရုပ်ကိုးဆယ်**''ဟု အဓိပ္ပါယ်တစ်မျိုးဖြင့် ပြောဆိုမှု မှားယွင်းတတ်ကြ၏။။ စိတ်သရုပ်အရေအတွက် သခ်ျာကို စိတ်၏ သဘောသဘာဝနှင့် မကွဲမပြား မှားယွင်း ကြခြင်း ဖြစ်ပါသည်။

စိတ်ဆိုသည်ကလည်း စင်စစ်အားဖြင့် ဆန်းကြယ် လှ၏။။ ရုပ်နှင့်နာမ်ဟူ၍ ဖြစ်ထွန်းကာ လူ့ဘဝကို ရရှိပြီးနောက် ရုပ်အရည်အချင်း, နာမ်အရည်အချင်းများ တဖြည်းဖြည်း တိုးတက်ခဲ့၏။။ ရုပ်အရည်အချင်းက မျက်စိဖြင့် မြင်သာသလောက် နာမ်အရည်အချင်းကို ဉာဏ်ဖြင့်သာ မှန်းဆနိုင်ပေလိမ့်မည်။ ပြင်ပ အာရုံငါးပါးနှင့် ထိတွေ့ကာ နာမ်ဆိုင်ရာ (၅၂)ပါးသော စေတသိက်များက စိတ်တွင် လာရောက် ယှဉ်ဟတ်လျက် လူသား၏ အဖျတ္တ၌ ကုသိုလ်စိတ်၊ အကုသိုလ်စိတ်များကို ဖြစ်ပေါ်လာစေ၏။။ ဖြစ်ပေါ်လာသည့် စိတ်သည် ကုသိုလ် စိတ်လော၊ အကုသိုလ်စိတ်လော စသည် ခွဲခြားနိုင်ရန်မှာ ဗုဒ္ဓအဘိဓမ္မာနည်းအရ တရားကိုယ် ကောက်ယူပြီး ခွဲခြား ရပေသည်။ ဗုဒ္ဓအဘိဓမ္မာကို လေ့လာဆည်းပူး ထားသူ မဟုတ်လျှင် ဗုဒ္ဓအဘိဓမ္မာနည်းအရ ခွဲခြားစိတ်ဖြာ ထားသော စိတ်တို့၏ သဘောသဘာဝ ကွဲပြားခြားနားပုံနှင့် စိတ်ယှဉ် စေတသိက်ယှဉ် ဝိထိအဆက်ဆက်ကို နားလည်နိုင်မည် မဟုတ်ပါ။။ နာမ်နှင့်ရုပ်ကို ပိုင်းခြားနိုင်မှု ဉာဏ်ပညာသို့ ဦးတည်၍ စိတ်ပိုင်းဆိုင်ရာ ထိန်းသိမ်းနိုင်မှု စွမ်းအင်သို့ အဆင့်ဆင့် တက်ယူရသည့် သီလ, သမာဓိ, ပညာ- သိက္ခာ

သုံးရပ်၏ အဆုံးစွန်ပြီးမြောက်မှု၊ လွတ်မြောက်မှု၊ အောင်မြင်မှု အရသာ (ဝိမုတ္တိရသ) သဘောတရားများကို စိတ်သာ အဓိက အမြင်ဖြင့်သာ ချဉ်းကပ်နားလည်နိုင်ပါလိမ့်မည်။

စိုး နှောင့်ဖြူစင် မပူပင်ရာ

လူ့ဘဝတွင် စိုးရိမ်သောက ဖြစ်စရာတွေက များလှပါဘိ။ ပူပင်ကြောင့်ကြစရာတွေက များလှပါဘိ။ စားဝတ်နေရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသည့် အရေးများသည် လူ့ဘဝ တစ်ခုလုံးကို စိုးမိုးထားပြီး စိုးနှောင့်ပူပင်တတ်သူအဖို့ ပူပင်စရာတွေချည်းဖြစ်နေ၏။ ကံ၊ ဉာဏ်၊ ဝီရိယ ရှိ၍ မိမိဘဝ ပြည့်စုံအောင်မြင်ပြီးသည့်တိုင် မိမိ မိသားစုသာမက သားမြေး အဆက်ဆက်ထိ စိုးပူစရာတွေက အတောမသတ်ချင်ပေ။ မွေးကင်းစ ကလေးငယ်ဘဝ ပါးစပ်တွင် တပ်ထားသော မိခင်၏ နို့ခေါင်းပြုတ်သွားမှာ စိုးရိမ်တတ်သည်က စတင်ခဲ့သော ပူပင်မှုသည် လူ့ဘဝ နောက်ဆုံးအချိန် အသက်ဇီဝိန် ချုပ်ခါနီး ညောင်းစောင်းထက်၌ မြေးငယ် မြစ်ငယ်တို့ နောင်ရေး စိုးရိမ်နေသေးသည်အထိ ပူပင်မှုကို လျော့ချင်ကြသည် မဟုတ်ပေ။

ဘယ်အရေးကိစ္စမဆို ပူပင်မှု ဖြစ်ရ၏။ စိုးရိမ်မှုဖြစ်ရ၏။ ကြောင့်ကြမှု ဖြစ်ရ၏။ စိတ်မချမ်းမြေ့မှု ဖြစ်ရ၏။ ပူဆွေးငိုကြွေးမှု ဖြစ်ရ၏။ ဒေါသအမျက် ထွက်ရသကဲ့သို့

တစ်ပါးသူအပေါ် ခက်ထန်မှု, ထိပါးမှု မရှိသော်ငြားလည်း ယင်းစိတ်ဖြစ်စဉ်အားလုံးသည် မကျေနပ်မှု ပါရှိသည့် ဆုတ်နစ်မှုသဘောဖြစ်သဖြင့် ဒေါသစိတ်ဟူ၍သာ တရားကိုယ်ကောက်ယူရမည့် ဖြစ်ပါသည်။

ခြေကုန်မောသဗျာ ရေ စုန် မမျောရာ

ဆင်းရဲ ချမ်းသာ ရောပြွမ်းလျက်ရှိသော လူ့ဘုံလောကကြီး၌ ချမ်းသာသုခထက် ဒုက္ခဆင်းရဲက များလှလေ၏။ ချမ်းသာကို လိုချင်လျှင် ဆင်းရဲနှင့် ရင်းရသည့်အလျောက် ဆင်းရဲဒုက္ခကို ကျော်ဖြတ်နိုင်ရန် တက်ကြွစိတ်၊ ရေဆန်လေဆန်စိတ်ကို အစဉ်မွေးမြူကြရပေ၏။ တက်ကြွစိတ် ကုန်ဆုံးသောနေ့သည် လူ့ဘဝ ကျရှုံးသောနေ့ပင် ဖြစ်ပေမည်။

သို့သော်လည်း လူသားသည် တစ်ခါတစ်ခါ စိတ်ရှုံးပေါက်တတ်သဖြင့် '**လူ့စိတ်က မျောက်စိတ်**' ဟုပင် ဆိုစကားပြုကြရ၏။ ဘဝတွင် ကြုံတွေ့ရသည့် ဒုက္ခဆင်းရဲနှင့် အခက်အခဲကို ကျော်လွှားရမည့်အစား တွန့်ဆုတ်စိတ်ကို အလေးပေးလျက် ရေစုန်မျောချင် တတ်ကြ၏။ အချစ်ရေး၊ အိမ်ထောင်ရေး အဆင်မပြေမှုအပေါ် စိတ်ဖိစီးမှု မခံနိုင်သူအချို့သည် အရက်၏ ကျေးကျွန်အဖြစ် မိုက်မဲစွာ ဘဝကို နှစ်မြှုပ်တတ်ကြ၏။ ထိုသူတို့အား ဘဝရေစုန် မမျောရန် လက်ရှိဘဝသာမက

ဘဝါဘဝ သံသရာပါ နစ်မွန်းနိုင်ကြောင်း ပြောကြားလျှင် ''အနှစ်တစ်သောင်း ရေကျသွားလဲ တစ်နေ့ ပြန်တက်လာ ဦးမှာပေါ့ဗျာ''ဟု ဖြေကြားတတ်သဖြင့် ထိုသူအား ပတ်ဝန်းကျင် ကပါ လက်လျော့ကြရလေ၏။

စိုင်း ချင်ရာစိုင်း စိတ်မရိုင်းအပ်

ဘဝရေစုန်မျောသူထက် ဘဝတွင် ထင်ရာစိုင်းသူက လူ့ဘဝတွင် တက်ကြွမှု လွန်ကဲသွားပြန်၏။

''**ငါ့မြင်း ငါ့စိုင်း စစ်ကိုင်းရောက်ရောက်၊ ငါ့လှေ ငါထိုး ပဲခူးရောက်ရောက်**''ဆိုသူမျိုးဖြစ်၍ မာနစိတ်က မိုးထိုးနေ လေသည်။ မော်တော်ဆိုင်ကယ်စီးလာ သူတစ်ဦးသည် မော် တော်ယာဉ်တစ်စီးက ကျော်တက်သွားပါက မော်တော်ဆိုင် ကယ်စီးသူသည် သူ၏နားရွက်ကို တံတွေးဖြင့် ဆွတ်သွား သလောက် ခံပြင်းစိတ်ဖြစ်ကာ စက်ရှိန်မြှင့်၍ ထိုမော်တော် ယာဉ်အား မရအရ ကျော်တက်မိစေတတ်၏။ ထင်ရာစိုင်းသူသည် ပညာဉာဏ်နည်းပါး သူဖြစ်ပါက ဘေးအန္တရာယ် ပိုမိုများပြား နိုင်ပေ၏။ တစ်တက်စားလည်း ကြက်သွန်၊ နှစ်တက်စားလည်း ကြက်သွန် မထူးပါဘူး ဟူသော (မထူးစိတ်)သည် မှားစရာရှိလျှင် အနက်ရှိုင်းဆုံး မှားယွင်းသွားစေနိုင်သော ဒဿနဖြစ်ပေ၏။

ဇွေ ချင်ရာစွေ စိတ်မလေအပ်

ပေပေစွေစွေ ညစ်ကပ်ကပ်သူများလည်း လူလောကၽွ် တွေ့ရတတ်၏။ ပညာဖြင့် ညစ်ကပ်သူရှိသကဲ့သို့ ပညာမပါ ညစ်ကပ်သူများလည်း ရှိ၏။ လှည်းနှစ်စီးမရောင်သာသော လမ်းကျဉ်းကလေးၽွ် လှည်းနှစ်စီး ရုတ်တရက် ရင်ဆိုင်တွေ့ကြကာ သူရှောင်ကိုယ်ရှောင်၊ ငြင်းခုံမှု မပြီးပြတ်ဘဲ လှည်းရပ် နွားဖြုတ်၍ ညၽွှမ်းမှောင်သည်ထိ ပေကပ်ကြဖူး၏။

ပညာရှိညစ်ကပ်သူကမူ အသိခေါက်ခက် အဝင်နက်သူ ဖြစ်၏။ လောကအကြောင်း, ဓမ္မအကြောင်း နားလည်သူ ဖြစ်လျက် အရက်ချိုးဖြစ်နေသူတစ်ဦးအား အဘယ်သူမှ လမ်းကြောင်း တည့်မပေးနိုင်ကြဘဲ ရှိတတ်ကြ၏။

သုံးလောကထွတ်ထား ဘုရားရှင်အား ဖူးမြင်ရသူ မည်သူ မဆို ကျွတ်တမ်းဝင်ကြသော်လည်း ဘုရားနှင့် တွေ့ကြုံပါလျက် အချည်းနှီးဖြစ်ရသူများ ရှိခဲ့၏။ ဘုရားရှင်လက်ထက် တိတ္ထိ ဆရာကြီးအချို့သည် ဉာဏ်ပညာလည်း . ထိုက်တန်သလောက် ရှိကြပါ၏။ ဘုရားရှင် ဟောကြားတော်မူသော တရားတော်များကို နာကြားဖူးကြ၏။ ဘုရားစစ်, ဘုရားမှန်၊ တရားစစ်, တရားမှန်မှန်း သိကြပါလျက် ဘုရားရှင်၏ တပည့်သာဝကအဖြစ် ခံယူရန် ခေါင်းမာခဲ့ကြပြီး ပေပေစွေစွေ စိတ်ထားကြောင့် လွတ်မြောက်မှုနှင့် ဝေးခဲ့ကြရာ၏။

ခေ့ခေ့စူးစိုက် စွဲမြဲပိုက်

လူ့ဘဝတွင် ဆင်းရဲချည်းလည်း မနေပေ။ ချမ်းသာ အလှည့်လည်း ရှိတတ်မြဲဖြစ်၏။ ဆင်းရဲချမ်းသာမှာ ကံအပေါ် မူတည်ပါသော်လည်း ဉာဏ်နှင့် ဝီရိယတို့သည် ကံအား အထောက်အကူ ပြုပေးကြ၏။ ဖွဲလုံ့လသည် ဝီရိယဖြစ်၍ ဖွဲလုံ့လရှိသည့် အသိစိတ်မှာ ဉာဏ်နှင့်ပါ ဆိုင်လေသည်။

ဖွဲလုံ့လသည် တည်ကြည်မှုနှင့်ပါ ဆက်စပ်လျက်ရှိ လေသည်။ ဌတ်မိသဲတိုင် တက်နိုင်ဖျားရောက် စိတ်ထား မျိုးသည် ဖွဲလုံ့လရှိမှု စွဲမြဲမှုကို ဖော်ပြပေ၏။ အောင်မြင်မှု မရှိခင် ဟိုခုန်သည်ကူး မတည်မငြိမ် ရှိသင့်သည် မှန်သော်လည်း အောင်မြင်မှုလမ်းစ ရရှိသည်နှင့် စူးစူးစိုက်စိုက် စွဲစွဲမြဲမြဲ ပြုလုပ်ရန် အရေးကြီးလှ၏။ တစ်နေ့ အောင်မြင်ရမည် ဖွဲ့ဖြင့် စွဲမြဲစွာ ပြု လုပ်ခဲ့၍ မအောင်မြင်သော အလုပ်သည်ပင် အောင်မြင်သွားသည့် သာဓကများလည်း အမြောက်အများ ရှိခဲ့ကြ၏။ မိမိကံအလှည့် အောင်ပြင်ပှုအပေါ် ယုံကြည်မှု နည်းပါးပြီး စူးစူးစိုက်စိုက် မပြု လုပ်ခြင်း၊ စွဲမြဲတည်ကြည်မှု မရှိခြင်းတို့ကြောင့် အောင်မြင်မှု လမ်းချော် သွားသည့်သာဓကများမှာမူ ပိုမို များပြားကြပေ၏။

ပိပြင်ဘဝ စီစဉ် ကျ

အလျှုအတန်း အခမ်းအနားတစ်ခု အစည်းအဝေး တစ်ခုတွင် အခမ်းအနားအစီအစဉ် ပါရှိမှ အစီအစဉ် ကျန လေ၏။ ဘဝလမ်းခရီးတွင်လည်း အစီအစဉ်သည် လှေတစ်စင်း၏ ဘက်မသဖွယ် ဖြစ်ပေ၏။ ယုတ်စွအဆုံး မနက်မိုးလင်း၍ ဟင်းချက်စရာ စျေးဝယ်သွားသူ အိမ်ရှင်မသည်ပင် ဘာဟင်း ချက်ရမယ်၊ ဘာဟင်းလျှာ မတွေ့လျှင် ဘာဟင်းပြောင်းချက်မယ် ဟူသော အစီအစဉ် ပါရှိသူသည် စျေးရောက်မှ ကြည့်ဝယ်မယ် ဆိုသူထက် ပိုမို အဆင်ပြေတတ်သည်ကို တွေ့ရနိုင်ပါသည်။

"ကြိုတင်စဉ်းစား သတိထား အမှားနည်းရမည်" ဟူ၍ မြန်မာစကားပုံ ရှိ၏။ အခမ်းအနားအစီအစဉ်၊ ခရီးသွားအစီ အစဉ်၊ ဟင်းချက်ရန်အစီအစဉ် စသည့်အစီအစဉ် အားလုံးသည် ကြိုတင်စဉ်းစား စီစဉ်မှုများ ဖြစ်ကြ၏။ ဘဝအရေးကစ၍ ကြီးပွားရေး, စီးပွားရေး အားလုံးတွင် လုပ်ငန်းကို အစီအစဉ် တကျ လုပ်ချင်စိတ်မျိုး မွေးမြူ၍ အစီအစဉ်အတိုင်းလည်း အောင်မြင်အောင် ဆောင်ရွက်ရန်သန္ဓိဋ္ဌာန်ဖြင့် မိမိဘဝသိက္ခာကို မြှင့်တင်ကြရမည်ဖြစ်ပါသည်။

စုစည်း ပိပြင် ပြီးအောင်မြင်

စုစည်းညီညွတ်လျှင် အရာရာ အောင်မြင်နိုင်ကြောင်း အားလုံး သိရှိကြ၏။ သို့သော် စုစည်းညီညွတ်ရန် အဓိက ခဲယဉ်းနေကြလေ၏။ အဖွဲ့ဝင်တစ်ဦး တိုးတက်လာလျှင် စုစည်းညီညွတ်မှု အင်အား တိုးလာရမည့်အစား ဝိဝါဒကွဲပြားမှုအတွက် တစ်ဦး ထပ်တိုးလာခြင်းမျိုး ဖြစ်နေတတ်သည်ကား မည်သို့မျှ မကောင်းနိုင်ပါ။

လုပ်ငန်းတစ်ခု အောင်မြင်ရေးအတွက် လူပုဂ္ဂိုလ်အင်အား, ပစ္စည်းအင်အားနှင့် ကူညီပံ့ပိုးမှုအင်အားများ စုစည်းမှုလိုအပ်သည် မှန်၏။ ထိုထက် စိတ်ဓာတ်အင်အား စုစည်းမှုသည် ပိုမိုလိုအပ်မည် ထင်၏။ လိုချင်မှု ဆန္ဒတစ်ခုတည်းနှင့် ဒီအတိုင်းထိုင်နေ၍ ဘာအကျိုးမှ ဖြစ်ထွန်းလာမည် မဟုတ်ပေ။ ဝီရိယစွမ်းအား, ဉာဏ်စွမ်းအား, အတွေ့အကြုံ ဗဟုသုတစွမ်းအား, ပတ်ဝန်းကျင်အားပေးမှု အကူအညီ စွမ်းအားများ စုစည်းမိမှသာ အကောင်အထည် ဖော်ရန် ဆန္ဒတစ်ခု ပြီးမြောက်အောင်မြင်မည် ဖြစ်ပါသည်။ မြင့်မားသည့် စိတ်၏ စွမ်းအင်တစ်ခုကို ရရှိရန်မှာ ရုပ်ဝတ္ထုပြည့်စုံရန်ထက် သာလွန်ခက်ခဲနိုင်သည်ကို ဗုဒ္ဓအဘိဓမ္မာအရ သိရှိနိုင်ပါသည်။

အောင်စေပိုင်စေ စံစားစေ

''နိုင်ငံအလုံးကို စိုးအုပ်သည်၊ ထီးနန်းကို စိုးစံသည်၊ ထီးနန်းစည်းစိမ်ကို စံစားတော်မူသည်'' စသည့် မြန်မာစကား အသုံးအနှုန်းများသည် အဓိပ္ပာယ် မကွဲပြားလှသည့် ထီးနန်းသုံး ဝေါဟာရ တစ်ခုဖြစ်ပေ၏။ လူသာမန် လူအများအနေနှင့် သုံးစွဲခြင်းဌာနတိုက်ဘဲ တိုင်းပြည်ထီးနန်းကို အုပ်ချုပ်သည့် သက်ဦးဆံပိုင် ရှင်ဘုရင်တစ်ပါးအဖို့သာ စိုးစိုးပိုင်ပိုင် သုံးနိုင်သော ဝေါဟာရများ ဖြစ်ကြ၏။ နိုင်ငံအတွင်း မရသည်ဟူ၍ မရှိ၊ မဖြစ်သည်ဟူ၍ မရှိ။ ဣသရိယ (အစိုးတရ)ဘုန်းဂုဏ် ပြည့်စုံ သူတို့နှင့်သာ ထိုက်လျော်သင့်မြတ်လှပေ၏။

သို့ပေသည့် ရှင်ဘုရင်တစ်ပါးသည် မိမိ၏ တိုင်းနိုင်ငံအတွင်း အရာအားလုံးကို စိုးမိုးစိုးအုပ်နိုင်သော်ငြားလည်း မိမိ၏ အတွင်းအဇ္ဈတ္တ စိတ်ရိုင်းကိုမူ သိမ်းပိုက်နိုင်ခြင်း မရှိဘဲ လောက ဝယ် အတက်အကျဒဏ်ကို ခံနိုင်စွမ်းရည်, ပယ်ရှားနိုင်သည့် စွမ်းရည်များ ရှိမည်မဟုတ်ပေ။ အဘယ်ကြောင့် ဆိုသော် ရှင်ဘုရင်သည် စိတ်ကို ထိန်းသိမ်းနိုင်မှုတွင် အများတကာကဲ့သို့ ပုထုဇဉ်တစ်ဦးမျှသာ ဖြစ်သောကြောင့် ဖြစ်သည်။

နယ်စပ်ဒေသမှ စစ်အောင်နိုင်၍ ပြန်လာသော ဟရာဏသီ ပြည့်ရှင် မြဟွဒတ်မင်းကြီးသည် တောတွင်း တစ်နေရာ ချောင်းကမ်း နံဘေးတွင် စခန်းချ၍ ခေါင်းဆေး မဂ်လာပြုလုပ်သည်။ ထိုအခိုက်

ချောင်းကမ်းတစ်နေရာမှ ''**ဒီတံ မေ** – ငါ အောင်ပြီ၊ **ဒီတံ မေ**– ငါ အောင်မြင်ပြီ'' ဟူ၍ အောင်မြင်ပြတ်သားသော အသံဖြင့် လူတစ်ဦး၏ ကြွေးကြော်သံကို ကြားလိုက်ရလေ၏။ ထိုအသံကို ကြားလိုက်ရသော ဘုရင်ကြီးသည် ''ငါကဲ့သို့သော စစ်အောင်နိုင်သူ ဘုရင်က အောင်ပြီ မကြွေးကြော်ရဘဲ အဘယ်သူက ကြွေးကြော်လေဘိသနည်း''ဟု ရာဇမာန်ဖြင့် မနာလိုစိတ်ကိုပင် ဖြစ်ပေါ်မိစေ၏။

မင်းချင်းစစ်သူများက လိုက်လံရှာဖွေ၍ ခေါ်ဆောင်လာခဲ့ကြရာ ''**ဒီတံ မေ**– ငါ အောင်ပြီ'' ဟု ကြွေးကြော်သူမှာ သူဆင်းရဲတစ်ဦး ဖြစ်နေသည်ကို တွေ့ရ၏။ သူဆင်းရဲသည် စိုက်ခင်းများတွင် အင်္ဂါးလိုက် ပေါက်တူးပေါက်၍ အသက်မွေးဝမ်းကြောင်းပြုသူ တစ်ဦး ဖြစ်သည်။ အလုပ်ပင်ပန်း၍ ငြီးငွေ့လာလျှင် ပေါက်တူးနှင့်ခြင်းတောင်းကို ခြုံကွယ်တစ်ခုတွင် ဝှက်ခဲ့ကာ ကျောင်းသို့ သွားရောက်ပြီး ရဟန်းဝတ်သည်။ သက်နှမ်းဝတ်နှင့် ရဟန်းကျင့်ဝတ်များ မကျင့်နိုင်ဖြစ်လာလျှင် ရဟန်းဘဝမှ ထွက်၍ ပေါက်တူး, ခြင်းတောင်းကို ယူကာ ပေါက်တူးပေါက် စားပြန်သည်။ ဤလိုနှင့် သူဆင်းရဲသည် ရဟန်းဝတ်လိုက်, လူထွက်လိုက် ဘဝကို မအောင်မမြင်တည်ဆောက်ခဲ့သည်မှာ (၆)ကြိမ်တိုင်ခဲ့သည်။

ယခုတစ်ကြိမ်မူ လူပြန်မထွက်တော့စတမ်း ရဟန်းဘဝကို အပြီးအပြတ် ခံယူတော့မည်ဟု သံမဏိ သန္ဓိဌာန်ချ နိုင်ခဲ့ပြီ ဖြစ်သည်။ သက်မွေးဝမ်းကြောင်း ပစ္စည်းအပေါ် သံယောဇဉ်စိတ် မကုန်ဘဲ ဖြစ်နေမည်စိုး၍ ပေါက်တူးနှင့် ခြင်းတောင်းကို ချောင်းလယ်အရောက် နောက်ပြန်ပစ်ခဲ့ပြီး ရေပွက်သည်ကိုမျှ ပြန်လှည့်မကြည့်ဘဲ နေရာမှ ပြေးထွက်ခဲ့ရင်း ''ဖိတ် မေ– ငါ အောင်ပြီ'' ဟု နှုတ်မှ လွတ်လွတ်ကျွတ်ကျွတ် ကြွေးကြော်ခဲ့ခြင်း ဖြစ်သည်။ ရဟန်းဝတ်ရန်အတွက် ရဟန်းတော်များရှိရာ ကျောင်းသခ်ိမ်းသို့ ပြေးသွားနေဆဲ မင်းချင်းစစ်သည်များ လာရောက် ခေါ်ဆောင်ရာသို့ ပါရှိလာခြင်း ဖြစ်ပေ၏။

သူ့ဆင်းရဲထံမှ အကြောင်းစုံ သိရှိပြီးသော ဗြဟ္မဒတ် မင်းကြီးအား အသိဉာဏ်တစ်ခု ရရှိစေခဲ့၏။ မင်းကြီး၏ တိုင်းစွန်ပြည်နား ပုန်ကန်ခြားနား သူများကို အောင်နိုင်ခြင်းသည် လောကီအောင်နိုင်မှုသာ ဖြစ်၏။ ခိုင်မြဲသော အောင်နိုင်မှုမျိုး မဟုတ်ချေ။ တစ်နေ့တစ်ချိန်တွင် သူ့ပုန်များ ပြန်လည် အားကောင်းပြီး ပုန်ကန်ခြားနားလာလျှင် ပြန်လည် နှိမ်နင်း ရနိုင်သေး၏။

သူ့ဆင်းရဲ၏ သက်မွေးဝမ်းကြောင်း ပစ္စည်းဖြစ်သည့် ပေါက်တူးနှင့်ခြင်းတောင်းသည် ဘာမျှတန်ဖိုးရှိသည် မဟုတ်။ သို့သော် သူ့ဆင်းရဲအဖို့ ပစ္စည်းဥစ္စာအဲပေါ် ကိလေသာ သံယောဇဉ်

အတွယ်အနှောင်ကို ဖြတ်တောက်နိုင်သည့် အောင်နိုင်မှုမှာ စိတ်ပိုင်းကို ထိန်းသိမ်းအောင်နိုင်မှု ဖြစ်၏။ လောကုတ္တရာ အောင်နိုင်မှု၏ လမ်းစဖြစ်သဖြင့် ဘယ်တော့မှ မရှုံးနိမ့်နိုင်သော အောင်မြင်မှု ဖြစ်၏။ မြင့်မြတ်သော အောင်နိုင်မှုပင် ဖြစ်ပေ၏။

စာဖတ်သူနှင့်ညှိနှိုင်းမိခြင်း

စာရေးသူတို့ မြန်မာဗုဒ္ဓဘာသာလူမျိုးသည် ကံ, ဉာဏ်, ဝိရိယ အရင်းတည်၍ စိတ်နေစိတ်ထား ရိုးသားမှုကို လေးစားမြတ်နိုးကြ၏။ စိတ်ဖြူစင် ရိုးသားသူသာ ဘဝအောင်မြင်သူ အဖြစ် သတ်မှတ်ခံရခြင်းကို ဂုဏ်ယူကြ၏။ အရှက်တရားနှင့် အကြောက်တရား အရင်းခံထားကြသည့်အလျောက် သူမိုက်တစ်ရာ ချီးမွမ်းခံရခြင်းထက် သူတော်ကောင်းတစ်ယောက် ကဲ့ရဲ့မှာကို ကြောက်ကြ၏။ မိသားစု, ဆွေမျိုး မိတ်သင်္ဂဟနှင့် အရပ်ဒေသကို ခင်တွယ်တတ်ကြပြီး ပျော်ရွှင်ရောင့်ရဲစွာ နေထိုင်တတ်ခြင်းမှာ မြန်မာလူမျိုးတို့၏ စရိုက်တစ်ခုဖြစ်၍ နေ၏။ စင်စစ် စိတ်ပိုင်းဆိုင်ရာကို ပဓာနထားသည့် ဗုဒ္ဓဘာသာ လူနေမှုဘဝ၏ အနှစ်သာရများကို တစ်နည်းတစ်ဖုံ ဖော်ပြခြင်းပင် ဖြစ်၏။

ပုထုဇဉ် လောကီသားများဖြစ်၍မူ လောကဝံတရားနှင့် ပကင်းပေ။ လောကဝံတရားရှစ်ပါးနှင့် ထိတွေ့လာလျှင် ဘဝ၏ အမြင့်, အနိမ့်၊ အတက်,အကျဒဏ်ကို မခံစားနိုင်ကြချင်း အတူတူ စိတ်ပိုင်းဆိုင်ရာ အလေးထားသူများ ဖြစ်၍ မြန်မာလူမျိုးတို့က

အခြားလူမျိုးတို့ထက် ပိုသာမည် ထင်ပါသည်။ ပျော်ရွှင်ကြည်နူး စရာနှင့် ကြံ့တွေ့လျှင် လက်ရှိဘဝ အခြေအနေကို မေ့ပစ်မြဲ မေ့ပစ်တတ်ကြ၏။ မတော်မတရား မကျေနပ်စရာနှင့် ကြုံတွေ့ပြီ ဆိုလျှင် ခံပြင်းစိတ်က ဟုန်းကနဲ ထတတ်ကြ၏။ စိတ်ထိခိုက် ဝမ်းနည်းစရာကိုကား မိမိကိုယ်တိုင် တွေ့ကြုံခံစားခြင်းကို မဆိုထားနှင့်၊ အလွမ်းအဆွေး ဇာတ်လမ်းကို မျက်ရည်လည်ရွဲ ပိုမို နှစ်ခြိုက်တတ်ကြခြင်းက သက်သေဖြစ်၏။

ဗုဒ္ဓဓမ္မများတွင် ရဟန်းတို့အား သတိနှင့် ကင်းလွတ် မနေဖို့ရာ နေရာတိုင်းမှာလိုပင် ဟောပြထား၏။ ဘုရားရှင် ပရိနိဗ္ဗာန်ဝင်စံခါနီး နောက်ဆုံးစကားတော်သည်ပင် မမေ့ မလျော့ သတိတရားနှင့် နေရစ်ကြဖို့ နောက်ဆုံး မှာကြား တော်မူခဲ့၏။ သတိရှိမှ ဉာဏ်တွင် ဆင်ခြင်နိုင်မည်ဖြစ်ပြီး မိမိ စိတ်ကို ထိန်းသိမ်းဆောက်တည်နိုင်မည် ဖြစ်ပေသည်။

ဗုဒ္ဓအဆုံးအမ တရားတော်များကို ရဟန်းသံဃာတော် များအထံမှလည်းကောင်း၊ မိဘ, ဆရာသမားများအထံမှ လည်းကောင်း၊ စာအုပ်စာပေ ဖတ်ရှုမှုမှလည်းကောင်း ဆည်းပူး မိသူနှင့် မဆည်းပူးမိသူတို့နှစ်ဦး စိတ်ကို ဆောက်တည်နိုင်ရာတွင် ကွာခြားကြ၏။ ဗုဒ္ဓအဆုံးအမများကို ဆည်းပူးမိသူက သီလ, သမာဓိ, ပညာ ဟူသည့် သိက္ခာသုံးရပ်တို့ မြင့်မားအားကောင်း နေသဖြင့် မိမိကိုယ်ကို ပိုမို ဆောက်တည်နိုင်ပေမည်။

ဗုဒ္ဓအဆုံးအမ တရားတော်များသည် မဂ်ဉာဏ်, ဖိုလ်ဉာဏ် ရရှိဖို့ရန် လောကုတ္တရာကို ပန်းတိုင် ဦးတည်ထားကြပါ၏။ သို့ပါသော်လည်း ထိုမျှသာမက ပစ္စက္ခနှင့် သံသရာ လောကီဘဝများအတွက်လည်း စိတ်တည်ငြိမ်မှုကို ဆောက်တည်ပေးနိုင်သဖြင့် လက်ရှိဘဝမှာပင် အကျိုးကြီးမားလှပါသည်။ ဘဝ၌ မလွဲမသွေ တွေ့ကြုံရင်ဆိုင်ရနိုင်သည့် လောကဝံ အမြင့်, အနိမ့်, အတက်, အကျများကို သတိတရားဖြင့် ဆင်ဆင်ခြင်ခြင် ထိန်းသိမ်းနိုင်လျှင် ဘဝ၏ မငြိမ်းချမ်းမှုအမျိုးမျိုးကို ကျော်လွှားအောင်မြင်နိုင်မည် မုချကေန် ဖြစ်ပါသည်။

စာရေးသူ၏ ဘဝအတွေ့အကြုံတွင် ဆရာတော် သံဃာတော်များ၊ ဆရာသမား မိဘများထံမှ နာယူမှတ်သားခဲ့ခြင်း၊ စာအုပ်စာပေများမှ ဖတ်ရှုမှတ်သားခဲ့ခြင်းနှင့် နေ့စဉ်ဘဝမြင်တွေ့ကြားသိရသော အဖြစ်အပျက်များကို ဆင်ခြင်သုံးသပ်မိခြင်းများ ပေါင်းစပ်၍ ဤစာအုပ်ကို ရေးသားပြုစုခြင်း ဖြစ်ပါသည်။ စိတ်ရိုင်း, စိတ်လေ, စိတ်မျောတို့ကြောင့် အောင်ပြင်မှု ယမ်းလွဲနေသော တည်ဆောက်မှုများကို စေ့စပ်စူးစိုက်စွာ စိစဉ်စုစည်းအားဖြင့် ဘဝကို ထိန်းသိမ်းဆောက်တည်မိစေဖို့ သတိပြုမိကြစေရန် ရည်ရွယ်တင်ပြခြင်း ဖြစ်ပါသည်။

ယေရှယ်စဉ်က စ၍ စာရေးသူ ဖတ်ရှုမှတ်သားခဲ့သော စာကဗျာများတွင် ရသသဘော သက်ဝင်စွာ စွဲစွဲပိုက်ပိုက် မှတ်သားမှုများမှာ ယနေ့တိုင် မမေ့ပြယ်နိုင်သော အကြောင်းရပ်များ ဖြစ်နေသည်ဟု ခံစားမိပါသည်။ ယင်းခံစားမှုအခြေခံဖြင့် ဘဝဒဿန ရသရောစုသည့် စာပေပုံသဏ္ဌာန်မျိုးဖြင့် တင်ပြရန် ကြိုးစားထားခြင်းဖြစ်၍ စာဖတ်သူများ နှစ်ခြိုက်နိုင်ပါစေဟု ဆန္ဒပြုအပ်ပါသတည်း။



စိတ်စွမ်းအင် မြင့်မားရေး
သို့မဟုတ်
သရဏာဂုံ

ဦးသုမင်္ဂလသည် ဓမ္မာစရိယ ပုဂ္ဂိုလ်တစ်ပါးဖြစ်၏။

ဓမ္မာစရိယဘွဲ့မှာ ဗုဒ္ဓဘာသာ ရဟန်းသံဃာလောက၏ ပရိယတ္တိဆိုင်ရာ ဘွဲ့တစ်ခုဖြစ်ပြီး မြန်မာလို စာချ (ဆရာ) ဘွဲ့ဟုလည်း ခေါ်ကြ၏။ မြို့စာသင်တိုက်တွင် စာချတန်းအောင်၍ ဓမ္မာစရိယဘွဲ့ ရပြီးသော် ပညာရည်နှင့် လုပ်ဆောင်မှု ကြည့်ကာ စာသင်တိုက်၏ ဂဏာဝါစက စာချခန့်ထား တာဝန်ပေးခံရသဖြင့် ဦးသုမင်္ဂလမှာ ဇာတိရွာသို့ မပြန်နိုင်ဘဲ စာသင်တိုက်တွင် စာချနေရလေသည်။

ဇာတိရွာတွင် ငယ်ဆရာတော်နှင့် ခမည်းတော်, မယ်တော်တို့ရှိနေရာ နွေရာသီ စာမေးပွဲများပြီးမှ စာသင်တိုက်

ဆရာတော်အား ခွင့်ပန်၍ ရွာသို့ အလည်အပတ်ပြန်ရ၏။ စာချစာသင်ခြင်းမှအပ အခြားဗာဟီရ မများလှသော ရဟန်းတော်တစ်ပါးအဖို့လည်း သည်တစ်ခေါက်မျှနှင့် လုံလောက်ပါသည်။ ရွာတွင် အရက် ၂၀-ခန့်နေပြီး မိဘဆွေမျိုးများ အိမ်ပေါက်စေ့ကပ်သော ဆွမ်းကို အိမ်စေ့အောင် ကြွမစားနိုင်ဘဲ မြို့စာသင်တိုက်သို့ ပြန်ကြွခဲ့ရသည်ချည်းဖြစ်၏။

ယခုတစ်ခေါက် ရွာအပြန်တွင် ဦးသုမင်္ဂလအဖို့ အဖြစ်ဆန်း အတော်များများနှင့် ကြုံတွေ့ခဲ့ရသည်ဟု ဆိုရမလား မသိ။ အဖြစ်ဆန်းကြီးများဟု မခေါ်သာသည့်တိုင် ခပ်ဆန်းဆန်း အဖြစ်ကလေးများမို့ စိတ်ဝင်စားဖွယ်လည်း ကောင်းလှ၏။

ရွာသို့အပြန်ခရီး မီးရထားပေါ်မှာ ဖြစ်၏။

ဦးသုမင်္ဂလ၏ ဇာတိရွာသို့ ရောက်ရန်မှာ မီးရထားခရီးစဉ်တစ်ခုသာ ရှိ၏။ မီးရထားမှာလည်း တောရထားဖြစ်သည့်အလျောက် အထက်တန်းတွဲတွေ ဘာတွေ မရှိ။ ထုံးစံအတိုင်း ပြွတ်သိပ်ကြပ်ညပ်နေသော ခရီးသည်များ အကြားတွင် ဘုန်းကြီးရဟန်းမို့ နေရာပေးလှူကြသဖြင့် အားနာနာနှင့် ထိုင်၍ လိုက်ပါခဲ့ရ၏။ ထုံးစံအတိုင်း မီးရထား

တွဲထဲ၌ ငါပြီးသူ သူပြီးငါ အလုအယက် ကြော်ငြာ ရောင်းချ နေသော စျေးသည်များမှာ တစ်ဦးပြီးတစ်ဦး မကုန်နိုင်အောင် ဖြစ်နေသည်။

ဦးသုမင်္ဂလသည် ရထားတွဲပေါ်သို့ တစ်ဦးပြီးတစ်ဦး တက်တက်လာကြသော စျေးသည်များထဲတွင် ကြွက်နို့သတ်ဆေး ရောင်းသူကို သတိထားကြည့်မိရာ ထိုဆေးရောင်းသမား ကိုယ်တော်ချောမှာ ပျောက်ချက်သား ကောင်းလှ၏။ ခါတိုင်း ခရီးစဉ်တွင် ကြွက်နို့သတ်ဆေးရောင်းသူက လက်တွေ့ပါ ကုသပေးသဖြင့် ထိုသူ ရောင်းချလျှင် ခရီးသည်များ စိတ်ဝင်စား ကြလေသည်။

ဦးသုမင်္ဂလ၏ ညာခြေဖမိုးတွင် ကြွက်နို့ အသမာတစ်လုံး ပေါက်နေ၏။ ဖိနပ်သဲကြိုး တည့်တည့်ကျနေသဖြင့် ခရီးသွား များပြီး ပွတ်တိုက်မှု လွန်ကဲလျှင် သွေးစို့ကာ နာတတ်၏။ ထို့ကြောင့် ကြွက်နို့ကို ရထားပေါ် ခရီးကြုံ သတ်သွားချင်၍ ကြွက်နို့သတ်ဆေး ရောင်းသူအား မျှော်မိခြင်းဖြစ်သည်။

ဦးသုမင်္ဂလရှေ့ခုံပ ခရီးသွားရင်း မိတ်ဖြစ်ဆွေဖြစ် ဒါယကာကြီးနှင့် ကြွက်နို့သတ်ဆေးအကြောင်း စကားစပ်မိရာ ဒါယကာကြီးက လျှောက်၏ –

''ကြွက်နို့သတ်သမား မလာလဲ မပူပါနဲ့ဘုရား။ အရှင်ဘုရားကို ကြွက်နို့သတ်ဆေးနည်း လှုံ့လိုက်မယ်ဘုရား။ ဆေးနည်းကလည်း ဘာမှ ပခဲယဉ်းပါဘူး။ အိမ်တစ်အိမ်မှာ ရှိနိုင်တဲ့ ကြောင်တစ်ကောင်နဲ့ ချုပ်အပ်တစ်ချောင်း ရှိရင်ပြီးပါတယ်။ အရှင်ဘုရားတို့အတွက်လဲ ဝိနည်းနဲ့ငြိစွန်းစရာ ဘာမှမပါဘူး။ ကြွက်နို့ကို လက်မနဲ့လက်ခလယ် လက်သည်းထိပ်နှစ်ဖက်နဲ့ ကြွက်နို့အောက်ခြေမှ ညှပ်ပြီး ဆိတ်ပေးရတယ်။ အစုအလုံးကလေး ကြွတက်လာအောင် လုပ်ပြီး ကြွက်နို့အရင်းမှ အပ်နဲ့ ထုတ်ချင်းပေါက်အောင် ဖောက်လိုက်ရတယ်ဘုရား။ ကြောင်ဆီက ဖြတ်ထားထဲ့ ကြောင်နှုတ်ခမ်းမွှေးလေးတစ်ပင်ကို ကြွက်နို့အရင်းက ဖောက်ထားတဲ့ အပေါက်ထဲ ထိုးထည့်လိုက်ပြီး ထွက်နေတဲ့ နှစ်ဖက်အစွန်းကို ကတ်ကြေးအသေးစားလေးနဲ့ ညှပ်ပစ်လိုက်ဘုရား။ ကြွက်နို့အရင်းမှ ကြောင်နှုတ်ခမ်းမွှေး ဖောက်လျှိုထားတဲ့ သဘောပေါ့ဘုရား။ ဒီအတိုင်းပဲ မေ့သာထားလိုက်။ ၄-၅ ရက်ကြာတဲ့အခါ ကြွက်နို့ဟာ အောက်ကအမြစ်ပါ ကျွတ်ပြီး အလိုလို ကွာကျသွားလိမ့်မယ်ဘုရား။''

''ဒကာကြီး ဆေးကလဲ လွယ်လွယ်လုချေကလား''

''မှန်ပါ။ လွယ်လွန်းလို့ ခက်နေတာပေါ့။ လူတွေမှာက လွယ်ရင် တန်ဖိုးမထားကြဘူး။ ကြွက်ကိုနိုင်တာ ကြောင်မဟုတ်လားဘုရား၊ ဒါကြောင့် ကြောင်နှုတ်ခမ်းမွေးက ကြွက်နို့ကို နိုင်တာပေါ့ဘုရား''

ဒကာကြီး၏ စကားမှာ အနည်းငယ် ယုတ္တိတန်သလို ရှိသဖြင့် ဦးသုမင်္ဂလ ခေါင်းတညိတ်ညိတ် ပြုမိ၏။

''ကဲ – ကြွက်နို့က တစ်**လုံးတည်**း မဟုတ်ဘဲ နှစ်လုံး သုံးလုံး ဖြစ်နေရင်ကော။ တစ်ချို့ဆိုရင် မြင်လို့မကောင်းအောင် မွှေနေတာ''

''ဒါလဲ လွယ်ပါတယ်ဘုရား။ ဦးဦးဆုံးပေါက်တဲ့ ကြွက်နို့ အမကို သိရင် အဲဒီအမကို သတ်လိုက်တာနဲ့ ကျန်တာတွေ အားလုံး သူ့အလိုလို ပျောက်သွားလိမ့်မယ်ဘုရား။ တကယ်လို့ ကြွက်နို့အမကို မသိရင် ဒါမှမဟုတ် ကြွက်နို့တွေက မြင်မကောင်းအောင် များနေရင်လဲ ရတယ်။ ကြွက်နို့တွေရှိတဲ့အပေါ် သားစိမ်း, ငါးစိမ်း အဖတ်ကလေးတွေ သုတ်ထားပြီး ကြောင်ကို လျှာနဲ့ အလျှက်ခိုင်းလိုက် နှစ်ရက်, သုံးရက် ၃–၄ ခါ လုပ်ပေးပြီးရင် ကြွက်နို့တွေ ခြောက်ပြီး ကွာကျကုန်လိမ့်မယ်ဘုရား''

မီးရထားစီး ခရီးဖေါ် ဒါယကာကြီးပေးသည့် ကြွက်နို့သတ်ဆေးနည်းမှာ အမယ်လည်းမများ ခက်ခဲမှုလည်း မရှိသဖြင့် ဦးသုမင်္ဂလသည် ခေါင်းထဲမှာပဲ မှတ်ထားလိုက်သည်။

ဇာတိရွာသို့ ရောက်ရှိသောအခါ ဦးသုမင်္ဂလသည် ထို ဒါယကာကြီးပေးသော ဆေးနည်းကို အမှတ်ရ၍ မယုံတယုံနှင့် သူ့ဆေးနည်းအတိုင်း ခြေဖမိုးပေါ်မှ ကြွက်နို့ကို သတ်ကြည့်၏။ ကြွက်နို့အခြေမှ အပေါက်ဖောက်၍ ကြောင်နှုတ်ခမ်းမွေးတစ်ပင် ထိုးထည့်ထားခဲ့သည်။ အမှတ်တမဲ့ နေခဲ့ရာ ၄-ရက်ခန့် ရှိ၍ ကြည့်မိသောအခါမှ ဘယ်အချိန်က ကွာကျသွားမှန်းပင် မသိဘဲ အုံ့ဩဖွယ်ရာ ပျောက်ကင်းနေသည်ကို တွေ့ရှိရပေသည်။ ကြွက်ကို ကြောင်နိုင်သကဲ့သို့ ကြွက်နို့ကို ကြောင်နှုတ်ခမ်းမွေးက နိုင်သည်၊ မနိုင်သည်တော့ တတ်အပ်မပြောနိုင်။ ခြေဖမိုးပေါ်မှ ကြွက်နို့သည်မူ အမှန်တကယ် ပျောက်ကင်းခဲ့သဖြင့် ဦးသုမင်္ဂလသည် မြန်မာ့ရိုးရာပွဲတွေ့ ကြွက်နို့ပျောက်ဆေးပြိုးတိုတစ်လက်ဟု မှတ်စုစာအုပ်တွင် ရေးမှတ်ထားခဲ့လေ၏။

ရွာရောက်၍ ၁၀-ရက်ခန့်ရှိသောအခါ ခပ်ဆန်းဆန်း အဖြစ်တစ်ခုနှင့် မထင်မှတ်ဘဲ ကြုံတွေ့ရပြန်၏။

တစ်နေ့ နေ့လယ်တွင် နေ့ဆွမ်းစားပြီး နွေအပူဒဏ်ကို ခိုရင်း ဦးသုမင်္ဂလသည် ကျောင်းမကြီးအောက် ကွပ်ပစ်ပေါ်တွင် တရေးတမော မှေးနေမိ၏။ သိပ်မကြာလိုက်။ ၁၂-နာရီ ထိုးစည်ခေါက်သံကြားပြီး မကြာမီ ဘုန်းကြီးကျောင်းသား လေးများ ပြေးသံလွှားသံများနှင့် တစ်ခုခုကို ရိုက်သံပုတ်သံ များကြောင့် အိပ်ရာမှ နိုးလာရ၏။ ကျောင်းသားများ၏အသံက ပိုမိုကျယ်လောင်လာပြီး သဘောကျ ရယ်မောသံများလည်း ပါရှိသဖြင့် ဦးသုမင်္ဂလသည် အိပ်ရာမှ ထ၍ ကွပ်ပစ်မှ ဆင်းပြီး ကျောင်းသားလေးများရှိရာသို့ လာခဲ့သည်။ ကျောင်းသားလေး များသည် မြွေကောင်ငယ်များကို တွေ့သမျှ တစ်ကောင်ပြီး တစ်ကောင် သတ်၍ ကျောင်းတိုင်ခြေတွင် စုပုံထားရာ ယက္ကန်းကြီး မြွေအသေကောင်များ ၆-ကောင်ခန့် တွေ့ရလေသည်။ တော စပ်မှ တစ်ကောင်ထွက်လာလိုက် ပြေးရိုက်သတ်ပြီး ယူ လာလိုက် လုပ်နေကြသည်ကို တွေ့ရ၏။ မြွေအကောင်ကြီးများ ထွက်လာပါက ကျောင်းသားလေးများအတွက် အန္တရာယ်များလှ လေသည်။

"ဟဲ့ ... မောင်ကျောင်းသားတွေ မြွေပေါက်ကလေးတွေ လိုက်ဖမ်းသတ်နေလိုက်ကြတာ၊ မြွေကြီးကြီး ထွက်လာပြီး ကိုက်မှ ဒုက္ခရောက်ကုန်မယ်။ သူများအသက် မသတ်ရဘူး။

ဆရာတော် သိရင်လဲ အားလုံး ကြိမ်စာမိကုန်မယ်။ မလုပ်ကြနဲ့။ လာကြလာကြ''

ကျောင်းသားလေးများ လန့်သွားကြပြီး ဦးသုမင်္ဂလ အနီးသို့ စုရုံးရောက်ရှိလာကြ၏။ ခပ်ကြီးကြီး ကျောင်းသား တစ်ယောက်က ဦးသုမင်္ဂလအား လျှောက်သည်။

''စောစော ဆွမ်းခံပြန်လာတုန်းက မြွေတစ်ကောင် မိတာ မသတ်သေးဘဲ ၁၂-နာရီတိတိမှာ ဒီနား ယူလာပြီး သတ်လိုက်တာ။ တောထဲမှာ ရှိသမျှမြွေတွေ အသုဘပို့ထွက်လာကြတာ။ အဲဒါ ဝိုင်းရှိုက်နေကြတာ ဘုရား။ မြွေကို မွန်းတည့် ၁၂-နာရီတိတိမှာ သတ်လိုက်ရင် ဒီလိုဘဲ မြွေတွေ ဟိုကဒီက ထွက်ထွက်လာတယ် ဘုရား၊ ဟိုမှာ နှစ်ကောင်တောင် နှစ်ကောင်''

ထိုကျောင်းသား ပြောရင်း လက်ညှိုးညွှန်ရာသို့ ဦးသုမင်္ဂလ ကြည့်လိုက်ရာ တောစပ်တစ်နေရာတွင် ယက္ခန်းကြီး မြွေ နှစ်ကောင်မှာ ဟိုကြည့်သည်ကြည့်နှင့် လုပ်ပြီး တောစပ်တွင်း ပြန်ဝင်သွား၏။

''မြွေကို မွန်းတည့်မှာ သတ်မှ လာသလား''

''မှန်ပါ့ဘုရား၊ မွန်းတည့် ၁၂-နာရီ သတ်မှ လာကြတာ ဘုရား၊ ကျန်တဲ့အချိန်သတ်လို့ မြွေတစ်ကောင်မှ မလာဘူး။

လာတာတွေ့လဲ ဒီအနီးအနား ရစ်ဝဲဝဲ လုပ်တာမျိုးမဟုတ်ဘူး။ လူမြင်တာနဲ့ သာမန်အချိန်မှာလိုပဲ လွတ်ရာ ထွက်ပြေးရော''

ဦးသုမင်္ဂလသည် သည်အကြောင်း မကြားဖူးရှာ အံ့သြနေမိ၏။ ကျောင်းသားများမှာ အလျင်မကလည်း ဤသို့ ပြုဖူးရှိုးနေပုံရ၏။ တိုက်ဆိုင်မှုတွင် အယူအဆလွဲမှားပြီး အကြွားသန်သည်ဟု ပြောရအောင်မကလည်း ယခုပင် ဦးသုမင်္ဂလ ကိုယ်တိုင် လက်တွေ့မျက်တွေ့ဖြစ်၍ နေ၏။

ဦးသုမင်္ဂလသည် ကျောင်းသားလေးများအား သူတစ်ပါး အသက်မသတ်ကြဖို့နှင့် ပါဏာတိပါတ အကုသိုလ်ကံ၏ အပြစ်များကို ပြောရင်း သတ္တဝါတို့၏ ကံကြမ္မာနှင့် နက္ခတ်တို့၏ ဆက်နွယ်မှုကို ဆက်စပ်လျက် တွေးနေမိခဲ့ပေ၏။

ခါတိုင်းနှစ်များက ဆရာသမား မိဘဆွေမျိုးများကို ခွဲခွာ၍ မြို့စာသင်တိုက်သို့ ဦးသုမင်္ဂလ ပြန်ပြီဆိုလျှင် ပုထုဇဉ်တို့၏ ဂေဟသိတပေမ သံယောဇဉ် အင္ဂေ့အသက်များဖြင့် အပြန်ခရီးတစ်လျှောက် စိတ်ထဲ ခပ်လေးလေးကဲ့သို့ ခံစားလျက် ပြန်ခဲ့ရ၏။ ယခုတစ်ခေါက်မူ ထိုသို့မဟုတ်၊ ဆရာသမား မိဘဆွေမျိုးများ အနှောင်အဖွဲ့ အဆွဲအငင်များ ဝင်မလာဘဲ ထူးဆန်းတွေလာ အကြောင်းရင်းများအပေါ် အဖြေရှာလိုသည့် အတွေးစများက ဦးသုမင်္ဂလ ရင်ထဲ စိုးမိုးပါလာခဲ့၏။

စိတ်ပိုင်းဆိုင်ရာ ချွတ်ယွင်းသူများကို စိတ်ဝေဒနာရှင်ဟု ခေါ်ကြ၏။ ထိုသူများအား စိတ်ပိုင်း မချွတ်မယွင်းသူများနှင့် နံရံကန့်ခြား၍ ထားသောနေရာ အဝန်းအပိုင်းတစ်ခုကို ပထမတွင် အရူးထောင်ဟူ လူတို့က ခေါ်ခဲ့ကြ၏။ နောက်ပိုင်းတွင် ယင်းအခေါ် အဝေါ်မှာ လူသားနှင့် ဆက်စပ်သူ၏ ဂုဏ်သိက္ခာကို ညှိုးနွမ်း သယောင် ရှိသည်ဟု တွေးဆကာ စိတ်ကြောင့်ရောဂါဖြစ်ခြင်း အဘိဓမ္မာ ပါဠိစကားကို ယူ၍ စိတ္တဇရောဂါဟု အမည်သညာ ပြုခဲ့ကြ၏။ ကြာလာသောအခါ ထိုစိတ္တဇရောဂါဟူသော အခေါ်အဝေါ်ကိုပင် မကြိုက်တော့ဘဲ စိတ်ရောဂါအထူးကုဆေးရုံဟု အမည်ပြောင်း၍ ခေါ်ခဲ့ကြပါသည်။

စိတ်ရောဂါဝေဒနာနှင့် ပတ်သက်သော ဤနာမည်ပြောင်းလဲ ခေါ်ဝေါ်ကြမှု ဖြစ်စဉ်ကို ကြည့်လျှင် အကျိုးအမြတ် တစ်စုံတစ်ရာကို တွေ့ရှိနိုင်၏။ အရူးထောင်ဟူသော အခေါ်ကြောင့် အုတ်နံရံ လေးဖက်နှင့် ကျဉ်းကြပ်သည့် အဝိပ္ပာယ်ကြီး ပါရှိနေရာ ဝေဒနာ ရှင်ရော လူနာ၏ ဆွေမျိုးမိတ်သင်္ဂဟများရော လက်ရှောင်ချင် စရာကြီး ဖြစ်ကာ မသွားမလာအပ်သော ဌာနတစ်ခုအဖြစ်သို့ ရောက်ရှိစေ၏။ စိတ္တဇရောဂါ ဘိုးပြန်တော့လည်း အချစ်ရူး, မြာရူး, လင်တရူး စုသည့်သဘောမျိုး ပါနေပြီး လူ့သိက္ခာအား ငြိစွန်းနေသေးသဖြင့် နှစ်သက်ကြမည် မဟုတ်ပေ။ စိတ်ရောဂါ

အထူးကုဆေးရုံ ဆိုသောအခါတွင်မှ ရောဂါရှိသူ ဝေဒနာရှင်တို့အား ဆေးကုသ အကူအညီပေးသည့် ဌာနအဖြစ် အဓိပ္ပာယ်သက် ရောက်လျက် ဆေးရုံကိုလည်း ကယ်တင်ရာ ဌာနကြီးဖြစ်စေကာ အားကိုးသမှု ပြုချင်စိတ်ကို ဖြစ်ပေါ်စေနိုင်ပေ၏။

တိုင်းရင်းရိုးရာဟု ခေါ်ရမည်ဖြစ်သော စိတ်ပညာ အပိုင်းအစများသည် မြန်မာတို့ လူဘောင်အဖွဲ့အစည်းအတွင်း ပျံ့နှံ့၍ ရှိခဲ့ပေ၏။ ကလေးငယ် လဲကျ ထိခိုက်နာကျင်သွား သည်ကို မအေလုပ်သူက တစ်ဖက်က ကလေးအား ထိခိုက်သော နေရာကို ဖနောင့်နှင့် ဆောင့်၍ တန်ပြန်ဟန်ပြပြီး တစ်ဖက်မှ ကလေးငယ်၏ ထိခိုက်နာကျင်ရာကို အုံ့ဖွမန်းမှုတ်ကာ နို့တိုက် ပေးလိုက်ခြင်းအားဖြင့် ကလေးငယ်၏ ဝေဒနာနာကျင်မှုကို ယာယီအားဖြင့် သက်သာပျောက်ကင်းစေနိုင်ပေ၏။

ငြုပ်သီးနှင့်ကြက်သွန်ကို ငြုပ်ဆုံထဲ ထည့်၍ ထောင်း လိုက်စဉ် ငြုပ်ကျည်ပွေ့အရှိန်ဖြင့် စင်တက်လာသော အစ အနက ထောင်းသူ၏ မျက်စိထဲ တန်းတန်းမတ်မတ် ဝင်သွား တတ်၏။ ထိုသို့ဖြစ်၍ မျက်စိစပ်လာပါက ရေရှိရာသို့ ပြေး၍ ညာဖက်မျက်စိထဲ ဝင်သွားခြင်း ဖြစ်လျှင် ဘယ်ဖက်ခြေမ ကိုလည်းကောင်း၊ ဘယ်ဖက်မျက်စိထဲ ဝင်ခြင်းသွားဖြစ်လျှင် ညာဖက်ခြေမကိုလည်းကောင်း ရေလောင်းပေးလိုက်ပါက မျက်စိထဲမှ ပူစပ်သောဝေဒနာမှာ ရုတ်ချည်းဆိုသလို ပျောက်ကင်း သွားတတ်၏။

အိမ်ခန်းမှောင်မှောင်ထဲရှိ အဝတ်အစားပုံအနီး သွားစဉ် ကင်းမလက်မဲ (ကင်းပြီးကောက်)က ခြေဖမိုးကို ကိုက်လွှတ်လိုက်၍ ခဏချင်း မချိမဆန့် အသိပ်တက် နာကျင်နေစဉ် မိဘလူကြီး များက ကြေးဖလားကြီး အနီးယူလာပြီး တနောင်နောင် တီးခတ်ရာမှ ကင်းဆိပ်တက်ဝေနာ လျော့ပါးသွားတတ် သည်လည်း ရှိလေသည်။ အရက်သေစာသောက်မှသာ ရဲဆေး ရနိုင်သည်မဟုတ်။ ညဖက် ရည်းစားနှင့် ချိန်းဆိုထားသည့် အိမ်ခြံဝင်းအတွင်းသို့ ဝင်ရာတွင် ခွေးမဟောင်စေရန် လက်မကို ဝှက်၍ လက်သီးဆုပ် ရဲဆေးတင်ကာ အောင်အောင်မြင်မြင် ဝင်ရောက်နိုင်ခဲ့သည့် သတို့သားများလည်း အမှန်တကယ် ရှိခဲ့ပါ၏။

ရှေးရှေးအခါက ဆရာတော်ကြီးတစ်ပါးအား သီလ စမ်းလိုသဖြင့် ရှင်ဘုရင်သည် ညဉ့်အချိန် မိန်းမပျိုတစ်ဦးအား ဆရာတော်ကြီး ကျိန်းစက်ရာအခန်းတွင် ထည့်ထားပြီး ကာမဂုဏ်ဖြင့် မြှူဆွယ်စေလေသည်။ ဆရာတော်ကြီးသည် ပိမိ၏ အကျင့်သီလကို ပိုမိုစိတ်ချရစေရန် သက်နှံးခုံရာတွင် အောက်ဖက် သက်နှံးအစနှစ်ခု၏ ကြိုးစတွင် ချိတ်ဆွဲထားသည့် အပ်ချိတ် (တွယ်ချိတ်) ဖြင့် ပိမိ၏အသားကို ထိုးဆွဲ၍လည်းကောင်း၊ အနီးတွင် တွေ့ရသော ဝါးမတိုတစ်ချောင်း၏ ဝါးဦးဖြင့် အသားကို လိုးဖြတ်၍လည်းကောင်း စိတ်ကို အာရုံတစ်ပါးသို့ ညွှတ်စေခွင့်

မပေးခဲ့ပေ။ ဆရာတော်ကြီးသည် မိမိ၏ သီလသိက္ခာ ညစ်နွမ်းမည့် အရေးကို အပ်ချိတ်တစ်ချောင်း၊ ဓားမတိုတစ်ချောင်းကို အသုံးပြု၍ အောင်မြင်စွာ ကာကွယ်နိုင်ခဲ့ပေ၏။

စင်စစ် စိတ်အာရုံတစ်ခုကို အခြားသော စိတ်အာရုံတစ်ခုက လွှမ်းမိုးစေခြင်းဖြင့် တန်ခိုးပါဝါကို ပြောင်းလဲထက် မြက်စေနိုင်ပေ၏။ မနောစိတ္တုပ္ပါဒ်တစ်ခုဖြစ်စဉ် ဝီထိနှင့် အခြားစိတ္တုပ္ပါဒ်တစ်ခု၏ ဖြစ်စဉ်ဝီထိတို့ တစ်ခုနှင့်တစ်ခု အင်အား မတူညီကြပေ။ အနီးမှ အာရုံတစ်ခုပင် ဖြစ်ပါစေ၊ စိတ်တွင် မနောဝိညာဉ်ထိ မရောက်ရှိပါက မှတ်သားမှုသဘော ပေါ်ပေါ်ထင်ရှားနိုင်ပေ။ ထို့ကြောင့်ပင် ကြေးစည်၊ ထိုးစည်, မီးကင်းသံချောင်းတို့ အနီးတွင် ရှိနေပါလျက် တစ်ဦးတစ်ယောက်က ထိုးခေါက်ပြီးသည်ကို သတိမရှိလိုက်ဘဲ တစ်ဖန်ထပ်မံ၍ ထိုးခေါက်မိသည်များ မကြာမကြာ ကြုံရတတ်လေသည်။ စိတ်သည် ဆန်းကြယ်လှပေ၏။

ဆန်းကြယ်သောစိတ်အား ပြုပြင်ပြောင်းလဲ ထိန်းချုပ်ပေးအပ်၏။ အကုသိုလ်စိတ်ကို ကုသိုလ်စိတ်ဖြစ်အောင် ပြောင်းလဲပေးအပ်၏။ မတရားသောစိတ်ကို တရားသော စိတ်ဖြစ်အောင် ပြောင်းလဲပေးအပ်၏။ လူတစ်ဦးအား ကောင်းသော

စိတ်, တရားသောစိတ်များ ကိန်းအောင်းလွှမ်းမိုးသွားစေနိုင်ခဲ့လျှင် ထိုသူသည် ဘဝတွင် အောင်နိုင်သူတစ်ဦး ဖြစ်လာနိုင်ပေ၏။ စိတ်ရောဂါကုသူသည်ပင် စိတ်ကစင့်ကလျှား ရောဂါရနေသူ တစ်ဦးအား ထိုသူ၏ အဖက်ဖက်က နိမ့်ကျနေသော စိတ်စွမ်း အင်ကို မြှင့်တင်လွှမ်းမိုးအောင် ဝေဒနာရှင်ကိုယ်တိုင် စိတ်ရောဂါ များကို နိုင်နင်းသူ စိတ်ရောဂါကု ဆရာအဆင့်သို့ စိတ်ဓာတ် အားဖြင့် မြှင့်တင်ပေးလိုက် နိုင်သောအခါ အောင်မြင်သွားခြင်း ဖြစ်ပေသည်။ စိတ်ဓာတ် မပြည့်စုံဘဲ တစ်ခုခုကို ကြောက်ရွံ့ နေသူအား ထိုစိတ်အားငယ်မှုကို မြှင့်တင်ကာ စိတ်ဝေဒနာ ပျောက်ကင်း စေခဲ့ခြင်းဖြစ်ပေသည်။

ဗုဒ္ဓဘာသာဝင်တစ်ဦးအဖို့ စိတ်ဓာတ်အမြင့်မားဆုံးသို့ မြှင့်တင်ပြီး ဖြစ်၏။ ရတနာသုံးပါးကို အထွတ်မြတ်ဆုံးထား၍ ကိုးကွယ်ဆည်းကပ်လျက် သရဏဂုံ၌ တည်ကြည်ပြီးဖြစ်၏။ ရတနာမြတ်သုံးပါး ကံ, ကံ၏အကျိုးကို မမှိတ်မသုံ ယုံကြည်ပြီး သူအတွက် အခြားသော ကိုးကွယ်အားကိုးမှုသည် မလို အပ်တော့ပြီ။ ထိုရတနာမြတ်သုံးပါးသည် ပိမိ၏ စိတ်နှလုံး၌ အမြဲတည်နေပြီ။ ရတနာမြတ်သုံးပါး၏ အဆုံးအမ၌ စူးနစ် ပျော်ဝင်နေပြီဟု သက်ဝင်ထားရှိပြီးသည့်နောက် မိမိသည်

ရတနာသုံးပါး၏ လူဖြစ်ကာ အမြင့်ဆုံးမှာ ရောက်ရှိနေပြီဟု မှတ်ယူထားအပ်ပါ၏။

စိတ်ဓာတ်ရေးရာ မြင့်မားပြီး အားကိုးယုံကြည်မှုဖြင့် အထွတ်အထိပ်သို့ ရောက်ရှိထားသူအတွက် စိတ်ကျခြင်း, စိတ်ကစင့်ကလျားဖြစ်ခြင်း စသည့် စိတ်ပိုင်းဆိုင်ရာ ရောဂါ ခံစားမှုများ မဝင်နိုင်တော့ပြီ။ ကြောက်ရွံ့ ထိတ်လန့်ခြင်း၊ စိတ်အားငယ်ခြင်း မရှိနိုင်။

သရဏဂုံ၌ သက်ဝင်လျက် ယုံကြည်အားကိုးမှုကြောင့် ရရှိနိုင်မည့် အကျိုးတရားများမှာ စာပေကျမ်းဂန်တို့၌လည်း များစွာ တွေ့ရနိုင်ပါသည်။ ဒိဋ္ဌလက်တွေ့ ဖြစ်ပေါ် ကြားသိ ရသည့် အကြောင်းရပ် သာဓကများလည်း ခေတ်ပြိုင်ထဲ၌ပင် မရေမတွက်နိုင်အောင် ဖတ်ရှု ကြားသိနေရပေသည်။

ဘုရားဂုဏ်တော် (၉)ပါး၊ တရားဂုဏ်တော် (၆)ပါး၊ သံဃာဂုဏ်တော် (၉)ပါးတို့သည် ရတနာမြတ်သုံးပါး၏ ဂုဏ်တော်များ ဖြစ်ကြ၏။ လောကဓံအလှည့် မကောင်း၍ လူ့ဘဝတွင် မအောင်မြင်မှုများ၊ စိတ်ဓာတ်ကျစရာများ၊ စိတ်အားငယ်စရာများနှင့် ကြုံတွေ့ရပါက ဂုဏ်တော်များကို များများ ရွတ်ဖတ်ပွားများ ပေးကြရမည်ဖြစ်ပါသည်။ နတ်တို့၏ စစ်မြေပြင်တွင် သိကြားမင်း, ဗြဟ္မာမင်းနှင့်တကွ နတ်စစ်

သည်ကြီးများ၏ ရှေ့ဆောင်အလံကို အဆင့်ဆင့် မြင်တွေ့ပြီး ရွံ့ကြောက်စိတ်များကို ပယ်ဖျောက်ကြရပေ၏။ ထိုနည်းအလား သိကြား, ဗြဟ္မာများထက် သာလွန်မြင့်မြတ်ကာ ကိလေသာ အညစ်အကြေးများ ကင်းစင်လွတ်မြောက်တော်မူကြသည့် ရတနာမြတ်သုံးပါး ဂုဏ်တော်များအား ကိုးကွယ်ဆည်းကပ် အားထားယုံကြည်ထားခြင်းအားဖြင့်, သတ္တလောကကြီးအတွင်း တွန့်ဆုတ်စိတ်ထားများကိုပါ အောင်နိုင်စေမည် အမှန်ဖြစ်လေ၏။

ဘုရားရှင်သည် တပည့်သားသာဝကတို့အား မဟာ ကရုဏာတော်ဖြင့် ဝိနည်းတရားတော်ကို ဟောကြားတော် မူခဲ့၏။ သုတ္တန်နှင့် အဘိဓမ္မာတရားတော်ကိုမူ မဟာပညာတော်ဖြင့် ဟောကြားတော်မူခဲ့ပါသည်။ ရဟန်း သံဃာတော်များသည် ဘုရားရှင်၏ တရားတော်များအတိုင်း ခံယူကျင့်ပွား၍ သာသနာ တော်မြတ်ကြီးကို ထိန်းသိမ်း စောင့်ရှောက်တော်မူခဲ့ကြပါသည်။ ထိုရတနာမြတ်သုံးပါး၏ ဂုဏ်တော်များမှာ အမှန်တရားများ ဖြစ်သဖြင့် အရှိတရားများ ဖြစ်ကြ၏။ မိရိုးဖလာအရ ဖွတ်မှတ်ယုံကြည်ခိုင်းသော တရားမျိုး မဟုတ်ပေ။ ''လာလှည့်, ရှုလှည့်, ကျင့်ကြလှည့်'' ဟူ၍ ဖိတ်ကြားအပ်သော တရားများ ဖြစ်ပြီး မိမိကိုယ်တိုင် လေ့လာသိရှိစေ၍ ကျေးဇူးတရားကို လက်တွေ့ပြသသော တရားများ ဖြစ်ကြပါသည်။

ဂုဏ်တော်များကို ထောက်ဆတိုင်းတာရန်မှာ ဂုဏ်တော် တစ်ခုချင်း၏ အနက်အဓိပ္ပါယ်ကို သိရှိထားပါလျှင် ရွတ်ပွားသည့် ဂုဏ်တော်တိုင်းတွင် ပါရှိသော အနက်အဓိပ္ပာယ်ကို ရည်ပှန်း၍ နှုတ်မှ ရွတ်ပွားနိုင်ပါသည်။ စူးစိုက်မှု သမာဓိအား၊ ယုံကြည်မှု သဒ္ဓါအားတို့ တိုးပွားကာ အဓိပ္ပာယ်လေးနက်မှု ပိုမိုနက်ရှိုင်းလာမည်ဖြစ်ပါသည်။ ထိုနက်ရှိုင်းမှုသည် မိမိနှလုံးထဲ၌ ဘုရားတည်မိခြင်းဖြစ်၍ စိတ်နှလုံးထဲမှာ ဘုရားကို ဆည်းကပ်ထားသူအား စိတ်ဝတ်ခွန်အားများ သစ်ထွန်းပြည့်ဖြိုး နေရမည်သာ ဖြစ်၏။ စိက်ရှိအတိုင်း ဆန္ဒရှိအတိုင်း ဝီရိယလည်း အားထည့်၍ စွမ်းဆောင်မှု အားအစွမ်းများ တိုးပွားလာမည် ဖြစ်သည်။ မျက်မှောက်ဘဝ ရင်ဆိုင်ကြုံတွေ့နေရသော အခက်အခဲများကို ကျော်ဖြတ် အနိုင်ယူစိတ်များ၊ အောင်စိတ်ထားများ နှလုံးသားတွင် အားသစ်လာသကဲ့သို့ တမလွန် ဘဝခရီးလမ်း အတွက်ပါ တွေဝေမှုများ, တွန့်ဆုတ်မှုများ ရှိနိုင်တော့မည် မဟုတ်တော့ပါ။

ဘုရား, တရား, သံဃာ ရတနာမြတ်သုံးပါးအား ဆည်းကပ်ကိုးကွယ်ခြင်းသည် ပုဒ္ဓဘာသာဝင် တစ်ဦးဖြစ်ရန် အစဦးဆုံး ဖြစ်သကဲ့သို့ အမြင့်မြတ်ဆုံးလည်း ဖြစ်ပါသည်။ အခြားသော ဆည်းကပ်ကိုးကွယ်မှုများတွင် ကြောက်ရွံ့မှု (ဘယ)၊ လိုလားမှု

(လာဘ)၊ မသိမှု (မောဟ) စသည့် လောကီသားတို့၏ မတည်ငြိမ်သော ဆန္ဒများ ပါဝင်နေသဖြင့် ဆန္ဒနှင့်မကိုက်ညီလျှင် လျော့ပါးပျက်ပျယ် သွားနိုင်ပေ၏။ ရုတနာမြတ်သုံးပါး ဂုဏ်တော်များကား လောကမှ လွန်မြောက်ကြောင်း ပရမတ္ထတရားများ၊ အခြေအနေများ၊ ပုဂ္ဂိုလ်မြတ်များဖြစ်၍ လျော့ပါးပျက်ပျယ်နိုင်သော သဘော မရှိပေ။

ဗုဒ္ဓဘာသာဝင်တစ်ဦးအနေနှင့် အမြင့်မြတ်ဆုံး ဆည်းကပ်ကိုးကွယ်မှုသို့တိုင် ပေါက်မြောက်ခံယူထားသူအဖြစ် မိမိ၏ တည်ကြည်ရင့်ကျက်မှုကို သိရှိ နားလည်နေကြရမည်ဖြစ်သည်။ ဗုဒ္ဓဘုရားရှင်က မိမိကိုယ်ကို နှိမ့်ချမှု, စွန့်လွှတ်မှု, သည်းခံမှု တရားများကို လိုက်နာကြရန် ညွှန်ပြထားတော်မူခဲ့သော်လည်း မိမိရင်ထဲ နှလုံးထဲမှ မြင့်မြတ်မှု သဘောတရားကိုမူ အခိုင်အမာ အမြင့်အမြတ် ဆောက်တည်ပေးထားပြီဟု ယုံကြည်ကြရပါမည်။ အောက်ထစ်ဆုံး အရိယာပုဂ္ဂိုလ်ဖြစ်သည့် သောတာပန်ပုဂ္ဂိုလ်မျှ ပဖြစ်သေးသမျှ ဒိဋ္ဌနှင့် ဝိစိကိစ္ဆာ ပယယ်သေး၍ ယုံကြည်မှုကို တုန်လှုပ်စေနိုင်သေးသည် မှန်ငြား၊ ဗုဒ္ဓဘာသာ အဆုံးအမ အောက်တွင် သူတော်ကောင်းတရားကို ကြားနာ မှတ်သိခွင့်

ရရှိတုန်းကာလ စူဠသောတာပန်တမ္ဘ ရတနာသုံးပါးဂုဏ်ရည်ကို မဆုတ်မနစ် ယုံကြည်အပ်လှပေ၏။

သည်တစ်ခေါက် ရွာအပြန် ဦးသုမင်္ဂလအဖို့ လက်တွေ့ကျ၍ ကိုယ်တွေ့ပါသော တရားဟောကွက်တစ်ခု ရရှိခဲ့သည်ဟု ဆိုရတော့မည် ဖြစ်သတည်း။



မတူညီသော တူညီခြင်း

သို့မဟုတ်

ယောနိ်ယောဓနုသိ်ကာရ

အချိန်က နေ့လယ်ခင်းဖြစ်၍ လမ်းမပေါ်တွင် ယာဉ်အသွား အလာ ကျဲပါးလှသည်။ ကျောင်းအနီး, စျေးအနီး လူနေရပ်ကွက်တွင်း မဟုတ်သဖြင့် လမ်းမပေါ်တွင် လူသူအသွားအလာ မစည်ကားလှ။ မြို့ပြင်ထွက်စ ကားလမ်းမကြီးပေါ်တွင် ဖြစ်သဖြင့် လမ်းဖြောင့်ဖြူး၍ အကွယ်အကာ အတားအဆီး သစ်ပင်, ဝါးပင်များလည်း မရှိပေ။

ဤလိုအချိန်မျိုးတွင် ဤလိုနေရာ၌ ဤသို့ ဖြစ်ပျက်လာလိမ့်မည်ဟု မည်သူမျှ မမျှော်လင့်ကြပေ။

အဖြစ်အပျက်ကား လူစည်ကားသော မြို့ပြရပ်များတွင် တွေ့မြင်နေကျ မြင်ကွင်းတစ်ခုသာ ဖြစ်သည်။ ကားလမ်းမပေါ်တွင် ဝုန်းဒိုင်းဆိုသည့် အသံတစ်ခု ခပ်လှမ်းလှမ်းက ကြားလိုက်ရုံနှင့် မော်တော်ကားနှစ်စီး တိုက်ကြသံ၊ မော်တော်ကား တစ်စီးစီး တိမ်းမှောက်သံ ဖြစ်နိုင်သည်မှာ လွဲခဲလေ၏။

ယခုကြည့်၊ မြို့အထွက် ကားလမ်းမကြီးနံဘေးတွင် မော်တော်ကားတစ်စီး တုံးလုံးလဲနေချေပြီ။

လူတွေကတော့ ထုံးစံအတိုင်း အဖြစ်အပျက်ရှိရာသို့ ခဏအတွင်း စုရုံးရောက်ရှိလာကြ၏။ လူသားအချင်းချင်း အကူအညီပေးရင်း လာကြသူများရှိသလို အချို့က အခွင့်အရေး တစ်ခုခုအတွက် အချောင်သမားလုပ်ရန်လည်း ပါသော်ပါမည်။ အများအားဖြင့်တော့ သေကောင်ပေါင်းလဲ အဖြစ်အပျက် သတင်းအထူးအဆန်းမျိုးကို မျက်မြင်ကိုယ်တွေ့ ကြားသိ စပ်စုလိုစိတ်၊ အံ့သြခြင်း၊ ထိတ်လန့်ခြင်း စာနာသနားခြင်း ခံစားလိုစိတ်ဖြင့် ရောက်ရှိလာခြင်း ဖြစ်ပေ၏။

အဖြစ်အပျက်အချုပ်ကား ယာဉ်မောင်းသူအပါအဝင် လူခုနှစ်ဦး စီးနင်းလိုက်ပါလာသော ဟိုင်းလတ်မော်တော်ယာဉ်သည် ရေ့မှလမ်းဖြတ်ကူးသော ခွေးတစ်ကောင်ကို ရှောင်တိမ်းရာမှ အရှိန်လွန်ပြီး ကားတစ်ပတ်လည်ကာ တိမ်းမှောက် သွားခြင်း ဖြစ်၏။ မှောက်မည့်သာ မှောက်ရသည် ကားအရှိန်သည်ကား ပြင်းလှသည် မဟုတ်။ ဝန်ချိန်လည်း သည်မျှလေးအောင် တင်ခဲ့သည် မဟုတ်။

ယာဉ်မှောက်ပုံ ငြင်သာသဖြင့် လူခြောက်ဦးမှာ ပွန်းပဲ့ မူးနောက်ရုံမျှ ဒဏ်ရာအသီးသီး ရရှိကြသော်လည်း လမ်းကြုံ လိုက်လာသူ လူစိမ်းတစ်ဦးမှာ နေရာတွင် ပွဲချင်းပြီး သေဆုံးသွား၏။ ထိုသူသည် ကားတစ်ပတ်လည်စဉ် ကားမှောက်တော့မည်ဟု အစိုးရိမ်လွန်ပြီး ခုန်ချလိုက်ရာမှ ၄င်းအပေါ်သို့ မော်တော်ယာဉ် ဘေးစောင်းလဲကျသွားရာ ဖိသတ်သကဲ့သို့ ဖြစ်သွားခဲ့ပေသည်။

ဤအဖြစ်အပျက်တွင် ယာဉ်မောင်း ကိုဘစန်းသည် တာဝန်အရှိဆုံးသူ ဖြစ်သည်နှင့်အညီ သတိလက်မလွတ်ခဲ့သဖြင့် တိမ်းမှောက်နေသော ယာဉ်အတွင်းမှ ဦးဦးဆုံး ထွက်လာနိုင်ခဲ့သည်။

နဖူးတွင် ပွန်းရှဒဏ်ရာ အနည်းငယ် ရထားသည်မှလွဲ၍ ကျန်းမာချမ်းသာလျက်ရှိသော ယာဉ်ပိုင်ရှင် ဦးဖိုးလူသည် ရဲစခန်းအထိ ကိုဘစန်းနှင့်အတူ လိုက်ပါရှာသည်။ ''ယာဉ်မှောက်သည့်ကိစ္စမှာ ကိုဘစန်း၏ အပြစ်ဟု မယူဆပါကြောင်း၊ ခါတိုင်း ခရီးထွက်လျှင် ဂုဏ်တော်ပုတီး ကိုးပတ်ပြည့်အောင် စိတ်ပြီးမှ အေးချမ်းစိတ်ချစွာ လိုက်ပါတတ်မြဲ ဖြစ်သော်လည်း ယခုတစ်ခေါက်မှာ ဂုဏ်တော်ပုတီး မစိတ်ဖြစ်ခဲ့၍ ယခုလို ခံစားရခြင်းဟု ထင်မြင်ပါကြောင်း၊ မိမိတို့အား ယခုလောက် ဒဏ်ရာမျှ ရသည်မှာ ရှေးယခင် ဘုရားတရားနှလုံးသွင်းမှု အထောက်အပံ့ကြောင့် ဖြစ်ကြောင်း'' အားပေးရင်း အဖြစ်အပျက်ကို လျှောပေါ်ဝေဖန်လေ၏။

ယာဉ်ပိုင်ရှင်နှင့် ပါလာသူ ယာဉ်ပိုင်ရှင် မိတ်ဆွေကလည်း မည်သည့်ဒဏ်ရာ ဒဏ်ချက်မျှ မရရှိဘဲ ''မိမိမှာ တရားနှလုံးသွင်း လိုက်ပါလာခဲ့၍ တစ်စုံတစ်ရာ ထိခိုက်မှု မရှိကြောင်း၊ ကားမှောက်ရခြင်းမှာ အသက်ရှင်စဉ် နာမည်မသိရဘဲ သေမှ မှတ်ပုံတင်ကြည့်၍ နာမည်ကို သိရသည့် ခရီးကြုံလိုက်လာသော သူစိမ်း

တစ်ဦး၏ အကုသိုလ်ကံကြောင့်သာ ဖြစ်နိုင်ပါကြောင်း'' ယာဉ်ပိုင်ရှင်ကဲ့သို့မင် လျှောလျှောပေါ့ပေါ့ သုံးသပ်ဝေဖန်လေသည်။

ကိုဘစန်း၏ ယာဉ်တိုက်မှုကိစ္စတွင် အမှုတွဲကိုင်သူ ယာဉ်မှူးစစ်ယာဉ်ထိန်းရဲ၏ သုံးသပ်ချက်ကိုလည်း ကိုဘစန်းမှတ်မိနေလေသည်။ ''မိမိတာဝန်ကျနေသည့် ရှေ့မှ အဝေးပြေးလမ်းမကြီးပေါ်သို့ ချိုးကွေ့သွားစဉ် မော်တော်ယာဉ် နောက်မီးအချက်မပြ၍ ခရာမှုတ်မည်ကြံပြီးမှ မီးပွိုင့်လွန် သွားသည်ကို အားနာပြီး ခွင့်လွှတ်လိုက်သည့်အတွက် ယခုလို ကြုံရခြင်းဖြစ်ကြောင်း၊ အကယ်၍ ထိုစဉ်က ဟန့်တားလိုက်မိပါက ယခုကဲ့သို့ ဖြစ်ချင်မှ ဖြစ်နိုင်ကြောင်း''ယာဉ်ထိန်းရဲက ပြောကြားပါသည်။

ယာဉ်မှောက်ရာသို့ အနီးအနားမှ လာကြည့်ကြသူများမှာမူ ''ဤနေရာတွင် ယာဉ်တိုက်မှု မကြာခဏ ဖြစ်ပွားတတ်ကြောင်း၊ ယာဉ်တိုက်မှုဖြစ်တိုင်း ယာဉ်မောင်း၏အမှားဟု ပြောစရာမရှိဘဲ ဖြစ်တတ်လေ့ရှိသဖြင့် အမှောင်ပယောဂ တစ်ခုခုရှိမည်ထင်ကြောင်း၊ သံယာတော်များကို ပင့်၍ ပရိတ်တရား ရွတ်ဖတ်သင့်ကြောင်း တစ်ဦးက အစဖော်ပြောသည်ကို အခြားသူများက ထောက်ခံ၍ ပြောပြကြသေး၏။ ကျန်လူများနှင့် မတွေ့တော့၍သာ ယာဉ်မှောက်မှုအပေါ် ဝေဖန်ချက်များ မကြားရခြင်းဖြစ်မည်ဟု ကိုဘစန်း ထင်သည်။ အကယ်၍ တွေ့ဆုံမိမည်ဆိုပါက ဝေဖန်ချက်တစ်ခုခု ထပ်မံကြားရမည်မှာ သေချာလှ၏။ နောက်ဆုံး

ယာဉ်မှောက်ရာတွင် ကံဆိုးရှာသည့် လမ်းကြုံလိုက်သူ သူစိမ်းသည်ပင်လျှင် အသက်ရှင်၍ စကားပြောနိုင်ပါက ''သူသေဆုံးသည်မှာ သူ့ဘာသာ တစ်ကိုယ်ကောင်းဆန်ဆန် အတတ်ကြူးကာ ကိုယ်လွတ်ရုန်းခဲ့မိ၍ ကံဆိုးခဲ့ခြင်း ဖြစ်ကြောင်း'' ပြောပြဦးမည် ထင်ပါသည်။

ယာဉ်မောင်း ကိုဘစန်းသည် တာဝန်အရှိဆုံးသူဖြစ်၍ ရဲစခန်း၌ ကိုဘစန်း တစ်ည အိပ်ရသည်။ လောလောဆယ် လိုင်စင် အသိမ်းခံထားရပြီး တရားရုံးတွင် လူသေမှုဖြင့် ကိုဘစန်း တရားရင်ဆိုင်ရပေမည်။

ကိုဘစန်း၏ ယာဉ်မောင်းသက်တမ်း တစ်လျှောက် ဤအဖြစ်မျိုး မကြုံခဲ့ဖူးပေ။ ကိုဘစန်းသည် ငယ်စဉ်က ဘုန်းကြီးကျောင်းသားတစ်ဦး ဖြစ်ပြီး ဦးလေးတော်သူက ပြို့သို့ ခေါ်၍ ကျောင်းထားပေးခဲ့သော်လည်း ၁၀-တန်းအောင်သည်အထိ ကျောင်းပညာ မပေါက်ပြောက်ခဲ့ဘဲ ဝါသနာပါရာ ယာဉ်မောင်းဘဝ ရောက်ရှိခဲ့ခြင်းဖြစ်သည်။ ပိုင်ရှင်အမျိုးမျိုး ထံတွင် ယာဉ်အမျိုးမျိုး မောင်းနှင်ခဲ့ပြီး ယခုနောက်ဆုံး ဘုရားတရား ကိုင်းရှိုင်းသော သူဌေးအိမ် တစ်အိမ်တွင် ဝင်ရောက်လုပ်ကိုင်ခဲ့သည်မှာ တစ်နှစ်ခန့် ရှိပေပြီ။ လုပ်ငန်းသုံး ဟိုင်းလတ်ကားဖြင့် သူဌေးပါ ပါဝင်လျက် နယ်ဖက်သို့ ခရီးထွက်လာရင်း ယာဉ်တိုက်မှုနှင့် ကြုံရခြင်း ဖြစ်သည်။

မဖြစ်ချင်သော်လည်း ဖြစ်ပျက်ခဲ့ပြီ ဆိုတော့ ကိုဘစန်း ဘာတတ်နိုင်ပါမည်နည်း။

ယခုအဖြစ်အပျက်အတွက် အရှေ့တိုင်းသား ဗုဒ္ဓဘာသာ ပီပီ မိမိကိုယ်ကို အပြစ်တင်ဖို့ရာသာ ကိုဘစန်း ဦးစွာစဉ်းစား၏။ ကားဟွန်းတီးသံကို ဂရုမထားဘဲ ကားရှေ့သို့ ဖြတ်ပြေးလာသော ခွေးနားပင်းတစ်ကောင်ကို အသက်နှင့်ကိုယ် မြဲပါစေတော့ဟု အလျင်စလို ရှောင်လိုက်ရာမှ ယခုကဲ့သို့ အဖြစ်အပျက်ဆိုးနှင့် ကြုံတွေ့ရကြောင်း၊ မိမိဆုံးဖြတ်မှု အမှားသာဖြစ်ကြောင်း စိတ်တွင်ခံယူလျက် ကျရောက်လာမည့် ပြစ်ဒဏ်ကို ရဲရဲရင်ဆိုင် သွားရန်သာ ကိုဘစန်း ဆုံးဖြတ်ခဲ့လေသည်။

ကိုဘစန်းတို့ ဗုဒ္ဓဘာသာ မြန်မာလူမျိုးများသည် ဗုဒ္ဓ၏ အဆုံးအမများကို ခံယူကြလျက် မိမိကိုယ်ကို အပြစ်တင်ဖို့ရာသာ ဦးစွာစဉ်းစားကြပြီး ဖြစ်ပြီးသည့်ကိစ္စ အပေါ်တွင်လည်း တစ်ဖက်သားက စိတ်ထိခိုက်သွားခဲ့လျှင်ပင် သင်ပုန်းချေ ခွင့်လွှတ်ဖို့ရာ ခဲယဉ်းသူများ မဟုတ်ကြပေ။ ထို့ပြင် သာမှုကိစ္စဖြစ်စေ၊ နာမှုကိစ္စဖြစ်စေ၊ ကြီးလေးသောကိစ္စဖြစ်စေ၊ သေးငယ်သောကိစ္စ ဖြစ်စေ မည်သည့်ကိစ္စမဆို အကြောင်းနှင့်အကျိုး ရှုမြင်သုံးသပ်ကြရာတွင် မိမိ၏ရင်ထဲ ဦးနှောက်ထဲတွင် ရှိသည့် အခံ ဗဟုသုတနှင့် ခံစားမှု အရင့်အနုအပေါ် အခြေခံကာ တစ်ဦးနှင့်

တစ်ဦး မတူညီချင်သာ မတူညီရမည်၊ တစ်ဖက်မှ အလျော့ပေး ညှိနှိုင်းလိုက်လျှင် အခြားတစ်ဖက်မှ လျော့ပြီးသား ဖြစ်ကြစမြဲ ဖြစ်လေ၏။

တစ်ဦး၏ဆန္ဒနှင့် တစ်ဦးဆန္ဒ တူညီကြရန်ကား ခဲယဉ်း ပါဘိ။ ကားမှတ်တိုင်တွင် ဘတ်စ်ကားစီးရန် စောင့်နေသူက လူချောင်ပါလျက် မှတ်တိုင်တွင် ရပ်၍ လူတင်မသွား ရကောင်း လားဟု မောင်းပြေးသွားသော ယာဉ်မောင်းအား ကြိမ်ဆဲ ကျန်ရစ်၏။ ကားပေါ်သို့ တက်ရောက်လိုက်ပါခွင့် ရရှိသွားသူက ကားမှတ်တိုင် တွေ တစ်တိုင်ပြီးတစ်တိုင် ရပ်ကာရပ်ကာ လူတင်လူချ ပြုနေသည့်အပေါ် ယာဉ်မောင်းကား ငြူစူနေ၏။

ကားစီးမည့်သူနှင့်ကားစီးနေသူ နှစ်ဦးစလုံးသည် ရုံးဝင်ချိန် နီးကပ်နေကြ၍ စိတ်မောနေကြသူများဖြစ်ကြ၏။ ယာဉ်မောင်းနှင့် လက်မှတ်ရောင်းတို့မှာလည်း ခရီးသည် များများ ရရှိရေး တွက်ချက်၍ နောက်ကား ကျော်မတက်ခင် လုမောင်း တန်မောင်း နေရပြီး ခရီးသည် အတက်များသည့် မှတ်တိုင်တွင် ရပ်ထားတန် ရပ်ထားနေရသည်။ အကြောင်းရပ် တစ်ခုတည်းပေါ်တွင်ပင် ခံစားမှု မတူညီကြသဖြင့် ယင်းကဲ့သို့ အတ္တမာနများ ကွဲပြား နေကြခြင်း ဖြစ်သည်။

ကိုဘစန်း ငယ်စဉ်က ကျောင်းနေခဲ့သော ဘုန်းတော်ကြီး ကျောင်းအနီး ဘုရားတန်ဆောင်းအတွင်း၌ ဗုဒ္ဓဝင်ပန်းချီကားများ

ချိတ်ဆွဲထားတ၏။ ဖြစ်တော်စဉ် ရုပ်စုံ ပန်းချီကားများအနက် ကိုဘစန်း အကြိုက်ဆုံး ပန်းချီကားမှာ ''သိဒ္ဓတ္ထမင်းသား တောထွက်ခန်း'' ဖြစ်၏။ ကိုဘစန်းသာမက လာကြည့်သူ တိုင်းအား အဆွဲဆောင်ဆုံး ပန်းချီကားလည်း ဖြစ်ပေသည်။ ထိုပန်းချီကားကို ကြည့်မိသူတိုင်းသည် နှုတ်မှထုတ်ဖော်၍ မချီးကျူးဘဲ မနေနိုင်ကြပေ။

ယက်ကန်းဆရာတစ်ဦးက ''သိဒ္ဓတ္ထမင်းသား ဝတ်ထားတဲ့ ပုဆိုးကွာ၊ . . . . ကောင်းမှကောင်း၊ လွန်းရာချိတ်ကွ။ အတိုင်ပင် တွေထဲမှာ ပုရွက်လမ်းဖောက်ယက်ထားတာပဲ''ဟု ဝေဖန်၏။ မြင်းအကြောင်းနားလည်သူက ''အံမယ် သိဒ္ဓတ္ထမင်းသား စီးတဲ့မြင်းက အာရှမြင်းမျိုး မဟုတ်ဘူး၊ ဥရောပမြင်းမျိုး၊ ကျောလျားရှည်တယ်၊ လေးဖက်ခွာစုံမြင်းပဲ။ ရင်အုတ်ကျယ်တော့ သေအောင် ပြေးမယ့်မြင်းမျိုးကွ'' ဟု ပြောဆို၏။ ကိုယ်ပိုင်ဟန် ပန်းချီရေးဖို့ ကြိုးစားနေသော ပန်းချီကျောင်းဆင်း တစ်ဦးကလည်း ပန်းချီကားမှ မျက်စိမခွာဘဲ ''စုတ်ချက်က အေးရှင့်နဲ့ မော်ဒန် ရေးဆွဲထားသလိုပဲ။ အရောင်ကလဲ ရွှဲနေတာပဲ။ အလင်းအမှောင် ထည့်ထားတာများ နံနက်နေရောင်ခြည်မှာ အနော်မာသောင် စပ်က သစ်ရိပ်, ရေရိပ်ကို ကြည့်''ဟု ကောက်ချက်ပြုလေသည်။ သိက္ခာဝါ အတန်ရပြီဖြစ်သော ဆရာတော်တစ်ပါးကမူ မျက်မှန် ထုတ်တပ်၍ ပန်းချီကားကို အသေအချာကြည့်ပြီး ''အင်း . . .

ဘုရားလောင်းပုဂ္ဂိုလ်ဆိုတော့ တကယ့်အရင့်အမာ ရောက်နေပြီကိုး။ အရွယ်ကောင်းတုန်းမှာ ထီးနန်းစည်းစိမ်နဲ့ မယ်ယသော်ကို စွန့်ခဲ့ပြီးမှတော့ ဖွားဖက်တော်လဲဖြစ် တောထွက်ရာမှာလဲ နောက်ကပါတဲ့ မြင်းမြီးဆွဲ မောင်ဆန်နဲ့ ကဏ္ဍကမြင်းတို့ လောက်ကတော့ အနော်မာသောင်တစ်ဖက်ကမ်း ရောက်တာနဲ့ ခင်တွယ်မှု မထား၊ စွန့်လိုက်ပြီပေါ့''ဟု ပဋ္ဌိပတ်နှင့် ယှဉ်၍ ဆင်ခြင်မှု ပြုလေသည်။

ရှေးဘဝနှင့် ယခုဘဝ ဆည်းပူးမှု အကြိမ်များခဲ့သော အကျင့်စရိုက်နှင့် ဝါသနာကွဲပြားမှုကြောင့်လည်း တစ်ဦးနှင့် တစ်ဦး အကြိုက်ချင်း, အမြင်ချင်း မတူတတ်ပေ။

ကိုဘစန်း မကြာခဏ တွေးကြည့်၏။ မိဘတစ်ဦးတည်းက မွေးဖွားပြီး တစ်ရပ်တည်း တစ်ကျောင်းတည်း ကြီးပြင်းကြသူ သားသမီး ညီအစ်ကို မောင်နှမ အရင်းများပင် ဖြစ်လင့်ကစား အကြိုက်တစ်မျိုးစီ စရိုက်ဝါသနာတစ်မျိုးစီ ဖြစ်နေတတ်ကြသည်မှာ မျက်မြင်ကိုယ်တွေ့ပင် ဖြစ်၏။ တစ်ဦးက စာပေအနုပညာဖြင့် ယဉ်ကျေးသိမ်မွေ့ပြီး တစ်ဦးက ကြမ်းတမ်းရိုင်းပြချင် ရိုင်းပြနေ၏။ တစ်ဦးက အားကစား ဝါသနာပါ၍ တစ်ဦးမှာ စက်မှုလက်မှုတွင် အာရုံစူးစိုက်မှု မျှားနေတတ်၏။

အထူးသဖြင့် ယနေ့ခေတ် လူငယ်လူရွယ်များ ထိုင်ကြသော လက်ဖက်ရည်ဆိုင်, အအေးဆိုင်များတွင် အမြဲတမ်းလို

ကြုံကြုံနေရသည့် ပြဿနာတစ်ရပ် ရှိ၏။ အခြားမဟုတ်၊ ဆိုင်မှ ကက်ဆက်ဖြင့် သီချင်းခွေဖွင့်ခိုင်းရာတွင် ဆန္ဒမတူညီကြခြင်းပင် ဖြစ်သည်။ ဖွင့်ထားသောသီချင်းခွေ တစ်ဖက်မှ မဆုံးသေးခင် နောက်ရောက်လာသော တစ်ဖွဲ့က အခြားသီးချင်းခွေကို ဖွင့်ပေးရန် တောင်းဆိုကြပြန်သည်။ နောက်ထပ်ရောက်လာသော တစ်ဖွဲ့ကလည်း သူတို့ ကြိုက်နှစ်သက်သော သီချင်းခွေကို တိပ်ခွေအဌားဆိုင်မှ ငှါးယူလာပြီး လက်ဖက်ရည်ဆိုင်မှ ကက်ဆက်တွင် ဖွင့်ခိုင်းကြပြန်၏။ လူကြီးနှင့်လူငယ် ခေတ်ဟောင်းတေးဂီတနှင့် ခေတ်သစ်တေးဂီတ ခံစားမှုပရိသတ် မတူသည်ထားဦး၊ ခေတ်ပေါ်တေးဂီတကိုပင် သီဆိုသူနှင့် ဂီတ၏ ငြိမ်ညောင်းမှု, ပြင်းရှမှုတို့ကို ကြိုက်နှစ်သက်ပုံချင်း ကွဲပြားကြသည်ကို တွေ့နိုင်ပေ၏။

အကြိုက်စရိုက် မတူသူများအနက် လူမျိုးတစ်မျိုးနှင့် တစ်မျိုး၊ မိန်းမနှင့်ယောကျ်ား သဘာဝချင်း မတူကြသည်မှာ မတူညီသည့် ရုပ်ခန္ဓာအခြေအနေချင်း ကွဲပြားကြခြင်းကြောင့် ဖြစ်၏။ လူငယ်နှင့် လူကြီး အကြိုက်ဝါသနာ မတူညီသည် မျှားကား အချိန်တည်း ဟူသော ကာလအလျားကို ကျော်ဖြတ်၍ အတွေ့အကြုံ အနုအရင့်ချင်း အကွာအဝေး တူညီသောအခါ နားလည်မှုမျှားပြောင်းလဲ တူညီသွားနိုင်ပေ၏။

လူငယ်အများစုသည် လောကကြီးကို အမြင်သစ်ဖြင့် တက်ကြွနေတတ်၏။ ခေတ်ပြိုင်ခံစားမှုဖြင့် ခေတ်ပေါ်ယဉ်ကျေး

မှုကိုလည်း အလွယ်ပင် လက်ခံချင်တတ်၏။ ခေတ်နှင့်အညီ ရွှေ့လျားချင်နေတတ်၏။ လူကြီးများက ထိုသို့မဟုတ်ပါ။ သက်တမ်းနှင့်အမျှ ခေတ်၏ အတွေ့အကြုံများကို ဖြတ်သန်းခဲ့ပြီး ဖြစ်၍ အဆိုးအကောင်း ရလာဒ်ကို ကြိုတင် သိရှိတန်သရွေ့ သိရှိပြီးဖြစ်ကြ၏။ လူငယ်များကဲ့သို့ တုံးတိုက်တိုက် ကျားကိုက်ကိုက် စိတ်မျိုးမဟုတ်တော့ပေ။ အဆိုးအကောင်း ရလာဒ် မသေချာသော်မှ ဆင်ဆင်ခြင်ခြင် တွေးတွေးဆဆ လုပ်ဆောင်တတ်လေသည်။ ဤသည်မှာ လူငယ်နှင့်လူကြီးတို့၏ မတူညီသော ခြားနားချက်များ ဖြစ်ပေသည်။

ထိုနည်းတူ အောက်လက်ငယ်သားဘဝမှ အဆင့်ဆင့် တက်၍ လူကြီးသူကြီးဘဝဖြင့် စီမံအုပ်ချုပ်ရသူ ဌာနအကြီးအကဲများသည်လည်း အတွေ့အကြုံများကို ဖြတ်သန်းခဲ့ရသူများ ဖြစ်၍ ဆိုင်ရာဆိုင်ရာ အတွေ့အကြုံ ရင့်ကျက်နေတတ်၏။ အတွေ့အကြုံ နုနယ်သေးသူ လက်အောက် ငယ်သားများက လူကြီးများ၏ စီမံခန့်ခွဲမှုအပေါ် အမြင်မကြည်လင်မှုများ ဖြစ်ပေါ်တတ်ပေသေး၏။

လူကြီးနှင့်လူငယ် စီမံခန့်ခွဲသူနှင့် စီမံခန့်ခွဲခံရသူတို့၏ သဘောကွဲလွဲမှုများသည် တစ်ခါတစ်ရံတွင် ချဉ်းကပ်မှု, ထိန်းသိမ်းမှု လွဲချော်ခြင်း၊ ပတ်ဝန်းကျင် ပယောဂများ ရောနှောက်

ခံရခြင်းများနှင့် ပူးယှက်ခံရပါက မလိုလားအပ်သော အဆင့်ထိ ရောက်ရှိသွားတတ်သည်ကို သတိပြုကြရပေမည်။ ခေတ်တိုင်းတွင် ကြုံရကတ်သော ပြဿနာများလည်း ဖြစ်ပေသည်။

သို့သော်လည်း လူကြီးတို့က လူငယ်တို့အား ထိန်းသိမ်းဖြောင်းဖြ နည်းပေးလမ်းပြခြင်းဖြင့် ညှိနှိုင်းကြရမြဲ ဖြစ်သကဲ့သို့ လူငယ်တို့ကလည်း အတွေ့အကြုံ ရင့်ကျက်လာသည်နှင့် အမျှ လူကြီးတို့နှင့် အမြင်မတူညီမှုများကို နှိုင်းယှဉ်မှုမှ နားလည်သဘောပေါက် လာကြမြဲဖြစ်ပေ၏။ ယောနိသောမနသိကာရ စိတ်ဖြင့် အသင့်အတင့် နှလုံးသွင်း, သည်းခံခွင့်လွှတ်သော အချိန်သည် အထက်နှင့်အောက် လူကြီးနှင့်လူငယ်တို့၏ မေတ္တာ ပေါင်းကူးချိန်ပင် ဖြစ်လေသည်။ အကြောင်းအရာ အတိမ်အနက် အရ အသင့်အတင့် နှလုံးသွင်း မှန်ကန်သွားသောအခါ လူကြီးတို့၏ ပခုံးပြောင်းတာဝန်ကို လူငယ်တို့က ဆက်ခံကြမြဲ ဖြစ်သွားသလို လူ့သမိုင်းလမ်းကြောင်းလည်း ကောက်ကွေ့မှု, ခြောက်သွေ့မှု ကင်းစင်မြဲ ဖြစ်ပေတော့၏။

ဤသို့ ရင်ထဲ၌ရှိနေသော ခံစားမှုအခံ၊ ဦးနှောက်တွင် ရှိနေသော ပညာဉာဏ်နှင့် ရှေးရှေးဘဝ, ယခုဘဝ ထူးခြားသော ဝါသနာတို့ အခြေခံဖြင့် တစ်ဦးနှင့်တစ်ဦး အမြင်အယူချင်း မတူကွဲပြား ခြားနားနေသည်ကို သိလျှင် တစ်ဦးအပေါ်တစ်ဦး အပြစ်မြင်မှု နည်းပါးလာမည်ဖြစ်သည်။

ပုထုဇဉ်များဖြစ်၍ အမှားမကင်းနိုင်ကြသည်ဖြစ်ရာ တစ်စုံ တစ်ဦး၏အမှားကိုပင် နားလည်လက်ခံလာနိုင်ကြမည် ဖြစ်ပါသည်။ မိမိနှင့် နှိုင်းယှဉ်၍လည်း ကိုယ်ချင်းစာစိတ် မွေးမြူ နိုင်ကာ ခွင့်လွှတ်နိုင်သော အမှားကိုလည်း ခွဲခြားနားလည် နိုင်မည် ဖြစ်ပေသည်။

ဘုရားရှင်သည် သတ္တဝါတို့၏ ကျွန်ုပ်အနုအရင့်နှင့် စရိုက် ဝါသနာကို ကြည့်၍ ကယ်တင်ချေရွှတ်မှုကို အောင်မြင်စွာ စွမ်းဆောင်တော်မူနိုင်ခြင်း ဖြစ်ပေ၏။ ယင်းဉာဏ်ကို ''ကျွန်ုပ်ယ ပရောပရိယတ္တဉာဏ်''ဟု ခေါ်တွင်သည်။ ထိုဉာဏ်ကို ဘုရားရှင်မှ တစ်ပါး အရိယာပုဂ္ဂိုလ်များပင် မရရှိနိုင်သဖြင့် ဘုရားရှင်တို့သာ ပိုင်ဆိုင်တော်မူသည့်အရာကို ပုထုဇဉ်တို့အဖို့ နှိုင်းယှဉ်မျှော်မှန်း နိုင်ခွင့် မရှိအပ်ပေ။

နှိုင်းယှဉ်မှုသာ ပဓာန–ဆိုသော သီဝရိတစ်ခုအကြောင်း ကိုလည်း ကျောင်းဆရာ ဦးမြင့်အောင် မကြာမကြာ ပြောပြတတ် သဖြင့် ကိုဘစန်းနားတွင် ယဉ်နေပြီး အနောက်တိုင်း ဒဿန တစ်ခုဟုတော့ မှတ်သားထားသည်။ ထိုသီဝရိမှာ အရာရာတိုင်းကို နှိုင်းယှဉ်မှုနှင့် လက်ခံမှတ်ယူခြင်းဖြစ်၍ အရှေ့ တိုင်းဒဿနနှင့်လည်း ဆက်စပ်မှု ရှိတန်သရွေ့ရှိသည်ကို တွေ့နိုင်ပါသည်။ အရာ ဝတ္ထုတစ်ခု၏ အရှည်တစ်လက်မသည် တစ်ပေနှင့်စာသော် ပမာဏအတော်နည်း၍ အရှည်တစ်ပေသည် တစ်လက်မနှင့်

စာသော် ပမာဏ အတော်များလေသည်။ အမှန်စင်စစ် ကြည့်သည့်ဖက် မတူခြင်းက အနည်း, အများ၊ အရှည်, အတို၊ အထက်, အောက်၊ အနိမ့်, အမြင့် ကွဲပြား ခြားနားစေခြင်းဖြစ်သည်။ ဤသီဝရီကို သဘောပေါက်ခြင်းဖြင့် လူတို့၏ အောင်မြင်မှု, မအောင်မြင်မှု၊ အနိမ့်, အမြင့်၊ အတက်, အကျတို့သည် လူ့လောကနှိုင်းယှဉ်မှု တန်ဖိုးမျှသာဖြစ်ကြောင်း လက်ခံချင်စရာ အချက်တစ်ချက်ကို စေ့ငုနိုင်ကြပါမည်။

ပုထုဇဉ်လူသားတစ်ဦးအနေနှင့် အဖျတ္တအတွင်းသန္တာန်၌ အတ္တမာနသည် ကိန်းအောင်းလျက် ရှိနေကြပါသည်။ ထိုအတ္တ ဖုံးလွှမ်းမှုဖြင့် အတွေးအမြင် တစ်ခုနှင့်တစ်ခု ငြင်းခုံနေတတ်ကြ၏။ ဂုဏ်တုဂုဏ်ပြိုင်အားဖြင့် ပြိုင်ဆိုင်နေတတ်၏။ အတန်းအစား တစ်ခုနှင့်တစ်ခု ယှဉ်ပြိုင် တိုက်ခိုက်နေတတ်ကြ၏။ အကယ်၍ နှိုင်းယှဉ်မှု ရှုဒေါ်ဌ်ကို ပြင်၍ ကြည့်ရှုမိကြမည်ဆိုပါက ဘယ်သူက ဘယ်သူကိုမျှ အတ္တမာနဖြင့် ရှုမြင်မိကြမည် မဟုတ်ဘဲ ငြိမ်းချမ်းမှု သဘောကသာ လွှမ်းမိုးသွားနိုင်ပေမည်။ သည်းခံတတ်ခြင်း၊ ရောင့်ရဲတတ်ခြင်း၊ အသင့်အတင့်သဘောထားဖြင့် နှလုံးသွင်းခြင်း တရားများကို အများစု လက်ကိုင်ထားနိုင်ကြပါက လောကအတွင်း ပြဿနာအရပ်ရပ်ကို ပြီးပြေငြိမ်းအေးစေမည့် လူ့ဂုဏ်သိက္ခာ များပင် ဖြစ်ပေသည်။

အတွေ့အကြုံ ဗဟုသုတချင်း စရိုက်ဝါသနာချင်း အတွေးအခေါ် အမြင်အယူချင်း မတူညီတတ်မှုတွင် စိတ်ပိုင်းဆိုင်ရာများ ဖြစ်၍ လူမြင်ရုံနှင့် သိသာနိုင်ကြသည် မဟုတ်ပေ။ အချို့သော မတူညီမှုများမှာ မပြောပလောက်သော ကွဲပြားမှုမျိုး ဖြစ်ပေ၏။ သို့သော်လည်း ရုတ်တရက်သိသာနိုင်သော ကိစ္စမဟုတ်၍ အနည်းအကျဉ်း မတူညီမှုပင် ဖြစ်လင့်ကစား စိတ်အတွင်း စိုးမိုးနေသော မာန်မာနများ မြင့်တက်နေပါက မတူညီမှု, ခြားနားမှု ကြီးမားနေတတ်သည်ကိုလည်း သတိပြု ကြရမည်ဖြစ်ပါသည်။

ကိုဘစန်း၏ မွေးရပ်ဇာတိ ဟသံတမြို့ ပထမရွှေကျောင်းဆရာတော်ဘုရားကြီးသည် သဒ္ဓါပဗ္ဗဇိုတဖြင့် ရဟန်းဝတ်ခဲ့သူ ပီပီ ဝိနည်းသိက္ခာပုဒ်တော်ကို အလွန်တရာ လေးစားတော်မူသည့် ဆရာတော်တစ်ပါး ဖြစ်ပါသည်။ ဆရာတော်၏ ကျောင်းတိုက်တွင် တပည့်ရဟန်းသာမဏေများမှာ ဘုဉ်းပေးသုံးဆောင်ရာ, သွားလာရာ, သီတင်းသုံး နေထိုင်ရာတို့၌သာမက ကုဋီအိမ်သာ သုံးစွဲရာကအစ ဝိနည်းတော်နှင့်အညီ သွန်သင်ထားလေသည်။ ကျောင်းရှိ ကုဋီအိမ်သာများမှာ သန့်ရှင်း၍ အနံ့အသက် ကင်းပြီး ယခုခေတ်လို ရေပိုက်ရေတိုင်ကီ မရှိပါဘဲ အပြထာဝစဉ် ရေပိုးပြည့်စုံနေလေသည်။ ကုဋီအိမ်တွင် ကျဉ်ငယ်ပေါက် ကျဉ်ကြီးပေါက် ခွဲခြားထားသည်ကို တွေ့မြင်ရုံဖြင့် ဝိနည်းတော်ကို လေးစားသည့် အစီအမံဖြစ်ကြောင်း သိသာနေစေသည်။

တစ်ရက်တွင် တန်းဆွမ်းခံထွက်ကြွခါနီး ကိုရင်ကြီး တစ်ပါးသည် ဗိုက်နာလာ၍ ကုဋီပြေးတက်ပြီး သုတ်သီး သုတ်ပြာနှင့် ကုဋီမှ ပြန်ထွက်ရသဖြင့် အညစ်အကြေးများကို ဆေးကြောသန့်ရှင်းရန် မေ့ကျန်ခဲ့လေသည်။ ကိုရင်ကြီး ထွက်သွား၍ မကြာမီ တိုက်အုပ်ဘုန်းတော်ကြီး ကုဋီအိမ်ဝင်ရာ မသန့်ရှင်းသည်ကို တွေ့ရှိပြီး ဒေါသူပုန်ထတော့သည်။ အနီးတွင် တွေ့သူများအား ခေါ်မေး၍ မရလျှင် ပိုမို ဒေါသထွက်ပြီး ဆူဆူပူပူ ဖြစ်နေလေသည်။ ကျောင်းပေါ်တွင် စကြ်ိန်လျောက်လျက် ရှိသော ဆရာတော်ကြီးသည် ကျောင်းအောက်ကုဋီသို့ ဆင်းလာရင်းမှ တိုက်အုပ်ဘုန်းကြီး၏ ဆူပူသံကို ကြားလိုက်ရသဖြင့် မေးမြန်းလေသည်။

တိုက်အုပ်ဘုန်းတော်ကြီးထံမှ အကျိုးအကြောင်း သိပြီးသော် ဆရာတော်ကြီးသည် တိုက်အုပ်ဘုန်းတော်ကြီးက အခွင့်တောင်းသည်ကိုပင် လက်မခံဘဲ ကိုယ်တော်တိုင် ကုဋီတွင်းဝင်ကာ ရေများများ လောင်း၍ ဆေးကြော သန့်ရှင်းပစ်လေသည်။

''ဦးဇင်း ကိုရင်တစ်ပါးပါး အလျင်စလို ထွက်သွားရလို့ မသန့်မရှင်းဖြစ်ခဲ့တာ ဖြစ်မှာပါ။ နောက်တွေ့တဲ့ သူက ဒါ ငါ့အတွက် ကုသိုလ်ပေးခဲ့တာပဲလို့ ခံယူပြီး ဆေးကြော သန့်ရှင်းလိုက်ကြ ပေါ့ကွယ်။ ကျောင်းနဲ့အိမ် ကွဲပြားတာ အဲဒါပဲ။ အိမ်မှာ တံမြက်

စည်းလှည်းတာက အိမ်သန့်ရှင်းသွားရင် မိမိ စိတ်ကြည်လင်သွားတယ်၊ ဒါပဲ အကျိုးရမယ်။ ကျောင်းကတော့ ဒီလိုမဟုတ်ဘူး။ တံမြက်လှည်းလို့ သန့်ရှင်းသွားရင် မိမိလဲ စိတ်ကြည်လင်မယ်၊ ကုသိုလ်လဲ ရမယ်''

သူတော်ကောင်း စိတ်နှလုံး ပီသပါပေသည်။ ကိုဘစန်းတို့တော့ ဆရာတော်ကြီးအား ဖူးရုံသာ မီလိုက်ပါသည်။ ဆရာတော်ဘုရားကြီး၏ ထိုမိန့်ခွန်းစကားကို တိုက်အုပ်ဘုန်းတော်ကြီး၏ တစ်သက် မမေ့နိုင်တော့ဘဲ ကိုဘစန်းတို့အား တစ်ဆင့်ဖောက်သည်ချ ပြန်လည် ဟောပြောလေ့ရှိပါသည်။

လမ်းသွားရင်း စားပြီးသည့် ငှက်ပျောခွံကို လမ်းပေါ် ပစ်လိုက်ပါက အမှတ်တမဲ့ တက်နင်းမိသူ ချော်လဲလျှင် လမ်းသွားလမ်းလာတို့ အရှက်တကွဲနှင့် ဒုက္ခရောက်စေနိုင်၏။ ငယ်စဉ်ကျောင်းသားဘဝက ပြည်သူ့နီတိစာအုပ်တွင် ကိုဘစန်း ဖတ်ဖူး၏။ စားပြီးငှက်ပျောခွံကို လမ်းပေါ်သို့ ပစ်ချရန် မသင့်ရုံမျှမက တစ်စုံတစ်ဦးက အမှုမဲ့ အမှတ်မဲ့ ပစ်ချခဲ့သည်ကို တွေ့လျှင်ပင် တာဝန်သိသိ ကောက်ယူ၍ အမှိုက်ပုံတွင် ပစ်ပေးရန်ပါ ဆရာက သွန်သင်ပေးသေးသည်။ ထိုသို့ ကောက်ယူပစ်ပေးသည့် ပြည်သူ့နီတိ နားလည် လိုက်နာသူ ဦးရေများလာလျှင် အမှုမဲ့ အမှတ်မဲ့ အမှိုက်ပစ်တတ်သူများ ရှက်ရွံ့လာပြီး လမ်းမှန်သို့ ရောက်ရှိ ယဉ်ကျေးစေမည် ကေန်ဖြစ်၏။ စည်းကမ်းရှိသူ

စည်းကမ်းမဲ့သူတို့၏ မတူညီမှုကို အသင့်အတင့် နှလုံးသွင်းနိုင်အောင် စည်းရုံး၍ တူညီစေလိုက်ခြင်းပင် ဖြစ်ပါသည်။

ခေတ်မီနိုင်ငံကြီးများတွင် ပြည်သူ့နီတိကို ပိုမို လိုက်နာကြသည်မှာ ထိုသို့ လေ့ကျင့်ယူခဲ့ခြင်းမှ စတင်ခဲ့၍ လိုက်နာသူ နည်းနည်းက စတင်စည်းရုံးကာ လိုက်နာသူ များလာစေခြင်းဖြင့် အောင်မြင်ခဲ့ခြင်း ဖြစ်ပါသည်။

အချို့နိုင်ငံကြီးများတွင် မြို့သူမြို့သားတို့အား သစ်ပင်ချစ်ခင်စိတ်များ သင်ကြားမွေးမြူပေးထားကြသည် ဆိုတ၏။ သစ်ပင်ချစ်စိတ်က သစ်ပင်မှ ကြွေကျသော ရွက်ကြွေကိုပါ ချစ်ခင်စေပြီး မိမိအိမ်ရှေ့ ပလက်ဖောင်းပေါ်သို့ ကြွေကျသည့် သစ်ရွက်ခြောက်များကို တစ်ရွက်ချင်း ကောက်ယူ၍ အမှိုက်ပုံးတွင်းသွားရောက်ထည့်နေသော မြင်ကွင်းကို မြို့တော်ကြီးများ လမ်းတိုင်းတွင် အချိန်မရွေး သက်ကြီးရွယ်အို မရွေး တွေ့ရနိုင်သည်ဟု စာစောင်များတွင် နိုင်ငံခြား အတွေ့အကြုံ ပြန်ရေးထားသော ဆောင်းပါးများကို ကိုဘစန်း ဖတ်ဖူး၏။ ခေတ်မီတိုးတက်ခြင်း လက္ခဏာထက် တာဝန်သိစိတ် မွေးမြူပေးခြင်း အောင်မြင်၍ ဖြစ်မည်ဟု ကိုဘစန်း ထင်မိသည်။

စည်းကမ်းမဲ့သူအား စည်းကမ်းလိုက်နာဖို့ စည်းရုံးရာတွင် အပြစ်ဖို့ ပြောဆိုနေခြင်းထက် မိမိက စိတ်ပါလက်ပါ ခွင့်လွှတ်ကူညီ၍ နှိုင်းယှဉ်မှု ပြုလုပ်ပေးခြင်းက ပို၍ အောင်မြင်နိုင်သော

နည်းဖြစ်ပေမည်။ သူက မနိုင်မနင်း မအားမလပ်ဖြစ်နေ၍ ''မလုပ်နိုင်သူကို နိုင်နင်းသူ အားလပ်သူ ငါက ကူညီလိုက်မည်'' ဟုလည်းကောင်း၊ ''သူက အလျင်စလို ဖြစ်နေလျှင် အချိန်ရသူ ငါက ကူညီလိုက်မည်''ဟုလည်းကောင်း စိတ်ကောင်းထား ဆောင်ရွက်ပေး၍ စိတ်နှလုံးကို သင့်တင့်အောင် ထားလိုက်လျှင် မတူညီမှုများ တင်းမာမှုများ အထစ်အဖုများ ပြေလျော့သွား နိုင်မည် ဖြစ်ပေ၏။

စိတ်နှလုံးကို သင့်တင့်အောင် နှလုံးထားနိုင်မှုသည် လူသားတစ်ဦးအဖို့ မဖြစ်စလောက်သော ပေးစွန့်မှုသဘောမျှ ဖြစ်သည်ဟု ထင်ကောင်းထင်နိုင်၏။ သို့သော် ၎င်း၏အကျိုးကား တိုင်းပြည်နိုင်ငံအထိ အကျိုးသက်ရောက်မှု ကြီးမားနိုင်ပါ၏။ လူသားတစ်ဦး၏ သဘောထားကြီးမှုသည် အသင့်အတင့် နှလုံးသွင်းစိတ်တွင် အခြေခံပါမှ စိတ်နေကြီးမြင့်ရာ ရောက်နိုင်ပါသည်။ ဗုဒ္ဓဘာသာဝင်တစ်ဦးအဖို့ စိတ်ပိုင်းဆိုင်ရာ မြင့်မြတ်ဖြူစင်မှု မနောဒွါရသည် အရေးအကြီးဆုံး ဖြစ်ပေ၏။

သဗ္ဗပါပဿ အကရဏံ၊
ကုသလဿ ဥပသမ္ပဒါ။
သစိတ္တပရိယောဒပနံ၊
ဧတံ ဗုဒ္ဓါနသာသနံ။
(ဓမ္မပဒဂါထာ ၁၈၃)

၁။ မကောင်းမှုရှောင်၊

၂။ ကောင်းမှုဆောင်၊

၃။ ဖြူအောင် စိတ်ကို ထား။

ဘုရားရှင်တိုင်းသာ၊ ဟောမိန့်မှာ၊ မှတ်ပါ ဤသုံးပါး။

(မြန်မာပြန် လင်္ကာ)

ရဟန်းတို့၊ အရုဏ်တက်ခြင်းသည် နေထွက်ပေါ်လာခြင်း၏ ရှေ့သွားနိမိတ်ဖြစ်သကဲ့သို့ ရဟန်းအား သင့်လျော်သောအားဖြင့် နှလုံးသွင်းမှု 'ယောနိသော မနသိကာရ'နှင့် ပြည့်စုံခြင်းသည် အဂါရှစ်ပါးရှိသော အရိယာမဂ်တရား ဖြစ်ပေါ်ရန် ရှေ့သွားပုဗ္ဗနိမိတ်တည်း။

(မဟာဝဂ္ဂသံယုတ်၊ ယောနိသောမနသိကာရသမ္မဒါသုတ်)

နှိုင်းယှဉ်မှုသာပစာန
သို့မဟုတ်
ကူစားခြင်း

ကိုထွန်းမောင်တစ်ယောက် ရွာသို့ ပြန်ခဲ့၏။

ဒီတစ်ခေါက် ရွာပြန်ရသည်မှာ ခါတိုင်းနှင့်မတူ။ ရွာညီညီ့ကို အဝေးက လှမ်းမြင်ရမှ ကိုထွန်းမောင်၏ ခြေလှမ်းတို့ ပိုမိုလေးကန်လာသည် ထင်ရ၏။

ကိုထွန်းမောင် ရွာပြန်ခဲ့ဖူးပေါင်းများပြီ။

ရွာကအလယ်တန်းကျောင်းတွင် ၈–တန်းအောင်ပြီးနောက် မြို့မှ ဘကြီးဘုန်းကြီးကျောင်းတွင် တည်းခိုရ၍ ၉–တန်း ၁၀–တန်းကို သင်ယူခဲ့ရရာ စနေ, တနင်္ဂနွေနှင့် ဥပုသ်ကျောင်းပိတ်ရက်တိုင်း ရွာသို့ပြန်ခဲ့မြဲ။ ၁၀–တန်းအောင်ပြီးနောက် အလုပ်လုပ်ရင်း တက္ကသိုလ်တက်နိုင်ရန်အတွက် ဘကြီးဘုန်းကြီး အကူအညီဖြင့်ပင် ရန်ကုန်မြို့တော်သို့ ရောက်ခဲ့တော့လည်း တစ်နှစ်တစ်ခေါက်ဆိုသလို မိဘများရှိရာရွာသို့ ပြန်ဖြစ်ခဲ့မြဲ။ ကျောင်းပြီး၍ အစိုးရရုံးတစ်ရုံးတွင် ဝင်ရောက် အလုပ်လုပ်ခဲ့ရာ ရုံးအလုပ်ကတော့ဆွဲထားသည့်ကြားမှ နှစ်စဉ် သင်္ကြန်ရုံးပိတ်ရက်များတွင် ရွာသို့ရောက်ဖြစ်သည်သာများ၏။ ထိုနောက် ရန်ကုန်တွင်ပင် အိမ်

ထောင်ကျ၍ကြင်ဖက်သက်နှံပါရှိသော အခါတွင်လည်း အလွန်အဆင်မပြေလွန်းသော နှစ်များမှလွဲ၍ တစ်နှစ်တစ် ခေါက် မိဘရပ်ထံ ရောက်မြဲဖြစ်ပေသည်။

ရွာမှထွက်ခဲ့သည့် နှစ်သက်နှင့်အမျှ ရွာသို့ ပြန်ခဲ့သော အခေါက်ပေါင်း မနည်းတော့ပြီ။

ခါတိုင်း ရွာပြန်လျှင် ရွာသို့ ရောက်မည်။ မိဘဆွေမျိုး များနှင့် တွေ့ရမည်။ ငယ်ပေါင်းရောင်းရင်းများနှင့် စကားလက်ဆုံ ကျရမည်။ ကြုံရာအိမ်မှာ ထမင်းစား၍ အိမ်အနှံ့ လျှောက် လည်မည် စသည့် အတွေးများဖြင့်ပင် အားတက်ပျော်ရွှင်ခဲ့ သည်ချည်းဖြစ်၏။ ယခုကဲ့သို့ ရွာညှိုညှို့ လှမ်းမြင်ရပြီဆိုပါက နေပူကျဲကြီးကိုပင် ပူပူလောင်လောင် ဖြတ်သန်းကာ စိတ်ထဲတွင် ရွာရိပ်သို့ ခြေချမိဖို့သာ အဓိက ဖြစ်နေတော့သည်။

ယခုတစ်ခေါက် ရွာအပြန်တွင်မူ မော်တော်ပေါ်မှ ဆင်း၍ ကမ်းပေါ်သို့ လှမ်းတက်စမှာပင် ကိုထွန်းမောင်၏ စိတ်တွေလေးနေ သကဲ့သို့ ဖြစ်နေသည်။ ရွာဖက်သို့ ပြန်မည့် အဖော်အလှော်လည်း မတွေ့။ စကားပြောဖော် မရှိဘဲ ငိုင်တိ ငိုင်တိုင် ချောက်တိချောက် ကပ်သွားရမည်ကိုပင် တစ်မျိုးအားဖြင့် စိတ်ထဲက ခပ်ကြိုက် ကြိုက်လည်း ဖြစ်မိသလို ရှိ၏။

ကိုထွန်းမောင်၏ ဇာတိ ထိန်ကုန်းရွာမှာ မော်တော် ဆိပ်မှတက်လျှင် ရွာကို လှမ်းပြင်နေရသော်လည်း ဌာယေ တစ်

ရွာကို ဖြတ်ကျော်ပြီးမှ ရောက်လေသည်။ အသီ မိတ်ဆွေများနှင့် တိုးရမည်ကိုပင် စိတ်ထဲ၌ ဆန္ဒမရှိလှသဖြင့် ရွာငယ်ကိုပတ်၍ လှည်းလမ်းကြောင်းအတိုင်း လာခဲ့သည်။ရွာငယ်ကအထွက် ရွာထိပ်တွင် ကုက္ကိုပင်ကြီးက ရွက်သစ်များ နဝေလျက် နေပျောက်မထိုးအောင် အရိပ်ကောင်းလှသဖြင့် လူသူမရှိသည့် ကုက္ကိုပင်ကြီးအောက် ဝင်နားသည်။

လုမ်း၍မြင်နေရသော ထိန်ကုန်းရွာသို့ နာရီဝက်ကျော်ကျော် လမ်းလျှောက်လိုက်ရုံနှင့် ရောက်ရှိသွားနိုင်ပါ၏။ သို့သော် နွေနေ ခြစ်ခြစ်တောက် ပူပြင်းလျက်ရှိသော လွင်ပြင်ကြီးကို ဖြတ်ကျော်ရမည့်အရေး တွေးကာ ခါတိုင်းကဲ့သို့ မဟုတ်ဘဲ ကိုထွန်းမောင်စိတ်များ ဖင့်နွဲ့လေးလံလျက် ရှိပေသည်။ ကျောပိုးအိတ်ကို ဘေးချ၍ ကုက္ကိုပင်ခြေ သစ်မြစ်ပေါ်တွင် ထိုင်ချလိုက်သော ကိုထွန်းမောင် ၏ရင်တွင် ရှေ့ရေးနောက်ရေး ပူပန်မှုဝန်ထုပ်က ပိုမိုလေးလံ သွားသလားထင်ရတော့သည်။ ရင်ထဲလေးလံမှုကို လျော့သွား ရန်ကား တစ်ဦးဦးကို ရင်ဖွင့်ပြောပြလိုက်ရန်သာ အကောင်းဆုံးဖြစ်ကြောင်းစာများတွင် ဖတ်ဖူးမှတ်ဖူးသည်ကို သတိရသော်လည်း အနီးတွင်ဖွင့်အံ့ပြောစရာတစ်ဦးမျှ မရှိပေ။

ကုက္ကိုပင်ခြေတွင် ဓားဖြင့် အခေါက်ခွာချထားကာ နွားကျောင်းသားတစ်ဦးဦး လက်ကမြင်း ထားပုံရ၏။ လေးထောင့်ပုံ စတုရန်းကျကျ အခေါက်ခွါ စတုရန်းကွက်ကြီးမှာမူ သင်ပုန်းမျက်နှာပြင်တစ်ခုပမာ တစ်စုံတစ်ရာ ရေးခြစ်လိုက်ချင်စရာ

ကောင်းလှ၏။ ပင်ခြေမနီးမဝေးတွင် မြေစိုင်ခဲသုံးခုဖြင့် ဖိုခနောက်ပြုထားသော မီးဖိုပျက်မှ မီးသွေးခဲတစ်ခုကို သွားရောက် ကောက်ယူကာ အခေါက်ခွါ ကုက္ကိုသား အဖြူပြင်တွင် ရေးခြစ်၍ ကိုထွန်းမောင် ရင်ဖွင့်လိုက်မိလေသည်။

'လူတစ်ခု ပူမှုရယ်တဲ့ ဆယ်ကုဋေ'

* * * * * *

ကိုထွန်းမောင် ရန်ကုန်မြို့ ရုံးတစ်ရုံးတွင် အောက်တန်းစာရေး အလုပ်ရခဲ့ပြီး ညကျောင်း (လုပ်သားတက္ကသိုလ်) တက်၍ မြန်မာစာဖြင့် ဘွဲ့ရခဲ့၏။ ဘကြီးဘုန်းကြီး နေရာချထားပေးခဲ့သော ဘုန်းတော်ကြီးကျောင်းတွင် ဆက်လက် ကျောင်းရိပ်ခို နေထိုင်စဉ် သာမန် ၁၀–တန်းကျောင်းသူတစ်ဦးအား အင်္ဂလိပ်စာနှင့်မြန်မာစာ အကူအညီ ပေးရင်းမှ ရင်းနှီးရည်ငံကာ ဘဝတူလက်တွဲခဲ့လေသည်။ ခေတ်သစ် မောင်နှံတို့ထုံးစံအတိုင်း နှစ်ဦးစလုံး ကျောင်းပြီးသည်အထိ သားသမီးစီမံကိန်းတွင် ခေတ်သစ်နည်းများ သုံး၍ ကွက်လပ် ပြသထားပြီးမှ သမီးလေးတစ်ယောက်သာ ရယူခဲ့၏။

သာမန်အားဖြင့် ချစ်ကြခင်းကြ အိမ်ထောင်ပြုကြ မိသားစုအဖွဲ့အစည်းလေး ထူထောင်ကြကာ ကံအလှည့် မကြုံသေးသမျှ မရှိမရှားဘဝနှင့် ဘဝခရီးကို ထူထောင်ရန် ကိုထွန်းမောင်က

သဘောထား၏။ ကိုထွန်းမောင်၏ အိမ်ထောင်ဘက်ကား ထိုသို့ မဟုတ်။ မြို့လယ်ခေါင် အရောင်းအဝယ် ဌာနတစ်ခုတွင် ငွေကိုင်၍ အလုပ်လုပ်ရသည့်အလျောက် ဖြတ်စားလတ်စားနှင့် အခုန်အ ပျံ့ အကျော်အလွှားဖက် အကျင့်ယိုင်၏။ အသုံးအစား လက်ဖွာ၏။ အချေးအငှား ရဲဝံ့၏။ နောက်ဆုံး လွယ်လွယ်ပြောရရင် ဈေးထဲသို့ ပစ္စည်းလာသွင်းသူ ကြားကိုယ်စားလှယ်အဆင့်ရှိ လူလည် မှောင်ခိုသမား၏ ပစ်ကွင်းထဲ သိသိကြီး ဝင်ရောက်သွားလျက် ရန်ကုန်မြင်ကွင်းမှ ပျောက်ကွယ်သွားခဲ့လေ၏။

ကိုထွန်းမောင်မှာသာ တစ်ကြိမ်တစ်ခါမျှ မမြင်ဖူးသည့် ကြွေးရှင်များနှင့် နပန်းလုံးရရုံသာမက ရုံးပြင်ကနား ဌာနဆိုင်ရာများနှင့် ရင်ဆိုင်ရပြီး လက်မလွတ်တတ်သေးသည့် သမီးငယ်တစ်ယောက်နှင့် 'လူတစ်ခု ပူမှုရယ် ဆယ်ကုဋေ' ဖြစ်၍ ကျန်ခဲ့ပေ၏။

မိမိအဇ္ဈတ္တကြောင့်ဖြစ်စေ၊ သူတစ်ပါးပယောဂကြောင့် ဖြစ်စေ၊ ပတ်ဝန်းကျင်အခြေအနေ ရိုက်ခတ်မှုကြောင့်ဖြစ်စေ ထန်းပင်လည်ဆစ် ပြတ်သည့်ပမာ တစ်ဖန်ဆက်စပ်၍ မေတ္တာစစ်ဖြင့် ပြန်လည်ရှင်သန်လာရန်မှာ မဖြစ်နိုင်တော့ချေ။

ထိုသတင်းကြားသဖြင့် ရွှာမှ ကိုထွန်းမောင်၏ အမေသည် ရန်ကုန်သို့ ပေါက်ချလာပြီး မြေးမငယ်ကို ခေါ်ယူသွားခဲ့၍သာ ကိုထွန်းမောင် တစ်ဖက်မှ အသက်ရှူရ ချောင်သွားခဲ့လေ၏။

ထိုစဉ်က ရုံးတွင် ခွင့်ယူမရခဲ့သဖြင့် ရွာသို့ လိုက်ပါမသွားခဲ့ရဘဲ ယခုမှ ခွင့်ရသည်နှင့် ကိုထွန်းမောင် ရွာသို့ ပြန်လာခဲ့ရခြင်း ဖြစ်ပေသည်။

ရွာရောက်တော့လည်း ကိုထွန်းမောင် မပျော်ပိုက်လှပါ။

သမီးငယ်အား ထွေးပွေ့ရသဖြင့် အလွမ်းပြေ၏။ မိဘ ညီအစ်ကို မောင်နှမ အသိုက်အဝန်း၏ အေးချမ်းလှိုက်လှဲမှုတွင် စိတ်ပေါ်ကို ခေတ္တခဏ မေ့ပျယ်ထားနိုင်ခဲ့၏။ သို့သော် အရင်ကကဲ့သို့ လွတ်လပ်ပျော်ရွှင်မှု အရသာမျိုးနှင့်ကား ခြားနားခဲ့လေသည်။ မိမိကိုယ်ကို အလကားနေရင်း သိမ်ငယ်သေးကွေးနေသဖြင့် ခါတိုင်းလို ရွာရိုးအိမ်ပေါက်စေ့ပင် လည်ပတ်ခြင်း မပြုခဲ့။

ခွင့်ရက်စေ့၍ ရွာမှ ပြန်ထွက်တော့ တစ်ယောက်တည်း ငေါင်းစင်းစင်း။ အပူသောကသည် ရင်ထဲ လေးပိလို့ လာပြန်၏။ တစ်ကိုယ်တည်း တိုင်ပင်ဖော် တိုင်ပင်ဖက် မရှိ ရုန်းကန်ရမည့်ဘဝ၊ သမီးငယ်၏ရှေ့ရေးနှင့် နောက်အိမ်ထောင် တစ်ခုကို တစ်ကစ၍ ပြန်စရမည်ဆိုလျှင် အချိန်အတန်လင့်ခဲ့ပြီဖြစ်သော ဘဝခရီးက အဆင်မှ ပြေပါဦးမည်လား၊ စီးပွားဖွံ့ဖြိုးမှု နှေးကွေးနေကြသေးသော်လည်း အခြား လူမှုရေးစသည် အဆင်ပြေနေသည် ခေါ်ဆိုရမည့် ရွာမှ မိတ်ဆွေ ရောင်းရင်းများ၊ မြို့မှ ကျောင်းနေဖက် သူငယ်ချင်းများအကြောင်း စိကာစဉ်ကာ တွေးလိုက်မိသောအခါတွင် ကိုထွန်းမောင်၏ လှမ်းနေသော ခြေ

လှမ်းများ သိသိသာသာ လျော့ကျ သွားသလားပင် ထင်ရ၏။ ခြေလှမ်းများက လျော့ရုံသာရှိ သေးသည်။ ကိုထွန်းမောင်၏ စိတ်ဓာတ်များက သုည အောက်သို့ပင် ကျနှင့်နေပေတော့သည်။ မိမိဘဝ လူနှင့်မတန်အောင် အပူသောကတွေ များလှချေရဲ့–ဟု လမ်းသွားရင်းကပင် ကိုထွန်းမောင် နှုတ်မှ ညည်းညူမိပေ၏။

ရွာငယ်ထိပ်သို့ ရောက်ရှိပါပြီ။

လေးလံလှသော ကိုထွန်းမောင်၏ ခြေလှမ်းများက အလာတုန်းက ဝင်ရောက်နားခဲ့သော ရွာထိပ်က ကုက္ကိုပင်ကြီးဆီ ဦးတည်ဝင်ရောက်ခဲ့၏။ မော်တော်ဆိပ်ကလည်း မဝေးတော့ပြီ။ ၅–မိနစ်ခန့် လျှောက်လိုက်ရုံနှင့် ရောက်နိုင်နေပြီ။ မော်တော်ထွက်ချိန်ကလည်း နာရီဝက်ခန့် လိုသေးသဖြင့် ကိုထွန်းမောင်သည် အလာတုန်းက သစ်ပင်ကြီးအောက် ဝင်၍ သစ်မြစ်ပေါ် ကျောပိုးအိတ်ကို ချကာ ပုဆိုးပြင်ဝတ်ရင်း နားလိုက်သည်။

ကုက္ကိုပင်ကြီး၏ ပင်စည်သို့ ကိုထွန်းမောင်၏ မျက်စိက ရောက်သွားသည်။ သစ်ခေါက်ခွါ အဖြူသားပြင်တွင် မီးသွေးခဲဖြင့် အလာနေ့တုန်းက ကိုထွန်းမောင် ရေးခဲ့သော စာကြောင်းက အထင်းသား ရှိနေသေးသည်ကို တွေ့ရ၏။ ''လူတစ်ခု ပူမှုရယ်တဲ့ ဆယ်ကုဋ္ဌေ''

မိမိရင်ထဲမှ အပူအလုံးအခဲကို လျော့တန်သလောက် လျော့သွားစေတော့ဟု အလာတုန်းက မီးသွေးဖြင့် ရေးခြစ် ခဲ့သော

ထိုစာတန်းကို ဖတ်ရှုရင်း ကိုထွန်းမောင် မျက်စိကျယ်သွားရသည်။ အဘယ်ကြောင့်ဆိုသော် မိမိရေးသားခဲ့သည့် ''လူတစ်ခု ပူမှုရယ်တဲ့ ဆယ်ကုဋေ'' စာကြောင်းအောက်တွင် နောက်ထပ် စာတစ်ကြောင်း တိုးနေသောကြောင့် ဖြစ်ပါသည်။

စာမှာ ''ပူသရွေ့ လူတွေ့ပင် မခံချင်'' ဟူ၍ ဖြစ်၏။

မှင်သက်မိသွားသည်ဟု ပြောရမည်လား မသိ။ ကိုထွန်းမောင်သည် ထိုစာကြောင်းအသစ်ကို ဖတ်ရှုပြီး ငေးငိုင်၍ သွားလေသည်။ တစ်နည်းဆိုလျှင် ကိုထွန်းမောင် အတွေးများ နက်ရှိုင်း၍ သွားခြင်းလည်း ဖြစ်တန်ရာပေ၏။ အကြိမ်ကြိမ် ဖတ်ကြည့်မိပေ၏။ မော်တော်ဆိုင်ကယ် ထွက်ခွါ လာသည်အထိ အနှီစာကြောင်း နှစ်ကြောင်းသည် ကိုထွန်း မောင်၏ ရင်ထဲ စူးနစ်၍ ပါလာခဲ့တော့၏။

လောကကြီးတွင် နှိုင်းယှဉ်မှုသာ ပစာန အယူအဆက လက်တွေ့ဖြစ်၏။ အရာရာသည် နှိုင်းယှဉ်မှုဖြင့် ဝေဖန်ပိုင်းခြား နေကြ၏။ အနိမ့်, အမြင့်, အတိုအရှည်, အပေါ့အလေး, အနုအရင့်, အဖြစ်အပျက်, အဆိုးအကောင်း, အယုတ်အမြတ် စသည့် ဆန့်ကျင်ဖက် နှိုင်းယှဉ်မှုသာ မရှိလျှင် ''နတ္ထိ'' ဆိုသည့် စကား တစ်လုံးကိုပင် ဆိုလောက်ဖွယ်ရာ မရှိတော့ချေ။

ဤနယ် နှိုင်းယှဉ်မှု လောကကြီးအတွင်း နေထိုင်သူ ကိုထွန်းမောင်တစ်ယောက်လည်း နှိုင်းယှဉ်မှုသဘောဖြင့် မိမိ

ဘဝကို ဆက်စပ်ရပေတော့မည်။ နှိုင်းယှဉ်မှု အယူအဆနှင့် ဆက်စပ်အပ်ကောင်းခြင်း သဘောတရားတစ်ခုကို ကိုထွန်းမောင်ရင်မှာ မွေးဖွားယူဖို့ရန်အတွက် ''ပူသရွှေ့ လူတွေ့ပင် မခံချင်'' စာကြောင်းက အဓိပ္ပါယ်အပြည့် ဆောင်ချဉ်း၍ ပေးနေချေပြီ။

ကိုထွန်းမောင်တွင် ရှက်ခြင်း၊ ရင်မဆိုင်လိုခြင်း၊ အထီးကျန်ခြင်း အပူသောကများ နှိပ်စက်ခံနေရ၏။ တစ်ခြားသော သူများမှာ သောကဒုက္ခများ သည်မျှမများလှဘဲ မိမိမှာသာ ဆင်းရဲအပေါင်းကို ပွေ့ဖက်နေရ၏။ ''ကြုံတွေ့ရသော ဝဋ်ဒုက္ခနှယ် ကြီးလေးပါဘိခြင်း''ဟု မိမိဘဝအပေါ် တောင့်ခံလိုသည့် စိတ်ဓာတ်များ လျော့ပါးကုန်ခန်း၍ လာနေခဲ့၏။ မိမိထက် အဆင်ပြေသူ (သို့မဟုတ်) မိမိထက် ကံကောင်း သူများနှင့် နှိုင်းယှဉ်ခြင်းအားဖြင့် ကိုထွန်းမောင်၏ဘဝ ရှင်လျက်နှင့် သေနေဖို့ရာသာ ကျန်ရှိတော့မည်ပင်။

''လူတစ်ခု ပူမှုရယ်တဲ့ ဆယ်ကုဋေ'' အဖြစ်နှင့် ကြုံရသူ ကိုထွန်းမောင်၏ ဘဝနှင့်စာသော် ''ပူသရွှေ့ လူတွေ့ပင် မခံချင်'' တော့သူတစ်ဦး၏ အဖြစ်ကား ကိုထွန်းမောင်ထက် အဆရာထောင်ဆိုးပေ၏။ ကိုထွန်းမောင်၏ အဖြစ်က လူတွေ့၍ ရှင်းပြလိုက်နိုင်လျှင် ခံသာပေသေး၏။ လူတွေ့လျှင် သူ့ဘဝအကြောင်း ထုတ်ဖော်ပြောပြ၍မှ မကောင်းတော့သဖြင့် လူဟူသမျှ တွေ့ပင် မတွေ့ချင်လောက်အောင် အဖြစ်ဆိုးကြရှာသူများ လုံ့လောကတွင်

ရှိနေပါသေးရော့လားဟု ကိုထွန်းမောင်၏ ကျရှုံးနေသော စိတ်ဓာတ်များကို ထူမ၍ ယူရပေတော့မည်။

''လူတစ်ခု ပူမှုရယ်တဲ့ ဆယ်ကုဋေ'' နှင့် ''ပူသရွေ့ လူတွေ့ပင် မခံချင်'' စာနှစ်ကြောင်းဖြင့် ကိုထွန်းမောင်တစ်ယောက် အနာဂတ်ဘဝတစ်ခုကို တွေ့ရှိသွားလောက်ပြီဟု ယူဆရပါတော့မည်။

* * * * * * *

လှေကားထောင်၍ အမြင့်သို့ တက်သူတစ်ဦးသည် ထိပ်ဆုံးသို့ ရောက်ရှိရန်အတွက် အောက်အဆင့်သို့ ငုံ့ကြည့်ရန် မလိုပေ။ မိမိရောက်ရှိရမည့် အထက်အဆင့် ပန်းတိုင်သို့သာ ဇောကပ်လျက် တစ်ဆင့်ပြီးတစ်ဆင့် တက်လှမ်းသွားခြင်းဖြင့် ချောမော အောင်မြင်နိုင်ပေ၏။ လှေခါးထက်ဝက်သို့ ရောက်ရှိပြီး ဆက်မတက်နိုင်သူ လမ်းခုလတ်သမားအဖို့ကား အထက်ဆင့်များသို့ လှမ်း၍ လွမ်းနေမည့်အစား အောက်အဆင့်သို့ လျှောမကျအောင်သာ စိမ်ဖန်တီးအပ်ပေ၏။ မိမိအောက်အဆင့်ရှိ သူများနှင့် နှိုင်းစာ၍ မိမိရောက်ရှိသည့်အဆင့်ကို ခုံမင်ကျေနပ်နိုင်ဖို့ရာ ကြိုးစားခြင်းသည်သာ သဘာဝ ကျပေလိမ့်မည်။

ပုထုဇဉ်တို့ ဘာသာဘာဝ မိမိ၏စိတ်တွင် စွဲကပ်နေသည့် သံသယ, ကုက္ကုစ္စ, သောက, ဒေါမနဿ စသည့် အကုသိုလ် စေတသိက်ကြောင့် စိတ်တွင် နောက်ကျနေတတ်ကြ၏။

ထိုညစ်ထေးနောက်ကျနေမှုကြောင့် ဘဝအားမာန်များ ကျဆုံးကာ စိတ်ဓာတ်ကျဆင်းမှုများနှင့် ကြုံရတတ်သော် ဖြေသာသော နှိုင်းယှဉ်မှုများကို အစားထိုး နိုင်ကြရပေမည်။

''မင်းဟာက လွမ်းလောက်စရာ မရှိပါဘူးကွာ'' ဟူသော အပြောစကားတွင် မကောင်းသော အရည်အချင်းများ သာသာ ထိုးထိုးပြ၍ နှိုင်းယှဉ်ပြခြင်း ဖြစ်ပါသည်။ ''လွမ်းတာလေးကို နာတာလေးနှင့် ဖျောက်ရမည်'' ဆိုစကားကမူ ပိုမိုထင်ရှားလေသည်။ ချစ်ခင်မှုကြောင့် နှမျောတမ်းတနေမှုကို အခြား မကျေနပ်စရာများနှင့် နှိုင်းယှဉ်၍ စိတ်တွင်းမှ ဖယ်ထုတ်ခိုင်းခြင်း တစ်မျိုးဖြစ်သည်ဟု ယူဆအပ်ပေ၏။

စီးပွားမှု မအောင်မြင်သူများသည် ရောင့်ရဲခြင်း၊ ခြိုးခြံခြင်း မင်္ဂလာတို့ကို အခြားသူများထက် ပိုမို သဘောပေါက်ကြရ၏။ အထူးသဖြင့် အတွေ့အကြုံရင့်သူ ပညာတတ်သူများသည် ရှေ့နောက် ဆင်ခြင်တိုင်းထွာမှု အသိကြောင့် ရောင့်ရဲမှု, ခြိုးခြံမှု ပိုကြရ၏။ သို့သော်လည်း ထိုသူများသည်ပင် တစ်ခါတစ်ရံ ရောင့်ရဲမှု, ခြိုးခြံမှု မင်္ဂလာများကို ဘေးချိတ်ကာ စိတ်နောက်ကိုယ်ပါ ပြုမူမိတတ်ကြ၏။ ထိုအခါ နှိုင်းယှဉ်မှုသာ ပဓာနဖြင့် ဖြေကြရပါမည်။

ဥပမာ– လူတစ်ဦးသည် သွားရင်းလာရင်း ထမင်းဆာလာသဖြင့် တွေ့ရာဆိုင်တွင် အလျှဉ်းသင့်ရာ တစ်ခုခု ဝင်စား

လိုက်၏။ ငွေကြေးကို ခြွေတာသုံးစွဲနေရသည့်အထဲ စျေးကြီးသော ဆိုင်ဖြစ်နေ၍ အိတ်ကပ်ထဲ ပါသမျှငွေလေး မတန်တ၏, တန်၏ ရှင်းပေးခဲ့ရ၏။

ဆိုင်ကထွက်တော့ ကုန်ကျခဲ့သည့် ငွေအတွက် ထိုသူ၏ရင်ထဲတွင် တသသ နှမြောနေခဲ့သည်။ ထိုကုန်ကျငွေကို အိမ်ကျမှ ထမင်းဟင်း စီမံ၍ စားသောက်ပါက အိမ်က လူများ အားလုံး တစ်နပ်စာစား၍ ရနိုင်သည်ဟု သောကစိတ်က ရင်ထဲ တန်ခိုးခိုး ပါလာခဲ့၏။ သို့သော် ထိုသူအနေနှင့် ''ညော်– သူများတွေလို ငါသောက်စားမူးယစ် သုံးဖြုန်းပစ်တာ မဟုတ်ဘူး၊ ထမင်းဆာတာနဲ့ စိတ်ထဲဆန္ဒရှိတာ တစ်ခါတစ်ရံ သုံးလိုက်မိတာပဲ၊ ထားလိုက်ပါတော့''ဟု. နှိုင်းယှဉ်စိတ်မျိုး မွေးမြူလိုက်ပါမှ ထိုသူ၏ ရင်ထဲက သောကသည် ခဏအတွင်း ငြိမ်းစဲသွားနိုင်ပေလိမ့်မည်။

လခစား ဝန်ထမ်းနှစ်ဦးဖြစ်ကြသော ဇနီးမောင်နှံရှိရာ ဇနီးက ရေခဲသေတ္တာ ဝယ်ယူချင်နေ၏။ ရေခဲသေတ္တာ ရှိခြင်းဖြင့် ရေအေးအေးကို သောက်သုံးရမည့်အပြင် သားငါးနှင့် ဟင်းသီးဟင်းရွက် အသီးအနှံများကို နှစ်ရက်သုံးရက်စာ ဝယ်ထား၍ ရနိုင်သဖြင့် နေ့စဉ် ရုံးအပြန် စျေးထဲဝင်ထွက်ရသောအလုပ် သက်သာသွားမည်ဟု အကြောင်းပြချက် တသီတတန်းကြီးနှင့် ဖြစ်၏။ ခင်ပွန်းသည်ကလည်း ထိုအချက်များကို သဘောကျ၏။ သို့သော် ရေခဲသေတ္တာ သုံးစွဲခြင်းကြောင့် ရရှိနိုင်မည့် အကျိုး

တရားထက် ဆက်လက် ဖြစ်ပေါ်လာမည့် အဆိုးတရားများ ကိုလည်း မြင်ထားလေသည်။

အိမ်တွင် မောင်နှမ သားအမိ အိမ်ထောင်စုသုံးခု စုနေရသော အိမ်တွင် ရေခဲသေတ္တာကို သော့ခတ်ထား၍လည်း မသင့်လျော်။ ရေခဲသေတ္တာအတွင်း ထားရှိသော ပစ္စည်းများ လျော့နည်းနေသည်ကို တွေ့ရပြန်လျှင် ကလေးလူကြီး ရန်မီး ပွားဦးမည်။ အဆိုးဆုံးမှာ ရေခဲသေတ္တာကို ၂၄-နာရီ သုံးစွဲရသဖြင့် လျှပ်စစ်မီတာခ ယခုထက် ထက်ဝက်မက ပိုမိုကုန်ကျဦးမည်။ မိမိတို့၏ လခစားဝန်ထမ်း မိသားစုဝင်ငွေနှင့်ဆိုက ငွေကို ချစ်ချုပ်ကာ ရှိတာလေး ထုခွဲ၍ ရေခဲသေတ္တာတစ်လုံး ဝယ်နိုင်သည်ထားဦး။ ရေခဲသေတ္တာ သုံးစွဲခြင်းကြောင့် အပိုဆောင်းလာမည့် ကုန်ကျမှုများအတွက် သုံးစွဲကျခံနိုင်အား မရှိနိုင်ပေ။

သို့နှင့် လခစားဝန်ထမ်း ဇနီးမောင်နှံတို့၏ ရေခဲသေတ္တာ ဝယ်ယူရေး စီမံကိန်းသည် နှစ်ဦးသဘောတူ ပျက်ပျယ်၍ သွားခဲ့ရ၏။ အဆိုးနှင့်အကောင်းတို့၏ နှိုင်းယှဉ်မှုမှ ထွက်ပေါ်လာသည့် အဖြေဖြစ်သဖြင့် ပရမ်းပတာ ဆုံးဖြတ်ချက်မျိုး မဟုတ်ပေ။ ဘဝင်ကျစေသော ဆုံးဖြတ်ချက်ဖြစ်ပြီး ဇနီးသည်က ''သားငါးသီးနှံကို နေ့စဉ်စျေးမှာ ဝယ်ချက်တာပဲ ပိုမို လတ်ဆတ်ပါတယ်လေ''ဟူ၍ ဆောင်ရွက်နေကျ အမှုကိစ္စအပေါ် ကျေနပ်ခဲ့

လေ၏။ ယင်းကျေနပ်မှုသည်ပင် နှိုင်းယှဉ်မှုမှ လက်ရှိအခြေအနေကို အားသစ်ခြင်း တစ်မျိုး ဖြစ်ပေ၏။

ရဟန်းတော်များ လိုက်နာကျင့်သုံးရန် ကျင့်ဝတ်စည်းမျဉ်းအာပတ်ခုနှစ်ပုံကို ဘုရားရှင်က ပညတ်ထားပေးတော်မူခဲ့၏။ ထိုကျင့်ဝတ်စည်းမျဉ်းများကို လွန်ကျူး၍ ကျင့်မိပါက အလေးလံဆုံး ပါရာဇိက အာပတ်မှအပ ကုစားရန် အာပတ်ဖြေနည်းများလည်း ပေးအပ်ခဲ့ပါသည်။ ဝတ်ဆောက်တည်ခြင်း၊ ပစ္စည်းစွန့်၍ ဒေသနာကြားခြင်း၊ မိမိအပြစ်ကို ထင်စွာပြု၍ ဒေသနာကြားခြင်း စသည်ပြုကာ အာပတ်ဖြေရ၏။

ရဟန်းတော်များ၏ ဝိနည်းပြစ်လွတ်ကင်းအောင် အာပတ်ဖြေမှုအားလုံးတွင် အာယတိ'သဝရစိတ် (နောင်အခါသည်အမှုမျိုး မကျူးလွန်မိအောင် သတိထားစိတ်)က အရေးကြီးဆုံး အချက်ဖြစ်ပေ၏။ ထိုစိတ်ထားမျိုး မရှိပဲ အာပတ်ဖြေကုစားမှုသည် အာပတ်ပျောက်ရုံသာလျှင် အကျိုးပြီးမြောက်မည်ဖြစ်ပြီး နောင်အခါ စောင့်စည်းမည့် သံန္ဓိဋ္ဌာန် သတိတရားသည်သာလျှင် ရဟန်းတော်တစ်ပါးအတွက် မဂ်ချမ်းသာ ဖိုလ်ချမ်းသာ အကျိုးကျေးဇူးအထိ ပေါက်မြောက်နိုင်မည် ဖြစ်ပါသည်။ ဖြစ်ပြီးပြုပြီးသည့် မှုအပြစ်ကို ပြန်လည်သတိရနှိုင်းယှဉ်၍ နောင်တွင် ထိုပြစ်မှုမျိုး ထပ်မံ မကျူးလွန်မိစေရန် ထိန်းသိမ်းလိုစိတ်ကိုသာ ဘုရားရှင် ချီးကျူးတော်မူသည်ဟု မှတ်ယူသင့်လှပေသည်။ ❑

ကွန်ယက်

သို့မဟုတ်

ဥဒ္ဓာနသမ္ဗဒါ

စာပေအသိုင်းအဝိုင်းဟုဆိုလျှင် စာရေးဆရာများ၊ ကဗျာဆရာများ၊ ·အယ်ဒီတာများ၊ ပန်းချီဒီဇိုင်းဘလောက်ဆရာများ သတင်းထောက်များနှင့် စာစီစက်ရိုက်၊ ပုံနှိပ်ထုတ်ဝေ ဖြန့်ချိသူများ ပါဝင်သည်။ ယနေ့ခေတ်တွင်မူ ပုံနှိပ်လောကသည် ကွန်ပျူတာစာစီနှင့် အော့ဖ်ဆက်ခေတ် ရောက်လာပြီဖြစ်၍ ဖလင်ကာလာ ခွဲသူများ၊ ဖလက်တွဲသူများနှင့် ကွန်ပျူတာစာစီ သူများကိုပါ ထည့်သွင်းရမည်ဖြစ်သည်။ စာပေအသိုင်းအဝိုင်းနှင့် ဆက်စပ်နေသော စာပေရေးရာ ရှင်သန်လှုပ်ရှားမှုများသည် စာပေလောကရေစီးကြောင်းလည်း ဖြစ်ပေ၏။

စာအုပ်စာပေလောက ရေစီးကြောင်းသည် အခြားသော အနုပညာ အစီအစဉ်များနည်းတူ စဉ်ဆက်မပြတ် ရှင်သန်ဖွံ့ထွားလျက်ရှိ၏။ စာပေလောက ရေစီးကြောင်းကသာ ရှင်သန်ဖွံ့ထွားလျက် သီးပွင့်ဝေဆာနေသော်လည်း စာပေကို အကြောင်းပြု၍ ကြီးပွားချမ်းသာ အကျိုးအမြတ် ဖြစ်ထွန်းကြသည်ကား သိပ်မများလှ။ ငွေကြေးစိုက်ထုတ် လည်ပတ်

နိုင်သည့်အလျောက် လစဉ်မပြတ် ထုတ်ဝေဖြန့်ချီသူများနှင့် နောက်ဆုံးပေါ် ကွန်ပျူတာ အော့ဖ်ဆက်ပုံနှိပ်လုပ်ငန်း ပိုင်ရှင်တို့ လောက်သာ အကျိုးဖြစ်ထွန်းသည်ကို တွေ့ရ၏။ စာပေရေးသား ပြုစုသူ စာရေးဆရာ၊ ကဗျာဆရာ၊ အယ်ဒီတာ အပါအဝင် ကျန်အများစုကား အခစားနှင့် အခစားသာသာ အကျိုးအမြတ် လောက်နှင့် ဝါသနာကို မစွန့်နိုင်ပဲ ဖက်တွယ်လုပ်ကိုင် နေကြပေ၏။

စာပေလောကသား ထိုအများစုသည် ရန်ကုန်မြို့တော် မြို့သစ် ဆင်ခြေဖုံး ရပ်ကွက်များ၌ နေထိုင်ကြပြီး စာအုပ်စာပေများ ပုံနှိပ်ထုတ်လုပ်ရာ ရန်ကုန်မြို့တွင်းသို့ လာရောက်စုဝေးကြရ၏။ စာရေးဆရာ လူကြီးပိုင်းတို့က ပုံနှိပ်တိုက်များတွင် စုဝေးကြပြီး လူငယ်စာရေးဆရာ၊ ကဗျာဆရာ၊ ပန်းချီဆရာတို့ကမူ ခင်မင်ရာ အုပ်စုလေးအလိုက် လက်ဖက်ရည်ဆိုင် တစ်ခုခုကို စုရပ် သတ်မှတ်ကာ ဆုံစည်းရာပြုကြ၏။ ရန်ကုန်မြို့လယ် ၃၂-လမ်း၊ ၃၃-လမ်း၊ ၃၄-လမ်းတစ်ဝိုက်၊ ကန်တော်ကလေးတစ်ဝိုက်၊ ကျောက်မြောင်းတစ်ဝိုက်၊ ဒဂုံမြို့သစ် (တောင်ပိုင်း) စက်မှုဇုံတို့သည် ပုံနှိပ်တိုက်များ၊ စာပေတိုက်များ ပျံ့နှံ့တည်ရှိသဖြင့် စာပေ သမားများ စုဝေးရာ နေရာများ ဖြစ်ကြပေ၏။

ထိုဒေသများအတွင်းရှိ လက်ဖက်ရည်ဆိုင် တစ်ဆိုင်ဆိုင်တွင် လူငယ်လူလတ်ပိုင်း အရွယ် ၄-၅-၆-ဦး ပိုင်းဖွဲ့လျက် စာပေ ရေးရာ ဝေဖန်ငြင်းခုံ နီးနှောနေကြလျှင် စာရေးဆရာ၊ ကဗျာဆရာ၊ ပန်းချီဆရာ အုပ်စုဖြစ်ဖို့ရာ သေချာ၏။ ထိုသို့ မဟုတ်၊

ချောင်ကျကျ ခပ်ချောင်ချောင်ဆိုင်၌ အကြီးအငယ် အရွယ်မညီ ခပ်နွမ်းနွမ်း ခပ်ပိန်ပိန် ၃-၄ ဦး လေးတွဲ့စွာ လက်ဖက်ရည် သောက်နေကြသည်ကို မြင်လျှင် ပုံနှိပ်တိုက် ဖိုမင်စာစီစက် ရိုက်သူ အရံပုံနှိပ်လုပ်သားများ ဖြစ်ဖို့ရာ မလွဲလောက်ပေ။

ညနေ အပုပ်ချိန်ရောက်လျှင် စာပေလောက အသိုင်း အဝိုင်းအတွင်း အချို့အချို့သူများသည် ယမ္မကာလေး ဘာလေး မိုဝဲကောင်း မိုဝဲကြမည်ဖြစ်သော်လည်း .အားလုံး တူညီကြသည့် ဝါသနာတစ်ခုက လက်ဖက်ရည်ကို ဘယ်သူမှ မမုန်းကြခြင်း ဖြစ်၏။ လက်ဖက်ရည်ကို ကြုံရာဆိုင်တွင် ကြုံရာလူနှင့် ထိုင်သောက်ရန် အချိန်နေရာအကြိမ် ဘယ်တော့မှ ငြင်းဆိုခြင်း မပြုပေ။ စာပေဝါသနာ ချစ်ခင်မှုအရလည်း နီးနှောချင်ကြခြင်းလည်း ဖြစ်နိုင်ပါသည်။ စာပေလိုင်း သမားများပီပီ အတွေးအခေါ်နှင့် ဗဟုသုတများကို လေ့လာထားသည့်အလျောက် နားလည်မှု ရှိသူချင်း စကားစပြည် ပြောချင်တာလည်း ပါမည်ပင်။

ဘာကြောင့်ပဲ ဖြစ်ဖြစ်၊ လင်းလင်းစာပေတိုက်ကို ထူ ထောင်ထားသူ ကိုလွင်အောင်ရှိန်အား လက်ဖက်ရည်ကို အသောက်နိုင်ဆုံးသူအဖြစ် စာပေလောကသား အတော် များများ သိရှိကြ၏။ ယနေ့ပဲ ကြည့်။ ကိုလွင်အောင်ရှိန်သည် နံနက် ၈-နာရီအချိန်တွင် အိမ်မှ ထွက်ခဲ့၏။ လမ်းထိပ် သောက်နေကျ လက်ဖက်ရည်ဆိုင်တွင် ရပ်ကွက်ထဲမှ စာပေ

အပေါင်းအသင်း နှစ်ယောက်က ကိုလွင်အောင်ရှိန် ဝင်လာသည်ကို မြင်သည်နှင့် ပေါ့ကျတစ်ခွက် မှာပြီးနှင့်သည်။ ၉-နာရီထိုးတော့ စာပေစိစစ်ရေးရုံးသို့ သွားမည်ဟု ဆိုင်မှ ထွက်ခဲ့ပြီး ရောက်နိုင်မည့်ကားကို စီးလာခဲ့သည်။ စာပေစိစစ်ရေးရုံးမှာ မဖွင့်သေး။ ကိုလွင်အောင်ရှိန်သည် ရုံးအနီး လက်ဖက်ရည်ဆိုင်၌ သူတိုက်သလို ကိုယ်တိုက်သလိုနှင့် လက်ဖက်ရည်တစ်ခွက်, ဆေးလိပ်တစ်လိပ် သောက်လိုက်ပြန်၏။

ရုံးကိစ္စပြီး၍ ပြန်ထွက်တော့ ကားဂိတ်လက်ဖက်ရည်ဆိုင်၌ သူငယ်ချင်းက တိုက်၍ ထိုင်ဖြစ်လိုက်ပြန်၏။

ကိုလွင်အောင်ရှိန်၏ ဇနီးမှာ အစိုးရဝန်ထမ်းတစ်ဦး ဖြစ်၍ ရုံးဖွင့်ရက်များတွင် အိမ်၌မရှိရာ နံနက်စာကို ကိုလွင်အောင်ရှိန်က အိမ်သို့ ပြန်စားခဲ့၏။ အိတ်ထဲ ပိုက်ဆံနည်းသည့် အခါများတွင် အမေအိမ်ဝင်၍ ရှိတာနှင့် စားလိုက်သည်ကလည်း အကြိမ်ကြိမ်။ တစ်ခါတစ်ရံ၌မူ လက်ဖက်ရည်တွေ ဆက်တိုက်များပြီး ထမင်းမဆာတော့သဖြင့် နံနက်စာ လွတ်သွားတတ်သည်လည်း ရှိသေး၏။ ဒီနေ့တော့ သူငယ်ချင်း ကပင် မြို့ထဲလိုက်လာပြီး ထမင်းပါ ကျွေးသွားလေ၏။

ထမင်းစားပြီး၍ စာအုပ်ရိုက်နှိပ်ရာ ပုံနှိပ်တိုက်သို့ ရောက်ရှိလျှင် ကိုလွင်အောင်ရှိန်လက်ထဲတွင် ပါလာသော စာပေစိစစ်ရေးရုံးမှ ပုံနှိပ်ခွင့်ရစာမူ မြင်ရသည်နှင့် ပုံနှိပ်တိုက် ဖိုမင်နှင့် စာစီစက်ရိုက်သမားများက ဖောင်ဖွင့်ပွဲပြုလုပ်ပေးပါ တောင်းဆိုကြသဖြင့် လူ ၄-၅-၆-ယောက်ကို လက်ဖက်ရည်ဆိုင် ခေါ်ခဲ့ရ၏။ ကိုလွင်အောင်ရှိန်ပါ တစ်ခွက်သောက် ဖြစ်ခဲ့ပြန်၏။ ဆိုင်ဝင်ဖြစ်မှတော့ သောက်ဖြစ်ခဲ့ပြန်၏။

အလုပ်ကိစ္စများ ပြီးစီး၍ ညနေ အိမ်ပြန်ခါနီး ကားမှတ်တိုင်သို့လာရင်း မြို့လယ် ဆူးလေဘုရားပေါ်ကက် ဝတ်ပြုပြီး၍ ပြန်ဆင်းအလာတွင် သာသနာရေးဦးစီးဌာနမှ စာပေမိတ်ဆွေနှင့် တွေ့ကာ လက်ဖက်ရည်ဆိုင်သို့ ဆွဲခေါ်ရာ ပါသွားခဲ့ပြန်သည်။ ယနေ့အဖို့ ခြောက်ခွက်မြောက် နောက်ဆုံး လက်ဖက်ရည်ပင် ဖြစ်လေတော့သည်။ ဤသို့ပင် တစ်နေ့တစ်နေ့ ကိုလွင်အောင်ရှိန် လက်ဖက်ရည်သောက်ဖြစ်သော ငွေကြေးပမာဏသည် ထမင်းစရိတ်ထက်ပင် ကျော်လွန် များပြားလျက် ရှိပေသည်။

လက်ဖက်ရည်ကိုတော့ ကိုလွင်အောင်ရှိန်ကလည်း ခွင့်ပြုထား၏။ တစ်ချိန်က ကိုလွင်အောင်ရှိန်သည် လက်ဖက်ရည်ထက် သုံးဆမက ကုန်ကျမှုရှိသော ယမကာကို နှစ်ခြိုက်ခဲ့ဖူး၏။

ဒီတုန်းက လင်းလင်းစာပေသည် တစ်လတစ်အုပ် မှန်မှန်ထုတ်လျက် ရှိ၏။ ဝတ္ထုများ၊ ဘိုးတော်စာအုပ်များ၊ ထောင်အတွေ့ အကြုံစာအုပ်များနှင့် အခြားသော သုတပညာပေးစာအုပ်များ ပါဝင်၍ စာပေမျိုးစုံ ထုတ်ဝေလျက် ရှိခဲ့၏။

သည်တုန်းက ကိုလွင်အောင်ရှိန်သည် လူပျိုလူလွတ်လည်းဖြစ်ပြန်တော့ နံနက်ကနေ နေ့လယ်ထိ လက်ဖက်ရည်ဆိုင်တက်လည်သောက်နေပြီး ညနေအပုပ်ချိန် ရောက်တော့ အရက်ဆိုင်တက် လှည့်သောက်သည်။ မော်တော်ဆိုင်ကယ် ဝယ်ထားသော်လည်း ကိုလွင်အောင်ရှိန်မှာ မစီးတတ် မစီးရဲသဖြင့် အခြားသူတစ်ဦးကို အရက်တိုက် ထမင်းကျွေး၍ ဒရိုင်ဘာသဖွယ် ခေါ်ထားခဲ့ရ၏။ လင်းလင်းစာပေ ထုတ်ဝေရေးမှာ စီးပွားရေးအားဖြင့် သည်မျှ အောင်မြင်ခဲ့ပါသည်။

လူ့ဘုံသည် ဆင်းရဲချမ်းသာ နှစ်မျိုးရောသော ဘုံဖြစ်၍ လူ့ဘုံရှိ ပုတုဇဉ် လူသားတို့သည် ဆင်းရဲဒုက္ခကို ဇာတိပဋိသန္ဓေဘဝကစ၍ ခံစားကျင့်ရှိပြီး ဖြစ်ကြ၏။ ဆင်းရဲဒုက္ခကို ယာယီအခက်အခဲအဖြစ် သဘောထားပြီး ထိုမှလွန်မြောက်လျှင် ချမ်းသာသုခကို ခံစားရလိမ့်မည်ဟု မျှော်လင့်ချက် အမျိုးမျိုးရှိကြ၏။ ဆင်းရဲလွန်မြောက်၍ ချမ်းသာရောက်သည်နှင့်လည်း ပုထုဇဉ်ပီပီ အတိုးချ၍ ခံစားကျင့်ကလည်း အလိုလို ပါနေကြ၏။ ဤသို့ဖြင့် လူသားတို့သည် လောကခံရှစ်ပါးတွင် ဆင်းရဲဒဏ်

ခံနိုင်ရန် အသင့်ရှိကြသလောက် ချမ်းသာဇော် ခံနိုင်ဖို့ရာ ဆင်ခြင်ဉာဏ်နှင့် ပြည့်စုံရန် ခဲယဉ်းနေကြပေ၏။

ကိုလွင်အောင်ရှိန်ကဲ့သို့ စီးပွားရေး ရည်မှန်းချက်ဟူ၍ မရှိသေးသူ လူလွတ်တစ်ယောက်အဖို့ အတန်အသင့် ပြေလည်ရုံမျှနှင့်ပင် ချမ်းသာဇော် မခံနိုင်ခဲ့ပေ။ တစ်စတစ်စ အရက်ကနေ အပျော်အပါး ဖက်လာသောအခါ ကိုလွင်အောင်ရှိန်၏ အောင်မြင်စ ပြုနေသော လင်းလင်းစာပေမှာ စာအုပ်များ အထွက်ကျဲလာပြီး မြုတ်ချေပေါ်ချေဖြစ်လာသည်။ နောက်ဆုံး လုံးဝ ရပ်ဆိုင်းသွားတော့မည့် အခြေအနေသို့ ရောက်လာသည်။ စာအုပ်ကြွေးများ ပြန်မရသလို လူလိမ်လည်းခံရ၏။

''အဆိုးထဲက အကောင်း၊ အရှုံးထဲက အမြတ်''ဟု ခေါ်ရမည်လား မသိ။ အဖတ်ဆယ်၍ မရအောင် မပျက်စီးမီ ကိုလွင်အောင်ရှိန်သည် သူ့ကိုယ်သူ ထိန်းသိမ်းနိုင်ခဲ့သည်။ ပို၍ ကောင်းသည်မှာကား ကိုလွင်အောင်ရှိန် အိမ်ထောင်ကျသွားခဲ့၏။ ကိုလွင်အောင်ရှိန်၏ အမျိုးသမီးမှာ သူစွဲလမ်းခဲ့သူ တစ်ဦးဖြစ်ခဲ့၍ အရှုံးထဲက အမြတ်ဟု ခေါ်ဆိုနိုင်ခြင်း ဖြစ်ပေ၏။

ယခုအခါ မယားနှင့် သားနှင့် ဖြစ်လာပြီဖြစ်သော ကိုလွင်အောင်ရှိန်တစ်ယောက် စာပေထုတ်ဝေရေးကို ပြန်လည်၍ အစပျိုးရသည်။ ရင်းနှီးငွေ နည်းသဖြင့် အတိုးကြီးနှင့် ငွေချေး၍

လုပ်ကိုင်ရသည်ဖြစ်ရာ အကျိုးအမြတ် နည်းလှ၏။ အကျိုးအမြတ် နည်းရသည့်အထဲ ခုခေတ် စာပေထုတ်ဝေရေး လုပ်ငန်းမှာလည်း စာအုပ်ဆိုင်များတွင် ရောင်းပြီးမှ ပိုက်ဆံပေးသည့် စနစ်ထွန်းကား နေသဖြင့် ကိုလွင်အောင်ရှိန်ကဲ့သို့ ငွေချေး၍ လုပ်ကိုင်ရသူအဖို့ အတိုးနှင့် နစ်နေ၏။ အခြားထုတ်ဝေသူတွေက လဆန်းရက် စာအုပ်လိုက်ဖြန့်ချိန် ကိုလွင်အောင်ရှိန်မှာ စက္ကူအကြွေး ပုံနှိပ်အကြွေး မကျေသဖြင့် စာဖောင်များ စာအုပ်ချုပ် မရောက် နိုင်ဘဲ ဗျာများနေရင်းက တစ်ဖက်မှ အတိုးငွေလာတောင်းသူ အကြွေးရှင်အား ဦးချမတတ် တောင်းပန်နေရရှာ၏။

စာအုပ်ထုတ်ဝေရေး အလုပ်ကို စွန့်၍ အခြားအလုပ် ပြောင်းလုပ်ဖို့ကလည်း မလုပ်တတ်။ ဝါသနာကလည်း စာပေ လုပ်ငန်းအပေါ်မှာသာ ဝါသနာရင်း ဖြစ်နေသည်။ အကျိုးအမြတ် နည်းရပါမည်လားဟု ဘာမှမလုပ်ဘဲ ထိုင်နေဖို့ကလည်း သာ၍သာ ဆိုးပေမည်။ ယူထားသော အကြွေးအတွက် အတိုးပင် မပေးနိုင်ဘဲရှိလျှင် အတိုးက အရင်းထဲ ထပ်ဆောင်းသွားပေဦးမည်။

စင်စစ် ကိုလွင်အောင်ရှိန်သည် ကျားမြီးဆွဲ ထားရသကဲ့သို့ ကျားခုန်ရာ လိုက်ခုန်နေရသူ ဖြစ်ပြီး ကျားခုန်သလို မခုန်နိုင်ပါက ကျားစာဖြစ်သွားရပေမည်။ သူ ယခုကဲ့သို့ စီးပွားရေး အကြပ် အတည်း ကာလများကျမှ လင်းလင်းစာပေအနေနှင့် စာအုပ် ၂-အုပ်သာ ထွက်ဖြစ်ခဲ့လေသည်။ စာအုပ်များ ဆက်တိုက်

ဆက်တိုက် မထွက်နိုင်၍ နောက်စာအုပ် ထုတ်ရမည့်အရင်းသည် စားသုံးသည့်အထဲ ပါသွားပြီး ပျောက်ပျက်သွား၏။ တစ်ဖန် ငွေထပ်ရှာပြီး ထပ်ထုတ်ရာ ထိုငွေလည်း ရှေးနည်းနှယ် ပျောက်ပျက်သွားရပြန်သည်။ စာအုပ်သုံးအုပ်စာလောက် ငွေရင်းဖြင့် ဆက်တိုက်လှည့်ထုတ်နေရမည့်အစား ကိုလွင်အောင်ရှိန်အဖြစ်က သုံးအုပ်စာဖိုးသာ အကြွေးတင်သည်။ လိုက်တွက်ကြည့်က တစ်အုပ်စာဖိုးသာ လက်ထဲစာရင်းထဲ ကျန်ရှိတော့၏။ ထုတ်ဝေခွင့်ကဒ် ရရှိထားသော လစဉ်ထုတ် ဓမ္မစာစောင်ကိုပင် ကိုယ်တိုင်မထုတ်နိုင်။ သည်တော့ ကိုလွင်အောင်ရှိန် စိတ်ဓာတ်မကျဘဲ ခံနိုင်ရိုးလား။

ကိုလွင်အောင်ရှိန်သည် စာပေဝါသနာ ကြီးခဲ့ရာမှ စာရေးဖို့ ကြိုးစားခဲ့သေးသည်။ စာရေးဆရာ ဖြစ်ရန်မှာ တော်ရုံတန်ရုံဖွဲ့ မျိုးနှင့် မရနိုင်မှန်း သိသောအခါ စာပေအသိုင်း အဝိုင်းတွင် ကျင်လည်ခွင့် ရှိနိုင်သည့် စာပေထုတ်ဝေရေးဖက်သို့ ကူးခဲ့သူ ဖြစ်၏။ ထိုကြောင့်လည်း ကိုလွင်အောင်ရှိန်၏ ဆရာသမား မိတ်ဆွေများ ဖြစ်ကြသော စာရေးဆရာများ၊ ပန်းချီဆရာများက သူ့အား စာမူခ, ပန်းချီခများ အကြွေးပေး၍ ကူညီကြပါ၏။ အကြံကောင်း, ဉာဏ်ကောင်းများကိုလည်း ပေးကြ၏။

''လှေမျောရင် လှေနဲ့လိုက်ဆယ်ရသလို သုံးအုပ်စာရအောင် ငွေထပ်ရှာလိုက်၊ ကွန်ယက်နည်း သိတယ် မဟုတ်လား။ အဲဒီ

နည်းသုံးပြီး စာအုပ်တွေ ဆက်တိုက် ထွက်နိုင်အောင်လုပ်။ အောင်မြင်ရင် တစ်နှစ်အတွင်း အကြွေးတွေ အကုန်ရှင်းသွားမယ်''

ဆရာကြီးများ အကြံပြုကြသော ကွန်ယက်နည်းမှာ စီမံကိန်းရေးဆွဲ၍ အကောင်ထည်ဖော် လုပ်ဆောင်ခြင်းမျိုးကို ဆိုလိုခြင်း ဖြစ်ပေ၏။

စာအုပ်တစ်အုပ်ဟူ၍ ပြီးမြောက်ကာ စာဖတ်သူ လက်ထဲရောက်ရှိသွားသည်အထိ အဆင့်(၅)ဆင့်ကို ကျော်လွန် လုပ်ဆောင်ရ၏။ စာမူအပိုင်း၊ ပန်းချီအပိုင်း၊ စက်တင် ပုံနှိပ်ခြင်းအပိုင်း၊ စာအုပ်ချုပ်အပိုင်းနှင့် ဖြန့်ချိရေးအပိုင်းဟူ၍ အဆင့် (၅) ဆင့်ရှိ၏။ စာရေးဆရာထံမှ ရရှိသော စာမူကို လက်နှိပ်စက်၊ မိတ္တူတို့ဖြင့် လေးမူရိုက်၍ စာမူခွင့်ပြုချက် ရရှိရေးအတွက် ပြည်ထဲရေးဝန်ကြီးဌာန စာပေစိစစ်ရေးရုံးသို့ သွားရသည်။ ခေတ်မီ ကွန်ပျူတာစက်အသုံးပြု၍ စာစီစာရိုက်ပြုလုပ်ရန် စီစဉ်ထားသည်ဆိုလျှင် ကော်ပီကို ကွန်ပျူတာဖြင့် စာအုပ်ပုံစံခွင်အတိုင်း စာစီရသည်။ အစအဆုံးစီပြီးသော ကော်ပီမူကိုပင် မိတ္တူစက်ဖြင့် (၄)မူထပ်မှား၍ စာပေစိစစ်ရေးသို့ သွားရောက်တင်ရသည်။

ဝမ္မဒါနအဖြစ် လှူဒါန်းမည့်စာအုပ်မျိုးကို သက်ဆိုင်ရာ မြို့နယ် အာဏာပိုင်အဖွဲ့အစည်း ထောက်ခံချက်ဖြင့် ထုတ်ဝေ

ခွင့်လျှောက်ထားနိုင်သည်။ စာအုပ်ပြီးစီးပါက တန်ရာတန်ကြေးဖြင့် ရောင်းချမည့်စာအုပ်ဖြစ်လျှင်မူ ထုတ်ဝေခွင့်ကဒ် ရရှိထားသူများသာ လျှောက်ထားနိုင်သဖြင့် ထုတ်ဝေခွင့်ကဒ် မရှိလျှင် ထုတ်ဝေခွင့်ကဒ် ငှါးရန်း၍ လျှောက်ထားရန်။ စိစစ်ရေးရုံးသို့ တင်ရန် လျှောက်လွှာပုံစံတွင် လိုအပ်သည်များ ဖြည့်သွင်း၍ စိစစ်ခ ပေးသွင်းပြီးကြောင်း ဘဏ်ချလံ၊ ထုတ်ဝေခွင့် ကဒ်မိတ္တူ၊ ပုံနှိပ်တိုက်စက်မိတ္တူတို့နှင့်အတူ တွဲတင်၍ လျှောက်ထားရသည်။

စာမူကို ရုံးတင်ပြီးသော် မျက်နှာဖုံးပန်းချီအတွက် ပန်းချီဆရာထံ အပ်နှံရသည်။ လိုချင်သည့်ပုံကို ပြောပြခြင်းဖြင့်လည်းကောင်း၊ စာမူပြ၍ ပန်းချီဆရာစိတ်ကြိုက် ရေးဆွဲစေခြင်းဖြင့်လည်းကောင်း အပ်နှံရသည်။ ပန်းချီအပ်နှံရာတွင် သတိပြုရန်မှာ စာအုပ်အရွယ်ဆိုဒ်နှင့် နှစ်ဘက်ဖုံးလား၊ တစ်ဘက်ဖုံးလား၊ အပြည့်ဖုံးလား၊ ကဒ်ထူဖုံးလား ဆိုသည်ကို ဆုံးဖြတ်ထားရပြီး စာအုပ်အနှောင့်အတွက် မည်မျှချန်ရမည်ကအစ တွက်ချက်အပ်နှံရသည်။ အတွင်းစက္ကူ၊ မျက်နှာဖုံးစက္ကူ၊ကိုလည်း အချိုးအစား မမှားစေဘဲ ဖြတ်တောက်ခြင်းကအစ မှန်ကန်မှု တိကျမှု လိုအပ်ပေသည်။ သို့မဟုတ်ပါက မှားယွင်းသွားလျှင် ဆုံးရှုံးမှုနှင့် ကြုံရနိုင်လေသည်။

မျက်နှာဖုံးရေးဆွဲမည့် ပန်းချီဆရာကို အရွေးအချယ်မမှားဖို့လည်း လိုသည်။ ဘာသာယဉ်ကျေးမှုများပိုင်သူ၊ အမျိုးသမီးလှလှပုံများပိုင်သူ၊ ရှုမျှော်ခင်းပုံများပိုင်သူ၊ လှုပ်ရှားမှု ပုံပိုင်သူ၊ စာလုံးအခန့် ရေးသားမှုများပိုင်သူ၊ ခေတ်ဆန်ဆန် မော်ဒန်စာလုံးများ ထွင်ရေးဆွဲမှုပိုင်သူ စသည်ဖြင့် ပန်းချီ ဆရာအမျိုးမျိုး ရှိသည်။

ဝိမိ၏စာအုပ်နှင့် ကိုက်ညီမည့် ပန်းချီဆရာထံ အပ်မိမှလည်း စာအုပ်ဈေးကွက်ဝင်မည့် သင့်လျှော်သည့် မျက်နှာဖုံးမျိုးကို ရရှိမည် ဖြစ်ပါသည်။ စာအုပ်စာပေလုပ်ငန်းသည် စိတ်ကူးစိတ်သန်းကောင်းမွန်ရန်နှင့် ထိုစိတ်ကူး စိတ်သန်းသည်လည်း သိက္ခာရှိရန် လိုရပေသည်။

ပန်းချီဆရာတို့နှင့် ဆက်ဆံရာတွင် သတိထားရမည့် အချက်လည်း ရှိသေး၏။ ဆရာတို့၏လုပ်ငန်းမှာ အခြားသော စက်မှုပိုင်းဆိုင်ရာ လုပ်ငန်းများကဲ့သို့ အတင်းတွန်းခိုင်းတိုင်းရသည် မဟုတ်ပေ။ စိတ်ပိုင်းဆိုင်ရာ တွေးခေါ်မှုပိုင်းပါဝင်သဖြင့် စိတ်ပါဝင်စားမှု နည်းနေချိန်ဖြစ်လျှင် ချိန်းရက် သွားယူသောအခါ လုပ်ငန်းစပင် မစသေးသည်နှင့် ကြုံရနိုင်လေ၏။ လောမပေးဘဲ ရခဲတတ်၏။ သိပ်လောပြန်ပါကလည်း ပုံညံ့သွားတတ်သည်ကို သတိပြု သည်းခံ၍ ဆောင်ရွက်ရပါသည်။

ယခုအခါမှု ကွန်ပျူတာဖြင့် ဒီဇိုင်းပုံ ရေးဆွဲနိုင်နေပြီ ဖြစ်သည်။ မိမိကိုယ်တိုင်က စိတ်ကူးကောင်းရှိသူဖြစ်လျှင် လိုအပ်သော နောက်ခံပုံများကို ကွန်ပျူတာစက်ထဲ ထည့်သွင်း၍ လိုသောစာလုံးကို လိုသောအရောင်သွေးဖြင့် ရွေးချယ် ဆက်စပ်ပေးရုံနှင့် နာရီပိုင်း ရက်ပိုင်းအတွင်း ပန်းချီပုံတစ်ခု အပြန်ပြီးစီးနိုင်သဖြင့် ယင်းနည်းကို အသုံးများလာကြပေ၏။ ယင်းနည်းအတိုင်း ပန်းချီဆရာများကိုယ်တိုင် ဦးစီးပြုလုပ်သော ပန်းချီ ဒီဇိုင်း ကွန်ပျူတာများလည်း. ရှိသဖြင့် ထိုကွန်ပျူတာများမှ ထွက်သော ပန်းချီပုံများမှာ ပိုမို အနုပညာ မြောက်နိုင်ပေ၏။

အဖုံးပန်းချီပုံ စီမံနေရင်း အခြားတစ်ဖက်မှလည်း ပုံနှိပ်ရေးကိစ္စအတွက် မိမိရိုက်နှိပ်မည့် ပုံနှိပ်တိုက်နှင့် ညှိနှိုင်းရ၏။ ခေတ်မီအော့ဖ်ဆက်များနှင့် ရိုက်နှိပ်မည်ဆိုလျှင်တော့ ကွန်ပျူတာ စီခြင်း၊ ဖလင်ကူးခြင်း၊ ဖလက်ကပ်ခြင်း လုပ်ငန်းများနှင့်ပါ စျေးစုံစမ်း ညှိနှိုင်းထားရ၏။ လစဉ်ထုတ် စာစောင် မဂ္ဂဇင်းများ အတွက်မူ အပတ်စဉ် လစဉ် အချိန်တိုအတွင်း အချိန်မီ ရိုက်နှိပ်ထုတ်ဝေရသည်ဖြစ်၍ စာပေစိစစ်ရေးရုံးမှ စာမူမကျခင်ပင် ကြိုတင်၍ စီမံဆောင်ရွက်ထားနိုင်သည်။ အော့ဖ်ဆက်ဖြင့် ပုံနှိပ်ခြင်းမျိုးက မြန်ဆန်လွယ်ကူသဖြင့် လက်ရှိအခြေအနေမှာ ပိုမိုသင့်လျော်လှပေ၏။

ရိုးရိုးစက်ဖြင့် ခဲစာလုံးစီ၍ ရိုက်နှိပ်လိုမူ မိမိရိုက်နှိပ်မည့် ပုံနှိပ်စက်တွင် စီခရိုက်ခ ညှိနှိုင်းထားပြီး မိမိအလိုရှိသည့်

ရက်အမီ ရိုက်နှိပ်ပေးနိုင်, မပေးနိုင် ဆွေးနွေးထားရ၏။ ပုံနှိပ်ခြင်းနှစ်မျိုးတို့၏ ကုန်ကျမှု စျေးနှုန်းကွာခြားချက်မှာ စောင်ရေတစ်ထောင် ရိုက်နှိပ်ခြင်းဖြစ်လျှင် ထက်ဝက်ခန့် ကွာခြားကြသည်။ ဥပမာ–အော့ဖ်ဆက်ဖြင့် ပုံနှိပ်ခြင်းက စာအုပ်တစ်အုပ်လေးဆယ်ကျသင့်လျှင် ရိုးရိုးခဲစာလုံးစက်ဖြင့် ရိုက်နှိပ်ခြင်းက ၂၅–ကျပ်ခန့်သာ ကုန်ကျနိုင်လေသည်။ သို့သော် ရိုက်ချက်စောင်ရေ ၅၀၀၀–အထက် အလွန်ရိုက်ချက်များပါက (သို့မဟုတ်) အကြိမ်ကြိမ် ထပ်မံရိုက်နှိပ်ရသော စာအုပ်မျိုးဖြစ်ပါက အော့ဖ်ဆက်ဖြင့် ရိုက်နှိပ်ခြင်းက ကွန်ပျူတာခ, ဖလင်ခ, ပလိပ်ပြားခ သက်သာပြီးဖြစ်၍ ထက်ဝက်နီးပါး ကုန်ကျမှု လျော့နည်းသက်သာလာမည် ဖြစ်ပြီး အချိန်ကုန်သက်သာ၍ အရည်အသွေးလည်း ပိုမိုကောင်းမွန်နိုင်ပေ၏။

ရုံးမှ စာမူခွင့်ပြုချက်ကျလျှင် မျက်နှာဖုံးပန်းချီကားကို ဆက်တင်ရလေသည်။

စာမူခွင့်ပြုချက် မျက်နှာဖုံးခွင့်ပြုချက် ရပြီးသည့်နောက် ပုံနှိပ်တိုက်များနှင့် လုံးပန်းဖို့သာ ကျန်တော့လေ၏။ အတွင်းစာသားအတွက် စက္ကူဖြူထုပ်များနှင့် မျက်နှာဖုံးအတွက် အပ်ပေပါ ကြွေစက္ကူတို့ကို စာအုပ်အရွယ်ဆိုက်နှင့်ညှိ၍ ဖြတ်တောက်ရာတွင်

မမှားယွင်းအောင် သတိပြုရ၏။ မှားယွင်းမှု ဖြစ်ခဲ့သော် ငွေကြေး ဆုံးရှုံးနိုင်ပြီး အပိုအလုပ်များလည်း ရှုပ်လာစေနိုင်၏။ ထို့ကြောင့် စက္ကူကိစ္စများကို ပုံနှိပ်တိုက်သို့ လွှဲအပ်ခြင်းက အလုပ်ရှုပ်သက်သာစေနိုင်ပြီး စက္ကူစက်နှင့် တိုက်ရိုက်ဆက်သွယ်ထားသော ပုံနှိပ်လုပ်ငန်းဖြစ်ပါက စရိတ်စကပင် ပိုမိုသက်သာလေသည်။

အတွင်းစာသားနှင့် မျက်နှာဖုံးတို့ကို ရိုက်နှိပ်မည့် ပုံနှိပ်တိုက်များတွင် အပြိုင်လို စတင်ဆောင်ရွက်ကြရသည်။ အတွင်းစာသားရိုက်စက်၊ မျက်နှာဖုံးကာလာရိုက်စက် နှစ်မျိုးလုံးရှိသော ပုံနှိပ်တိုက်များလည်း ရှိကြ၏။ အတွင်းစာသား ရိုက်နှိပ်ရာတွင် ကွန်ပျူတာစာစီ၊ ဖလင်ကူး၊ အော့ဖ်ဆက်ရိုက်နှင့် ခဲစာလုံးစီ ရိုးရိုးရိုက် ဟူ၍ နှစ်မျိုး ရှိနိုင်သေးသော်လည်း ယခုခေတ်တွင် ဘလောက်မျက်နှာဖုံး ဟူ၍ မရှိသလောက် ရှားသွားပြီး ဘလောက်ထက်လည်း အရည်အသွေးကောင်းသော အော့ဖ်ဆက်ဖြင့် ၄-ရောင် ရိုက်နှိပ်ခြင်းကိုသာ အသုံးပြုလျက်ရှိသည်။ သို့ဖြစ်၍ အတွင်းစာသားကို ခဲစာလုံးနှင့် စီ၍ ရိုးရိုးစက်ဖြင့် ရိုက်နှိပ်သည့်တိုင် မျက်နှာဖုံးအတွက် ဖလင်ခွဲခြင်းလုပ်ငန်း ပါဝင်လာလေသည်။ အော့ဖ်ဆက်ပုံနှိပ်တိုက်များ၏ မနီးမဝေးတွင် ဖလင်ခွဲလုပ်ငန်းများ ရှိတတ်၏။

စာမူအနေအထား ပြင်ဆင်ခြင်း၊ အတွင်းဖလင်၊ အဖုံးဖလင် ကာလာခွဲခြင်း ကိစ္စများပြီး၍ ပုံနှိပ်တိုက်များက လုပ်ငန်းစကြပြီ ဆိုသည်နှင့် ရိုးရိုး ခဲစာလုံးစီ ပုံနှိပ်စက်များက တစ်နေ့တစ်ဖောင် နှစ်ဖောင်နှုန်းဖြင့်သာ ပြီးစီးနိုင်သော်လည်း အော့ဖ်ဆက် ပုံနှိပ်စက်များကမူ စောင်ရေအပေါ် မူတည်၍ တစ်နေ့ဆယ်ဖောင်မက ပြီးစီးနိုင်လေသည်။ အတွင်းစာသား ရိုက်နှိပ်ခြင်းနှင့် အဖုံးရိုက်နှိပ်ခြင်းတို့ တစ်ပြိုင်နက်တည်း ပြီးစီးစေရန် ပုံနှိပ်တိုက်များသို့ နေ့စဉ်ပင် သွားလာဝင်ထွက်၍ စာဖောင်အပျက်အစီး ရှိ မရှိ စိစစ်ပေးရတ၏။ ပုံနှိပ်တိုက် စာစီစာပြင် စက်ရိုက်များကလည်း ကျွမ်းကျင်သူများ ဖြစ်ကြ၍ ရုပ်ပျက်ဆင်းပျက်တော့ မှားခဲကြပါသည်။ တစ်စုံတစ်ရာ အမှားအယွင်း ရှိခဲ့သော် ပုံနှိပ်တိုက်နှင့် ညှိနှိုင်း၍ အချိန်မီ ပြုပြင်ထားနိုင်ရန် ဖြစ်ပါသည်။

ပုံနှိပ်စက်မှ ရိုက်နှိပ်ပြီးစီးသော ဖောင်များကို စာအုပ်ချုပ်ဌာနသို့ အကြောင်းကြား သယ်ယူစေ၍ စာဖောင် ခေါက်ခိုင်းထားရသည်။ ပုံနှိပ်တိုက်နှင့် စာအုပ်ချုပ်ဌာန နီးပါက တစ်ဖောင်ရိုက်ပြီး တစ်ဖောင်သယ်ခိုင်း၍ ရသော်လည်း ဝေးလံပါက ဖောင်များ စုထားပြီးမှ သယ်လေ့ရှိသည်။ တစ်ချို့ ပုံနှိပ်လုပ်ငန်းများမှာ စာအုပ်ချုပ်အပိုင်းကိုပါ တစ်ပါတည်း ပြုလုပ်ပေးကြသည်။ စာအုပ်အရေအတွက် မပြည့်သည့်အခါ စက်ဌာနနှင့် စာအုပ်ချုပ်ဌာနတို့ စာဖောင်အရေအတွက် အငြင်းပွားမှုမျိုး ကင်းပစေသဖြင့် အပ်နှံသူရော ပုံနှိပ်သူပါ ပိုမို အဆင်ပြေတတ်လေ၏။

စာအုပ်အဖုံးသည် စာအုပ်ပုံထဲမှ တန်းခနဲ ဆွဲထုတ်ချင်အောင် ဆွဲဆောင်မှုအားပါ ပိုမိုလိုအပ်ပါသည်။ မျက်နှာဖုံးကို ကဒ်ဖုံးနှင့် စီစဉ်ထားပါက ကတ္တူးပြားဝယ်ပေးခြင်း၊ ရေခံစက္ကူ ထပ်ပေးခြင်းတို့ကို ပြုလုပ်ရသည်။ စာအုပ်ချုပ်လုပ်ငန်းများ ပြီးစီး၍ စာအုပ်အဖြစ် ပီပြင်လာသောအခါ ဖြန့်ချီခွင့်ပြုမိန့်ကို ရယူထားရလေသည်။ ထိုဖြန့်ချီခွင့် ပါမစ်ရပြီးမှသာ ထိုပါမစ်ကို ပြ၍ သတင်းစာတွင် ကြော်ငြာခွင့် ရနိုင်လေသည်။

စာအုပ်ဖြန့်ချီခွင့် တင်ထားချိန်တွင်ပင် နမူနာစာအုပ် တစ်အုပ်ယူကာ ဆိုင်တကာလှည့်၍ စပ်ထားရသည်။ တစ်ချို့က လက်ငင်း၊ တစ်ချို့ကအတင်၊ တစ်ချို့က တစ်ဝက် အတင် တစ်ဝက်အပြတ် လက်ခံကြသည့်အတိုင်း စာအုပ်ဖြန့်သောနေ့တွင် ကားတစ်စီးဖြင့် ဆိုင်စဉ်လှည့်၍ ပို့ရသည်။ ငွေလက်ငင်းရသည်မှာ နည်းပါးလှပြီး အပြတ်ယူသည့် ဆိုင်များမှာလည်း ငွေကို တစ်ပတ်နှစ်ပတ် ချိန်းကြ၍ စာအုပ်လက်ခံ ရရှိကြောင်း ပြေစာ (ဘောက်ချာ)များသာ ရေးပေးကြ၏။ သို့ဖြစ်၍ စာအုပ်ဖြန့်ချီသောနေ့တွင် ကားခ စားခ အလုပ်သမားခများမှာ အိတ်စိုက်များသာ ဖြစ်ပြီး အိမ်ပြန်ရောက်သော် ထုတ်ဝေဖြန့်ချီသူ၏ အိတ်ကတ်ထဲ၌ ငွေသားမပါဘဲ စာအုပ်လက်ခံပြေစာ (ဘောက်ချာ) စက္ကူများသာ ပါလာခဲ့၏။ အရင်းငွေနည်းသည့်

ထုတ်ဝေဖြန့်ချိသူ တစ်ဦးအဖို့ ရရှိထားသော ပြေစာများကို မပျက်မပျောက် ရအောင် အသက်နှင့်ထပ်တူ သိမ်းဆည်းထားပြီး မရေ တွက်နိုင်အောင် အခေါက်ခေါက် တောင်းပေရော။ သို့သော်လည်း စိတ်မပျက်အားဘဲ နယ်အမှာစာ ခေါ်ထားသည့် စာရင်းအရ စာတိုက်ဗီပီပီစနစ်ဖြင့်လည်းကောင်း၊ မော်တော်ကား, မီးရထားဖြင့်လည်းကောင်း ထုပ်ပိုး ပို့ဆောင်ပြီးမှ စာအုပ်ဖြန့်ချိခြင်း ပြီးစီး၏။ ကျန်စာအုပ်များကိုကား တဖြည်းဖြည်းချင်း ဖြန့်ချိသွားရုံသာ ရှိတော့လေ၏။

စင်စစ် စာအုပ်စာပေ ရေးသားပြုစုခြင်း လုပ်ငန်းကို စီးပွားဖြစ်လုပ်ငန်းဟု မခေါ်နိုင်ငြား စာအုပ်စာစောင် ထုတ်ဝေဖြန့်ချိခြင်း လုပ်ငန်းမှာမူ စီးပွားဖြစ်ထွန်းနိုင်သည့် လုပ်ငန်းတစ်ခုဖြစ်သည်။ သို့သော်လည်း အစမှအဆုံးတိုင် တစ်ဝန်းတစ်ဝိုင်း တစ်မိန့် တစ်ဩဇာအောက်တွင် စည်းလုံး တည်ရှိသော လုပ်ငန်းခွဲများဟူ၍ မရှိ။ ပုံနှိပ်တိုက်တစ်ခုက တာဝန်ယူ၍ အပြီးအစီး ဆောင်ရွက်လုပ်ကိုင်ပေးသည် ဆိုခြင်းမှာလည်း လိုအပ်သမျှ ကိစ္စအဝဝကို လက်လွှဲ ဆောင်ရွက်ပေးခြင်းမျှ ဖြစ်ပေသည်။

စာအုပ်ထုတ်ဝေခြင်းလုပ်ငန်းသည် လုပ်ငန်းခွဲလည်း များ၏။ လုပ်ငန်းအဆင့်များလည်း ပြန့်ကြဲ၍နေ၏။ တစ်ဦးနှစ်ဦးနှင့် ဆက်ဆံပြီး ဖြတ်၍ရသည်မဟုတ်သဖြင့် လူမှုရေးခွင်ကိုလည်း အကျယ်ကြီးထားရ၏ ပညာရှင်များ၏ အနုပညာကို

အားကိုးပြုရသကဲ့သို့ သက်မဲ့စက်ပစ္စည်းများကိုလည်း အားထားရပေ၏။ သက်ရှိများနှင့် လူမှုရေးတစ်စုံတစ်ရာကြောင့် လုပ်ငန်းနှောင့်နှေး သွားနိုင်သလို သက်မဲ့ရုပ်ဝတ္ထုများကြောင့်လည်း လုပ်ငန်းများ ရပ်ဆိုင်းသွားနိုင်ပေ၏။ အရောင်းအဝယ်ပွဲစားလုပ်ငန်းမျိုးကဲ့သို့ ဒါဝယ် ဒါရောင်း ဒါမြတ် မဟုတ်ပေ။ စာပေဝါသနာ အရင်းခံ မရှိသူများအနေနှင့် အရင်းရှိ၍ စာပေလုပ်ငန်းနှင့်ဆက်စပ် လုပ်ချင်သပဆိုလျှင် ပုံနှိပ်တိုက်ထောင်မည်၊ စက္ကူဆိုင်စာအုပ်ဆိုင် ဖွင့်မည်၊ ဦးခေါင်းခြောက်၍ ဦးနှောက်စားသော စာပေထုတ်ဝေ ဖြန့်ချိရေးလုပ်ငန်းကို ပြောပြရုံနှင့် ဝေးဝေးက ရှောင်မည် ဖြစ်ပါသည်။

စာပေဝါသနာ အရင်းခံရှိ၍ ငွေကြေးချိန်ခွင်ဖြင့် ဆောင်ရွက်ရရှာသော ထုတ်ဝေဖြန့်ချိသူ ကိုလွင်အောင်ရှိန် (လင်းလင်းစာပေ)ကား ဘယ်၍ဘယ်မျှ ခေါင်းကြီးရပါစေ စာအုပ်ချုပ် ဒါးစက်ဘေးတွင် မိမိအားထုတ်လိုက်သော စာအုပ်တစ်အုပ်ကို မြှောက်ကိုင်လိုက်ရပြီ ဆိုသည်နှင့် ကိုယ်စိတ်ပင်ပန်းခဲ့ရမှုများ ဘယ်ဆီလွင့်ပျောက် ကုန်မှန်းပင် မသိတော့။ ဤလိုနှင့် ဤစာပေ ထုတ်ဝေဖြန့်ချိရေးလုပ်ငန်းတွင် သံသရာလည်နေရရှာသူ ဖြစ်လေ၏။ ဤလုပ်ငန်း အမှီပြု၍ ကြီးမွားချမ်းသာခြင်း မဖြစ်လျှင်နေ စာပေအရ အောင်မြင်သော

ထုတ်ဝေသမားတစ်ဦးအဖြစ် ပြန်ရောက်လျှင်ပင် ကိုလွင်အောင်ရှိန်သည် ဘဝကို ကျေနပ်နေမည်သာ ဖြစ်ပေသည်။

ကိုလွင်အောင်ရှိန်၏ လင်းလင်းစာပေမှ ယခုလထုတ် ''စိတ်သာရှင်စော ဘုရားဟော''စာအုပ်မှာ စာပေအရလည်း ကျေနပ်ထိုက်၍ အကျိုးအမြတ်အနေနှင့်လည်း အတော်အတန် ရှိသည်ဟု ပြောနိုင်၏။ အုပ်ရေ ၂၀၀၀–မှာ ရန်ကုန် ၁၀၀၀၊ မန္တလေး ၁၀၀၀–နှင့်ပင် ပွဲပြတ်သွားခဲ့၏။ တစ်ပတ်အတွင်း ငွေတစ်ဝက်ပြန်ပေါ်ပြီး လကုန်လျှင် ကျန်ငွေအားလုံး ပြီးပြတ်သွားနိုင်ပေမည်။

သည်စာအုပ်မှစ၍ ကိုလွင်အောင်ရှိန်သည် ဆရာ သမားမိတ်ဆွေများ နည်းပေးကြသည့် ကွန်ယက်နည်းကို အသုံးပြုခဲ့၏။ အချိန်နှင့်အခါနှင့် ပြုလုပ်ရသော စီးပွားရေးလုပ်ငန်းတစ်ခုတွင် ကွန်ယက်နည်းသည် အသုံးဝင်လှကြောင်း လက်တွေ့သိရှိပြီ ဖြစ်၏။ စာပေစိစစ်ရေးသို့ စာမူခွင့်ပြုချက်အတွက် လျှောက်လွှာ စတင်သည်မှ ၈၅ ၏ တစ်လမပြည့်မီ နောက်လ မဆန်းခင် စာအုပ်အဖြစ် ရောက်ရှိသွားရာ တိုင်ပင်ကိုက်၍ ဝင်သွားခဲ့သဖြင့် အောင်မြင်ခြင်းလည်း ဖြစ်ပေသည်။

စာအုပ်တစ်အုပ်အဖြစ်သို့ နောက်ဆုံးပြီးသင့် ပြီးနိုင်မည့် ရက်ကို ပန်းတိုင်ထား၍ လုပ်ငန်းများကို ကဏ္ဍများ အဆင့်များ ခွဲခြားလိုက်ပြီး တစ်ကဏ္ဍချင်း တစ်ဆင့်ချင်း ပြီးစီးရမည့်ကာလကို

ထပ်ဆင့်၍ သတ်မှတ်သည်။ ရည်မှန်းသည့်ရက်ထက် တစ်ရက်နောက်ကျလျှင် နောက်တစ်ဆင့် လုပ်ငန်းခွဲ၌ တစ်ရက်စောအောင် ပြုလုပ်၍ ရက်စားပြန်ရအောင် ယူလိုက်၏။ မူလရည်မှန်း ရက်ထက်စော၍ ပြီးစီးသည့် လုပ်ငန်းကဏ္ဍများကိုလည်း ရပ်မထားဘဲ လုပ်ငန်းခွဲ နောက်တစ်ဆင့်သို့ စော၍ ပို့ဆောင်ပေးနိုင်ခြင်းအားဖြင့် ရည်မှန်းချက်ပန်းတိုင်လည်း ပို၍ စောစီးစွာ ပြီးစီးပေမည်။

စုစုချုပ်လိုက်သောအခါ လုပ်ငန်း၌ စိတ်ကိုထည့်၍ ဆောင်ရွက်ခဲ့ခြင်း၊ ကွန်ယက်နည်းဖြင့် လုပ်ငန်းဆင့်အလိုက် ပန်းတိုင်ထား သတ်မှတ် လုပ်ဆောင်ခဲ့ခြင်းတို့ကြောင့် လမဆန်းမီ တိုင်ပင်ချိန်ကိုက်ကာ ပြီးစီးခဲ့ခြင်းဖြစ်၏။ ထိုကြောင့်ပင် လဆန်းရက် စာအုပ်စာပေ ဈေးကွက်မျက်နှာစာတွင် ခွင်မိခဲ့ခြင်းဖြစ်၏။ တစ်ဖက်မှလည်း အတိုးချေးငွေသည် နှစ်လတိုးပေးရမည့်အစား တစ်လတိုးနှင့်ပင် ပြီးပြတ်သွား၍ လျော့နည်းသက်သာသွားခဲ့ပေ၏။ အကယ်၍ ပန်းတိုင်ကို ကွန်ယက်နည်း အသုံးပြုခြင်းမရှိဘဲ ဆောင်ရွက်ခဲ့ပါက ချိန်ကိုက်မဝင်နိုင်ဘဲ သည်မျှအောင်မြင်မှုရရှိနိုင်မည် မဟုတ်ပေ။

လင်းလင်းစာပေအနေနှင့် ဤသို့သာ စာအုပ်များကို လစဉ်မှန်မှန် ထုတ်ဝေသွားနိုင်ပါက ကိုလွင်အောင်ရှိန် မကြောက်တော့။ နှစ်မကုန်မီပင် ချေးယူထားသော ငွေများကို ပြန်ဆပ်နိုင်ပြီး ကြွေးမြီကင်းရှင်းစွာဖြင့် စာပေထုတ်ဝေရေး လမ်းကြောင်းပေါ်

ယခင်ကလို အောင်မြင်စွာ လျှောက်လှမ်းနိုင်လိမ့်မည်ဟု ကိုလွင်အောင်ရှိန် ယုံကြည်မိပေ၏။

ကိုလွင်အောင်ရှိန်သည် စာပေသမားဖြစ်ပြီး တစ်ဖက်မှ အောင်မြင်သော စာပေထုတ်ဝေသူဖြစ်ရန် ကြိုးစားနေသူ ဖြစ်၏။ စာဖတ်သက်တမ်း ရှည်လာသည်နှင့်အမျှ လောကီ လောကုတ္တရာ လေ့လာသိမှတ်မှုများ ရှိခဲ့၊ သိမှတ်ခဲ့ပါ၏။

စင်စစ် ပုဒ္ဓဘုရားရှင်သည် လောကီ၊ လောကုတ္တရာ ကြီးပွားအောင်မြင်ရေး နည်းလမ်းကောင်းများကို သွန်သင်ခဲ့ပြီး ဖြစ်ပါသည်။ ရှေးကျသလိုနှင့် ရိုးရှင်းမှုပေါ်တွင် ခေတ်အမြင် ခေတ်အတွေးဖြင့် ဆန့်ထုတ်နိုင် သူများအဖို့ အနှစ်သာရကို နက်ရှိုင်းစွာ နှိုက်ယူနိုင်မည် ဖြစ်ပါသည်။

၁။ စီးပွားရှာဖွေနိုင်ရန် ကျန်းမာရေးနှင့်ပြည့်စုံရမည်။

၂။ ဖြောင့်မတ်မှန်ကန်၍ ကိုယ်ကျင့်သီလနှင့် ပြည့်စုံရမည်။

၃။ အတွေ့အကြုံရင့်ကျက်သည့် လူကြီးများ ပညာရှိများထံမှ နည်းခံ့နာယူ ကျင့်သုံးရမည်။

၄။ ဗဟုသုတအကြားအမြင်နှင့် ပြည့်စုံကြွယ်ဝ ရမည်။

၅။ မကောင်းမှု အပြစ်၊ ဥပဒေအပြစ်မှ လွတ်ကင်းအောင် ရှောင်ကြဉ်၍ အမှုကိစ္စများကို ဆောင်ရွက်ရမည်။

၆။ မိမိပြုလုပ်သမျှ လုပ်ငန်းအပေါ် အမြဲတမ်း စိတ်ဓာတ်မြင့်တက်၍ ဇွဲလုံ့လဖြင့် ဆောင်ရွက်ရမည်။

(ဇာ၊ ၌၊ ၁၊ ၃၈၈)

လောကီကြီးပွား ချမ်းသာရေးအတွက် ပြည့်စုံထားရမည့် အချက်များကို လမ်းညွှန်ထားခြင်း ဖြစ်ပါသည်။ ဝါဒစွဲ ပယောဂ တစ်ခုခု မပါဘဲ လိမ္မာစွာ အသုံးချနိုင်မည့် နည်းလမ်းကောင်းများ ဖြစ်ပါသည်။

၁။ ဥဋ္ဌာနသမ္ပဒါ –ထကြွလုံ့လ ဝီရိယရှိ၍ စွဲမြဲစိတ်ထားဖြင့် ဆောင်ရွက်ခြင်း၊

၂။ အာရက္ခသမ္ပဒါ–ပစ္စည်းဥစ္စာကို ထိန်းသိမ်းနိုင်၍ စီမံခန့်ခွဲမှု မှန်ကန်ခြင်း၊

၃။ ကလျာဏမိတ္တတာ–မိတ်ကောင်း ဆွေကောင်းများ ရှိ၍ ဆရာသမားကောင်းများအား ဆည်းကပ်မိခြင်း၊

၄။ သမဇီဝိတသမ္ပဒါ–အပြစ်တို့မှ လွတ်ကင်းသော အသက်မွေးမှုရှိ၍ မျှတစိတ်ထားဖြင့် စီးပွါးမှုကို ဆောင်ရွက်ခြင်း။

ကြီးပွားတိုးတက်လိုသူတိုင်းသည် သမ္ပဒါတရား ၄–ပါးနှင့် မလွတ်ကင်းကြပေ။ ထို သမ္ပဒါတရား ၄–ပါး မိမိ၌ မရှိသေးလျှင် ပြည့်စုံအောင် ကြံစည်ရန်မှာ မိမိ၏ တာဝန်ပင် ဖြစ်ပါသည်။

ကံကိုချည်း ပုံမချဘဲ သမ္မဒါတရား ၄-ပါးနှင့် ပြည့်စုံအောင် ကြံစည် ကြိုးစားခြင်းသည်ပင် ဥဋ္ဌာနသမ္မဒါကို အစပြုခြင်း ဖြစ်၏။

မြန်မာ ဗုဒ္ဓဘာသာတို့တွင် ''ဝီရိယအကျိုးကတော့ အချည်းနှီး မဖြစ်ပါဘူးကွာ''ဟု ပြောစကားရှိ၏။ ကံမရှိ၍ မကြီးပွား မချမ်းသာသည့်တိုင် အလုပ်လုပ်သူအား အလုပ်နှင့်တန်သော အကျိုးအမြတ်ကို ခံစားရရှိနိုင်၏ဟု ဆိုလိုပါသည်။ ထိုထက်တစ်ဆင့်တက်၍ ''ကြိုးစားလျှင်. ဘုရားတောင်ဖြစ်နိုင်သည်'' ဟူသော ဆိုရိုးကိုလည်း ပြောရိုးပြောစဉ် ပြုကြလေ၏။

လုံ့လပြုခြင်း၊ ဝီရိယထားခြင်း၊ ဝါယမစိုက်ခြင်း၊ ကြိုးစားခြင်း၊ အားထုတ်ပြုလုပ်ခြင်း၊ ဇွဲရှိခြင်းတို့သည် ဝေါဟာရကွဲသော်လည်း သဘောအဓိပ္ပာယ် အတူတူပင် ဖြစ်ကြပေ၏။ ဘယ်အလုပ်မဆို, ဘာကိစ္စမဆို, ဘယ်အရာမဆို လုံ့လဝီရိယသည် အရေးကြီးပါသည်။ လုံ့လဝီရိယ မရှိဘဲ ဘယ်အလုပ် ဘာကိစ္စမှ စ၍ မရနိုင်ပေ။ **ဝီရိယဝတော ကိ နာမ ကိစ္စံ န သိဇ္ဈတိ**-ဆိုသည့်အတိုင်း လုံ့လဝီရိယ ရှေ့ဆောင်ပါက မအောင်မြင်သည့်အရာ မရှိနိုင်ပေ။ ဆန္ဒပြင်းပြစွာ ဆောင်ရွက်ခြင်း (ဆန္ဒဝတော)၊ စိတ်ဓာတ်မြင့်တင် ဆောင်ရွက်ခြင်း (စိတ္တဝတော)၊ ထက်မြတ်သော ဉာဏ်ပညာဖြင့် ဆောင်ရွက်ခြင်း (ပညာဝတော) တို့သည်လည်း လုံ့လဝီရိယ အထောက်အကူဖြင့် အောင်မြင်သော နည်းလမ်းကောင်းများ ဖြစ်ပေ၏။ ယင်းသို့ လုံ့လဝီရိယဖြင့်

ဆောင်ရွက်ခြင်းကိုလည်း တစ်နည်းအားဖြင့် ပစ္စုပ္ပန်ကံဟု ဆိုရသဖြင့် ပစ္စုပ္ပန်ကံ၏ အစဖော်ပေးမှုအရ ဝုတ်နေသော အတိတ်ကံသည် မျက်မှောက်၌ ပေါ်လာပြီး အကျိုးပေးလာ နိုင်ပေသည်။ ကွန်ယက်နည်းကို အသုံးပြု၍ အားထုတ် ဆောင်ရွက်ခြင်းသည် ဥဒ္ဒာနသမ္ပဒါကို ဖြည့်ဆည်းခြင်းပင် ဖြစ်ပေသည်။

ရရှိပြီးသည့် ပြည့်စုံမှုကို ထိန်းသိမ်းခြင်း၊ ဆက်လက် ထွန်းကားအောင် စီမံခန့်ခွဲခြင်းကို ''**အာရက္ခသမ္ပဒါ**'' ခေါ် ပါသည်။ လူတို့သည် လုံ့လဝီရိယဖြင့် ပြည့်စုံအောင် ပြုနိုင် သော်လည်း ထိန်းသိမ်းရန် တာဝန်ကိုမူ ယူနိုင်ခဲကြ၏။ ထူထောင်ပြီး လုပ်ငန်းတစ်ခုကို ရေရှည်တည့်တံ့ရန်နှင့် ယင်းလုပ်ငန်းမှ တိုးတက်၍ အကျိုးဖြစ်ထွန်းရာ ဖြစ်ထွန်းကြောင်း ခွဲဝေစီမံမှုတွင် အားနည်းတတ်ကြသည်မှာ ဝမ္မတာလို ဖြစ်နေကြ၏။

ချမ်းသာသူများ ဆင်းရဲသွားကြခြင်းနှင့် ဆင်းရဲသူများ ပိုမိုဆင်းရဲသွားကြခြင်းတွင် အထိန်းသိမ်း ချွတ်ချော်မှုသည် အဓိက အကြောင်းရင်းများ ဖြစ်နိုင်ပါသည်။ ရရှိပြီး စည်းစိမ် ဥစ္စာ ထိန်းသိမ်းမှုအပိုင်းတွင် မိမိသာမက မိမိနှင့် တစ်စီး ပွားတည်း ရှိကြသည့် ဇနီး၊ ခင်ပွန်း၊ သားသမီးများနှင့် အဆွေအမျိုးတို့၏ အကူအညီသည်လည်း ထိုက်သင့်သလို ပါဝင်ကြပေ၏။ ဗုဒ္ဓအလိုကျ ပစ္စည်းဥစ္စာ ထိန်းသိမ်းနည်း

စိမ်ခန့်ခွဲနည်းမှာ ကြီးပွားတိုးတက်ခြင်းအတွက် အခြေခံကျလှသဖြင့် မှတ်သားထိုက်လှ၏။ ရရှိလာသည့် ဥစ္စာ၏ ထက်ဝက်ကို စီးပွားရေးအတွက် ရင်နှီးမြှုပ်နှံမှု ပြုရန် လျာထားသတ်မှတ်ရမည် ဖြစ်၏။ ကျန်ထက်ဝက်ကို နှစ်စုနှစ်ပုံပြု၍ တစ်စုတစ်ပုံကို ကျန်းမာရေး လူမှုရေးစသည့် အရေးပေါ်ကိစ္စများအတွက် လျာထားသိမ်းဆည်းရမည်ဖြစ်ပြီး ကျန်တစ်စုတစ်ပုံကိုသာ စားသုံးမှုပြုအပ်ပေ၏။ (ဒီ၊ ၃၊ ၁၅၃)

ဆရာသမားအမှီကောင်း၊ မိတ်ဆွေကောင်း မိတ်ဆွေမှန်ရှိခြင်းကို ''ကလျာဏမိတ္တတာသမ္မဒါ''ဟု ခေါ်ဆို၏။ စီးပွားနိမ့်ပါးနေသူအတွက်လည်း ကူညီစောင်မမည့် မိတ်ဆွေကောင်းလိုအပ်ပါသည်။ စီးပွားတက်စပြုနေသူအတွက် မိတ်ဆွေကောင်း၏ အားပေးကူညီမှု လိုအပ်ပါသည်။ စီးပွားဖြစ်ပြီးသူအတွက်လည်း ဥစ္စာစီးပွား မဆုတ်ယုတ် မပျောက်ပျက်ရန် စီးပွားဖက်မိတ်ဆွေများ၊ တပည့်လက်အောက်ငယ်သားကောင်း မိတ်ဆွေများ လိုအပ်ပါသည်။ ပိုင်ဆိုင်ခွင့်အတူဖြစ်ကြသည့် ဘဝအဖော်မွန် ဇနီးခင်ပွန်းကောင်းနှင့် သားသမီးကောင်း မိတ်ဆွေကား အနီးဆုံး မိတ်ဆွေများဖြစ်၍ သာ၍ပင် လိုအပ်ပါသည်။ နောက်ဆုံးထား၍ ပြောရလျှင် ဆည်းကပ်ကိုးကွယ်ရာ ဘုန်းကြီးရဟန်းနှင့် ဝမ္မဆွေးနွေးဖက် ဝမ္မမိတ်ဆွေများသည်ပင်လျှင် သံသရာခရီးအတွက် မိတ်ဆွေကောင်းများဖြစ်ကြသည်ကို သေချိန်နီးလေ သတိပြုသင့်လေ ဖြစ်ကြ၏။

''ပေးကမ်းချီးမြှင့်၊ ကိုယ်နှင့်ယှဉ်ထား၊ စီးပွားဆောင် ရွက်၊ နှုတ်မြွက်ချိုသာ၊ သစ္စာမှန်စေ၊ **ဝတ်ငါးထွေ၊ ကျင့်လေ မိတ်သဟာ**'' (ဒီ၊၃။၁၅၂။) ဆိုသည့်အတိုင်း ဗုဒ္ဓအလိုကျ မိတ်ဆွေကောင်းတို့၏ ကျင့်ဝတ်ငါးပါးကိုလည်း သိရှိထိုက်လှ ပါသည်။ ပေးကမ်းမှုပြုခြင်း၊ ချစ်ဖွယ်သောစကားကို ဆိုခြင်း၊ အကျိုးစီးပွားကို ဆောင်ရွက်ပေးခြင်း၊ မာန်မာနလျော့၍ တန်းတူ ဆက်ဆံခြင်း ဆိုသည့် မိတ်ကောင်းဆွေမွန် ခိုင်မြဲကြောင်း တရား(၄)ပါးကိုလည်း သတိပြုစရာပင် ဖြစ်ပါသည်။

အပြစ်လွတ်ကင်း၍ မျှတသောစိတ်ထားဖြင့် စီးပွားမှု ဆောင်ရွက်ခြင်းသည် သမဇီဝိတသမ္ပဒါနှင့် ပြည့်စုံစေပါသည်။ စီးပွားဥစ္စာ ပြည့်စုံရုံမျှဖြင့် ကိုယ်စိတ်နှစ်ပါး ချမ်းသာသည် မဆိုနိုင်ပါ။ ကိုယ်ကျင့်သိက္ခာသည်လည်း အရေးကြီးလှပါ၏။

လောကဌ် သိက္ခာအရိုးသားဆုံးသူလောက်ကား ဘယ် သူမှ ကိုယ်စိတ်နှစ်ပါး မချမ်းသာနိုင်ပါ။ ဘယ်အရာမဆို ရိုးသား သူ၌ တစ်ပါးသူ အကဲ့ရဲ့ခံရခြင်း ''ပရာနုဝါဒဘေး'' ကင်း၏။ မိမိကိုယ်၌ကလည်း လိပ်ပြာသန့်သဖြင့် ''အတ္တာနုဝါဒဘေး''လည်း ကင်း၏။ ဤဘေးနှစ်ပါးကင်းခြင်းကြောင့် ကိုယ်စိတ်နှစ်ပါး အမှန်ပင် ချမ်းသာနိုင်ပေသည်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ အိမ်ထောင်ရေးစသည်တို့၌ ပကတိရိုးသားသူများသာ ဘေးကင်း ရန်ကွာ၍ အောင်မြင်မှု ရှည်ကြာနိုင်ပေ၏

ကိုယ်ကျင့်သီလ ရိုးသားဖြောင့်မတ်သူ၌ မျှတစိတ်သည် ရှိပြီးဖြစ်ကြ၏။ မတော်လောဘစိတ်မျိုး မမွေးမြူဘဲ လော်မာမှု, ကောက်ကွေ့မှု ကင်းရှင်းလေ၏။ တရားသဖြင့် အသက်မွေးမြူမှုမှ ရရှိသော စည်းစိမ်ဥစ္စာသည် ခိုင်မြဲ၍ စိုးရိမ်ကြောင့်ကြစရာ မလိုသဖြင့် ချမ်းသာရလေသည်။ ထိုလူမျိုးနှင့် ပတ်သက်ဆက်ဆံရခြင်း၌လည်း စိတ်ချမ်းသာစရာကောင်းသဖြင့် အများ၏ ယုံကြည်စိတ်ချမှုကို ခံရပေ၏။ သမဇီဝိတသမ္ဘဒါခေါ် ယင်း အသက်မွေးမျှတမှုကပင် ကျန်သမ္ဘဒါတရားသုံးပါးအား ပြန်လည်အားဖြည့် ထောက်ပံ့နိုင်ပေ၏။

ဗုဒ္ဓဘာသာဝင် တစ်ဦးအနေနှင့် မျှတသော အသက်မွေးမှုဖြစ်ရန်အတွက် ဝိသမလောဘ (မမျှတသောလိုချင်မှု)မျိုးကို ရှောင်ရှားရန် တာဝန်ရှိပေသည်။ ကျောင်းသားလူငယ်ဘဝကို လွန်မြောက်ကာ အိမ်ထောင်သားမွေးမှုပိုင်း သံယောဇဉ်အသစ်များ ရစ်နှောင်လာချိန်တွင် စီးပွားရေး သဘောများလည်း သက်ဝင်လာပြီ ဖြစ်တတ်ပါ၏။ ထိုအခါမျိုးတွင် သမဇီဝိတ (မျှတသော အသက်မွေးမှု)စည်းကို ကျော်လွန်ကာ ဝိသမလောဘဆီ မြင့်တက်သွားတတ်နိုင်ပေသည်။ အခြားသူစိမ်းများနှင့် မဆိုထားဘိ၊ သားအမိ သားအဖ ညီအစ်ကို မောင်နှမ အရင်းများအပေါ်တွင်ပင် မှားယွင်းသော လောဘတက်ကြသဖြင့် ပိုင်ဆိုင်ခွင့် အငြင်းပွားကြသည့် အမွေမှုများကို ရှင်းလင်းပေးနေကြရပါသည်။

အမွေဆိုင် နွားမတစ်ကောင်ကို အစ်ကိုကြီးနှင့် ညီငယ်တို့ နှစ်ဦးခွဲဝေ၍ တာဝန်ယူကြရာတွင် အစ်ကိုကြီးက ညီငယ်အား အနိုင်ကျင့်လျက် ခေါင်းပိုင်းကို တာဝန်ယူလေသည်။ ညီငယ်ကမူ နွားမ၏ဖင်ပိုင်းကို တာဝန်ယူလေသည်။ ညီငယ်မှာ နွားမအား မြက်ရိတ်၍ အစာကျွေးခြင်း၊ ရေတိုက်ခြင်းတို့ကို ပင်ပင်ပန်းပန်း ဆောင်ရွက်ရရှာသည်။ အစ်ကိုကြီးက နံနက်စောစော တစ်ကြိမ်လောက် နွားချေးကျုံးရုံလောက် ပြုရသည်။ နွားမမှ နွားနို့ကို ညှစ်ယူ၍ သောက်သုံးခြင်း၊ ရောင်းချခြင်း အခွင့်အရေးတို့ကို ခံစားရလေသည်။

အိမ်သုံးပစ္စည်းများဖြစ်သည့် စောင်ခေါင်းအုံးများ သုံးစွဲရာတွင်လည်း အစ်ကိုကြီးက ညဘက်သုံးစွဲ၍ ညီငယ်အား နေ့ဘက်ကို သုံးစွဲစေသဖြင့် အစ်ကိုကြီးမှာ ညဘက်တွင် စောင်ခေါင်းအုံးဖြင့် ဒိမ်ကျကျ အိပ်စက်ရသည်။ နေ့ဘက် တာဝန်ယူရသူ ညီငယ်မှာသာ ညတွင် ကြမ်းပြင်ပေါ်၌ ချမ်းချမ်းစီးစီး အိပ်ရ၍ နေ့ဘက်တွင် အိပ်စရာမလိုဘဲ စောင်နှင့်ခေါင်းအုံးတို့ကို နေပူလှမ်းခြင်း၊ ဖုန်ခါခြင်း တာဝန်များကို ဆောင်ရွက်ရရှာပေသည်။

ညီအစ်ကိုနှစ်ယောက် ဇာတ်လမ်းတွင် အစ်ကိုကြီးသည် ဝိသမလောဘသမား ဖြစ်သည်။ မိမိအတွက် တာဝန်ပိုင်းကို လျော့၍ ရပိုင်ခွင့်ပိုင်းကိုမူ များများယူထားသည်ကို တွေ့နိုင်၏။ ညီအစ်ကိုပင်ဖြစ်လင့်ကစား အစ်ကိုကြီးက ညီငယ်အပေါ် အနိုင်ကျင့်မှုနှင့် သိရှိသွားသောအခါ ညီငယ်၏ တော်လှန်မှုကို

ခံရမည့်အပြင် ကြားသိသူအပေါင်းက ရှုတ်ချိုင်းပယ်ကြသဖြင့် တစ်နေ့တွင် ဆုံးရှုံးမှုနှင့် မလွဲမသွေ ကြုံခဲ့ရသည် ကောန်ဖြစ်ပေသည်

တရားမျှတမှု မရှိဘဲ အစိုးရဥပဒေစည်းကမ်း, အရေပ်စည်းကမ်းနှင့် မညီညွတ်သည့် အခြားသော အသက်မွေးမှုများလည်း ကျန်ရှိသေး၏။ တရားမျှတမှု မရှိလေ ဥပဒေအပြစ်လူမှုရေးအပြစ်တို့က ပိုမိုကြီးလေးမည်ဖြစ်၍ ပြစ်ဒဏ်များလည်း ပိုမိုခံရဖို့သာ ရှိလေသည်။ ဗုဒ္ဓဘာသာဝင် တစ်ဦးအနေနှင့် လိုက်နာသွားရမည့် ဘာသာရေးကျင့်ဝတ်၊ လူမှုရေးကျင့်ဝတ်၊ ကုန်သွယ်မှု စီးပွားရေးကျင့်ဝတ်၊ ဥပါသကာ ဥပါသိကာ ကျင့်ဝတ်စသည့် ကျင့်ဝတ်များနှင့်အညီ ကြီးပွားချမ်းသာအောင် ဆောင်ရွက်ခြင်းသည်သာလျှင် သမ္မာအာဇီဝ ဖြစ်၍ ပစ္စုပ္ပန်သံသရာအပြစ် ကင်းပေ၏။

သမ္မဒါတရားလေးပါးကို လူကြီးမိဘများထံမှ ကြားဖူးပြီးသားဖြစ်၍ ဗုဒ္ဓဘာသာဝင်တို့အဖို့ နားမစိမ်းလှပေ။ ကံ၊ ဉာဏ်၊ ဝီရိယနှင့် ပေါင်းစပ်ကာ အတွေးအခေါ် အယူအဆအားဖြင့်လည်း သဘောပေါက်ကြသည်သာ များပါသည်။ သို့သော် ပုထုဇဉ်များပီပီ မျက်မှောက်ဘဝ ချက်ချင်းလက်ငင်း ကြီးပွားချမ်းသာလိုမှုက အလေးသာနေသဖြင့် လေးနက်မှုပိုင်းတွင် အားနည်းနေကြသည်ဟု ထင်မြင်ပါသည်။

စင်စစ် သမ္ဘဒါတရားလေးပါးကို ဗုဒ္ဓဘုရားရှင်က ပစ္စုပ္ပန်ကောင်းကျိုးသာမက ဘဝသံသရာထိ ကောင်းမွန်နိုင်သည့် ဘဝအဆက်ဆက် ကြီးပွားချမ်းသာရေးနည်းလမ်းကို လမ်းညွှန်ထားခြင်းဖြစ်ပါသည်။ ငယ်တုန်းရွယ်တုန်း ကြီးပွားရေး, စီးပွားရေး လုပ်ကိုင်၍ကောင်းတုန်း အချိန်တွင် လေးနက်မှုမရှိဘဲ အရွယ်လွန်မှ ဘာသာတရား အဆုံးအမများနှင့် ထိတွေ့ရင့်ကျက်မှုများပြီး သမ္ဘဒါတရား (၄)ပါး၏ အနှစ်သာရကို အလေးအနက်သဘောပေါက်ခြင်းသည် မျိုးဆက်တစ်ခု နီးပါးမျှ အံလွဲနေမည်ဖြစ်ပါသည်။ သမ္ဘဒါတရား (၄)ပါးကို ဘာသာရေးသဘောတရား တစ်ခုအဖြစ် ငယ်ရွယ်စဉ် ခေါင်းထဲ မသွင်းချင်သေးသည့် လူငယ်လူရွယ်တို့အား နားလည်သဘောပေါက်ပြီးသူ လူကြီးမိဘတို့က လမ်းညွှန်သွန်သင်ကြရာ အသက်ကြီး၍ စကားများခြင်းမျှလောက်သာ လူငယ်တို့က ပြန်လည်၍ အသိအမှတ်ပြုမခံရလေအောင် ကြိုးစားကြရပေမည်။

ရှေးရှေးက မြန်မာပုဗ္ဓဘာသာတို့သည် ငယ်စဉ်အခါ ဘုန်းတော်ကြီးကျောင်းမှ သင်ကြားပေးလိုက်သော သမ္ဘဒါတရား ၄–ပါး၏ လေးနက်မှုအခြေခံများဖြင့် နိုင်ငံတော်ကြီးကို တည်ဆောက်နိုင်ခဲ့ကြ၏။ လောကဓာတ် သိပ္ပံပညာကို တည်ထွင်နိုင်မှုစွမ်းပကား နည်းခဲ့လင့်ကစား ကံ, ဥာဏ်, ဝိရိယအားစွမ်းပကားဖြင့် ယှဉ်ပြိုင်ဖက်များကြားတွင် ဘုန်းမီးနေလ တောက်ပ

ခဲ့ကြသည်။ ''သာကီမျိုးဟော့, တို့မြန်မာ''ဟူသော ကြွေးကြော်သံမျိုးကို ရွတ်ဆို၍ ဗုဒ္ဓဘာသာအခြေခံသော ယဉ်ကျေးမှုအမွေကို သစ်ထွန်းဆက်ပွားနိုင်ခဲ့ကြ၏။ ထိုနှယ်သော ဇာတိမာန်အစဉ်အလာကို လက်ဆုပ်လက်ကိုင်ပြုလျက် ခေတ်မီ လူမှုသဘောတရားများနှင့် ပေါင်းစပ်ကာ အောင်မြင်မှု ပန်းတိုင်ဆီ အားသစ်လှမ်းချီ ကြရမည်ဖြစ်ပါသတည်း။



87

ဆယ်တင်ခြင်း

သို့မဟုတ်

သရဏ္ဍာယ်ခြင်း

ကိုသန်းမောင်သည် မိန်းမဖြစ်သူ မသန်းသန်း လှမ်းပေးသော ထမင်းသာပါပြီး ဟင်းမပါသော ထမင်းပူးကို ယူ၍ ရုံးသွားရန် အိမ်မှ ထွက်ခဲ့သည်။ ကားမှတ်တိုင်ကျမှ နံနက်စာအတွက် အကြော်ဖြစ်စေ တစ်ခုခု ဝယ်ထည့်သွားရမည် ဖြစ်၏။ ဤပုံစံဖြင့် ကိုသန်းမောင် ရုံးသွားခဲ့ဖူးပေါင်း များပြီ။

''အစ်ကို ရုံးက ပိုက်ဆံလေးဆွဲခဲ့ဖို့ မမေ့နဲ့ဦး၊ သားက နေမကောင်းပြီးစ ကြက်ရိုးလေးဘာလေး ပြုပ်တိုက်ဦးမှ ဖြစ်မှာ''

အိမ်နှင့်ခပ်လှမ်းလှမ်းရောက်မှ မိန်းမက အိမ်ပေါက်ဝမှ လှမ်းမှာသည့်စကားကို ပြန်လှည့်မကြည့်ဘဲ သတိရကြောင်းသာ ကိုသန်းမောင် လက်နှင့် နောက်ပြန်ပြခဲ့၏။

မပြည့်စုံသူများဘဝသည် ခေါင်းရှုတ်စရာများလှ၏။

အိမ်မှ နာရီဝက်ခန့် လမ်းလျှောက်ခဲ့၍ ကားမှတ်တိုင်ရောက်တော့လည်း မှတ်တိုင်တွင် ကားကြိုးငါးစီးစာလောက်ရှိသည့် ခရီးသည်လူအုပ်က ကိုသန်းမောင်အား ခေါင်းပိုရှုတ်

သွားစေပြန်၏။ မြို့သစ်နေ လူများသည် ရန်ကုန်မြို့ထဲသို့ ဗဟို ပြု၍ သွားရောက် လုပ်ကိုင်ကြရာ နံနက်တွင် မြို့ထဲသို့ လူကုန်ထွက်၍ ညနေတွင် မြို့သစ်သို့ လူကုန် ပြန်ဝင်ကြရသည်။ တစ်နေ့တစ်နေ့ အလုပ်သွား အလုပ်ပြန် ဘူတာ, မှတ်တိုင်နှင့် ရထားကားပေါ်တွင် အနည်းဆုံး ၃-နာရီခန့် အချိန်ဖြုန်းကြ ရသည်။ ကားနှစ်ဆင့် သုံးဆင့်ခရီးအတွက်ကား နာရီပေါင်း ၄-နာရီ၊ ၅-နာရီအချိန်မှာ အနည်းကလေးပင် နေ့စဉ် ကြွေးဆပ် သလို ပေးဆပ်နေရသည်။

ကားတွေမှာ တစ်စီးနှင့်တစ်စီး သိပ်မကြာလှပဲ မှတ်တိုင်သို့ လာရောက်ရပ်ကြပါ၏။ သို့သော် ပတ်စီးခရီးသည်နှင့် ပြည့်နှင့်လာသော ဘတ်စ်ကားမှာ မှတ်တိုင်မှ လူ (၁၀)ဦးခန့်ကို ပြွတ်သိပ်ကြပ်ထိုး တွဲလောင်းတင်ရင်း ထွက်ခွာသွား၏။ ထွက် သွားသည့် ကားနောက်ပါသွားသူ ၁၀-ဦးနေရာသို့ အစားဝင် ရောက်လာသည့်အနေနှင့် နောက်ခရီးသည် (၁၀)ဦးက မှတ်တိုင်သို့ နောက်မိနစ်ပိုင်းအတွင်း ရောက်ရှိလာပြီး မှတ်တိုင်၌ ကားစောင့် ခရီးသည် မလျော့တော့ပေ။ နောက်ရောက်လာသည့် ကား တစ်စီးကို မျက်နှာရှုံ့မဲ့စွာ လှမ်းမျှော်ရင်း ကြာပါက ပါးရေ အတွန့် မျဉ်းများ အကြောသေပြီး မြန်မြန်အိုစာ ကုန်ကြမည် လားဟု ကိုသန်းမောင် တစ်ခါတစ်ခါ တွေးကြည့်မိလေ၏။

ဘတ်စ်ကားတစ်စီး ရောက်ရှိလာပြန်ပါပြီ။ ဘတ်စ် ကားက ကံကောင်းစွာ ကိုသန်းမောင်ရှေ့သို့ အပေါက်ဝ

တည့်တည့်ဖြင့် လာရပ်သည်။ ကျင့်သားရနေပြီးသော ညာခြေ ဘယ်ခြေ ညာလက်တို့က ကိုသန်းမောင်အား ကားပေါ်သို့ စွေ့ကနဲ ရောက်ရှိသွားစေ၏။ ဘယ်သူ့ဖိနပ် နောက်ပြီး နင်းမိသလား၊ ဘယ်သူ့အား တွန်းတိုက်မိသလား ဘာမှ စဉ်းစားမိချိန် မရှိ။ မိမိတစ်ကိုယ်စာ ကားပေါ်ရောက်ရေးမှ လွဲပြီး အခြားစဉ်းစား နေခဲ့၍ ရုံးနောက်ကျခဲ့သည့် အတွေ့အကြုံက များခဲ့ပြီမဟုတ်လား။

ကားပေါ်ရောက်တော့ ခေါင်းရှုတ်ရသက်သာပြီလား မှတ်ရ မည်ရှိသေး။ ကားပေါ်တွင် လူကိုယ်ခန္ဓာ ဝပြည့်သောခရီးသည် တစ်ဦးနှင့် ကားဝမ်းထဲသို့ အတင်းထိုးခိုင်းနေသော ကားစပယ် ယာတို့ အချိုအချ ရန်ဖြစ်နေသည်နှင့် ကြုံရသည်။

''ခင်ဗျား အထဲမတိုးချင်ရင် ပြန်ဆင်းဗျာ''

''ဘာလုပ်ဆင်းရမလဲကွ။ အထဲတိုးဖို့က ကျဉ်းကြပ်နေတာ တစ်လက်မတောင် တိုးမရဘူး။ မယုံရင် ရှေ့က မင်း လာ တိုးကြည့်''

''မလိုချင်ဘူး။ မတိုးရင် ဆင်းဗျာ။ ကားဆရာရေ လေးဘီးလုံး ရပ်ထား''

ဘီးလိမ့်စပြုနေသော ဘတ်စ်ကားမှာ နေရာတွင် ရပ်ကာ စက်သံပါ ပျောက်သွားသည်။ ခရီးသည်များက ဆူပူကန့်ကွက် သံများ ပေါ်လာပြီး အသက်ကြီးသူများက တောင်းပန်စကား ဖြန်ဖြေစကားများ တစ်ယောက်တစ်ပေါက် ဝင်ရောက်ပြောကြ၏။

ကိုသန်းမောင်အဖို့ ဘတ်စ်ကားပေါ်တွင် သည်လိုမျိုး မကြာခဏ ကြုံဖူးသဖြင့် ရိုးတော့ရိုးနေပြီ။ သို့သော်လည်း ဤလိုနှင့်ပင် ကားသမားကလည်း ကားမထွက်ဘဲ မနေနိုင်။ ခရီးသည်များ ကလည်း မသွားဘဲ မနေနိုင်ကြရာ နောက်ဆုံးတော့ မူလ ပြဿနာ ပြီးပြေသည်ဖြစ်စေ၊ မပြီးပြေသည်ဖြစ်စေ ဘဝတူများ၏ 'တစ်နေ့တာ လှုပ်ရှားရုန်းကန်မှု' အစီအစဉ်အရ ဘတ်စ်ကား ထွက်ခဲ့ရ၏။

ဘတ်စ်ကားထွက်တော့ ကိုသန်းမောင်တစ်ယောက် ကား ဝမ်းအတွင်း ရောက်ရှိနေပေပြီ။ ကားထဲတွင် ခရီးဆုံး ရန်ကုန်မြို့ ထဲထိ လိုက်ပါမည့် ခရီးသည်ကသာ များပေရာ ခြေနင်းခုံ လောက်မှာသာ အတက်အဆင်း ရှိပေတော့သည်။ ကားအတွင်း၌ အသိမိတ်ဆွေချင်း ရပ်ကွက်သားချင်း ရုံးသူရုံးသားချင်း တွေ့၍ အကြောင်းအရာစုံ စကားဖောင်လာသူများ ရှိသလို တစ်ဦးချင်း သမားအဖို့ အတွေးပလုံစီကာ ငေးဝှေ့ လိုက်ပါလာသူများလည်း ရှိ၏။ ဒမျှားအားဖြင့် လူမှုရေး စီးပွားရေး လုပ်ငန်းခွင်အရေးများ၌ စိတ်အာရုံကပ်ငြိကာ ခေါင်းရှုတ်သည့် အမှုအရာများကသာ ခရီးသည်များ၏ မျက်နှာတွင် ပေါ်လွင်နေကြသည်။

ကိုသန်းမောင်၏ ခေါင်းထဲသို့ ရုံးလုပ်ငန်းခွင်က ကိစ္စသည် ခေါင်းရှုတ်ဖွယ်ရာ ဝင်လာပြန်သည်။ ရုံးနောက်မကျရေးကိစ္စ၊ မနေ့က တင်ခဲ့သည့် ဝန်ထမ်းရေးရာကိစ္စ စသည်။

ရုံးနောက်ကျနေ၍ သတိပေးခံရပြီး ကိုသန်းမောင် လက်မှတ်ထိုးထားရသည်မှာ (၄) ကြိမ်ရှိပေပြီ။ ထုချေလွှာ အတောင်းခံရရုံနှင့် ပြီးခဲ့သည်ကိုပဲ ကျေးဇူးတင်ရသေး၏။ ယခု တစ်ကြိမ်ထပ်မံနောက်ကျ၍ ငါးကြိမ်ပြည့်ခဲ့ပါမူ ပြင်းထန်စွာ အရေးယူခံရမည်ဟု အထက်လူကြီးက ကိုသန်းမောင်အား သတိပေးထားချက် ရှိ၏။

ကိုသန်းမောင် မနေ့က တင်ခဲ့သော အမှုတွဲမှာလည်း တင်ပြလွှာ၌ အလံထိုးပြရမည့် စာရွက်စာတမ်း မပြည့်စုံသဖြင့် ရုံးရောက်လျှင် မိမိအထက်အရာရှိက ခေါ်ငင်ကြိမ်းမောင်းခံထိမလားဟု စိတ်ထဲထင့်နေ၏။ အမှန်တော့ ယင်းအမှုတွဲမှာ ကိုသန်းမောင်နှင့် သက်ဆိုင်သော ကိစ္စမဟုတ်ပေ။ မိမိဘာမှ မသိဘဲနှင့် ခွင့်ယူသွားသူကိုယ်စား ကြားဝင်၍ လုပ်ဆောင်ရခြင်း ဖြစ်သည်။ ရုံးဆိုသည်ကလည်း ရုံးသားတစ်ဦးဦး ခွင့်သွားနေရုံနှင့် လုပ်ငန်းစီးဆင်းမှုကို ရပ်တန့်ပစ်၍ ရသည် မဟုတ်ပေ။

ကိုသန်းမောင် သက်ပြင်းချမိပေ၏။

နေ့စဉ်နေ့စဉ် စားဝတ်နေမှုအတွက် ခေါင်းကုတ်ရသည့် ကိစ္စ၊ ရုံးသွားရုံးပြန် အချိန်ပေးဆောင်ရကာ သွားလမ်း လာလမ်းတွင် ဆူညံပူလောင် ခေါင်းရှုတ်ရသည့်ကိစ္စ၊ လုပ်ငန်းခွင်အတွင်း ပြဿနာအချို့အတွက် ကြိုတင် ပူပင်နေရသည့်ကိစ္စ စသည်ဖြင့် ကိုသန်းမောင်၏ ခေါင်းထဲဝယ် တစ်နေ့တစ်နေ့ ဝန်ထုပ်ဝန်ပိုးကြီး

ရွက်ပိုးနေရသည့်နှယ် ရှိဘိ၏။ သည်ဝန်ထုပ် ဝန်ပိုးကြီးကို သွားရော့ ဆိုပြီး လွှင့်ပစ်လိုက်ဖို့ကလည်း လက်တွေ့မှာ မဖြစ်နိုင်။ လွှင့်ပစ်ရှောင်ပြေး၍ ရစကောင်းသည်လည်း မဟုတ်ပေ။ နေ့တစ်ဝုဝ ကိစ္စကြီးမို့ ကြာတော့ ကိုသန်းမောင် စိတ်ဓာတ်ပင် ကျချင်လာ၏။

စိတ်ဓာတ်ကျ၍တော့ မဖြစ်။ စိတ်ကျလျှင် လူပါ ကျသွားနိုင်၏။ လူကျချင်ကျပစေ၊ စိတ်မကျဖို့ကမူ အရေးကြီးပေ၏။ **စိတ္တေန နီယတေ လောကော–** စိတ်သည် လောကကို ဦးဆောင်သည်ဟု ဆိုထားသည့်အတိုင်း လူတွင် စိတ်, စေတသိက်တို့၏ ရှေ့ဆောင် ပြဌာန်းသည့် သဘောတရားကို ဗုဒ္ဓဘာသာဝင် တစ်ဦးအနေနှင့် ကိုသန်းမောင် သဘောပေါက် ခံယူထား၏။

* * * * *

ယခုတော့ ကိုသန်းမောင်တစ်ယောက် ဟန်ကျ၍ နေပေပြီ။

ဗြဟ္မစိုရ်တရား လေးပါးတွင် သတ္တဝါများအပေါ် မေတ္တာ ဖြန့်ကျက်ပွားများ၍ နေခြင်း ''မေတ္တာ''ကိုလည်းကောင်း၊ ဆင်းရဲဒုက္ခရောက်သူကို စာနာသနားခြင်း ''ကရုဏာ''ကို လည်းကောင်း၊ ချမ်းသာသုခ အောင်မြင်မှု ရရှိနေသူအား ဝမ်းမြောက်ခြင်း ''မုဒိတာ''ကိုလည်းကောင်း လွယ်လွယ်နှင့် နားလည်နိုင်ခဲ့ပါ၏။ ချမ်းသာသုခ မခွဲ အရာရာလျစ်လျူရှုခြင်း ''ဥပေက္ခာ'' ဗြဟ္မစိုရ်ကိုမူ နားလည်ရန် ကိုသန်းမောင် ဉာဏ်

မမီခဲ့ရိုး အမှန်ပါ။ သို့သော် ယခုမူ ဥပေက္ခာပြဟ္မစိုရ်တရားကို ကိုသန်းမောင် အနည်းအကျဉ်း နားလည်သယောင်ယောင် ရှိလာပြီ ဆိုနိုင်ပါ၏။ တစ်စုံတစ်ခုကို စိတ်တွင်းမှ ဖယ်ထုတ်ထားဖို့ အတွက် ထို့ထက်လေးနက်သည့် တစ်စုံတစ်ခုဖြင့် လွှမ်းမိုးမှုကို ရယူထားရန် လိုမည် ထင်ပါသည်။

ရွာဦးကျောင်းတွင် ငယ်စဉ်က ကိုသန်းမောင်နှင့် ကျောင်းနေဖက်ဖြစ်ခဲ့ဖူးသော ဦးပဉ္စင်း ဦးကေဝမ္ဘသည် ဝမ္ဘာစရိယအောင်မြင်ပြီး စာသင်တိုက်တွင် စာချဘုန်းတော်ကြီး တာဝန်ယူနေ၏။ ငယ်စဉ်က ရင်းနှီးကျွမ်းဝင်ခဲ့သဖြင့် ရောက်သည့်အခါတိုင်း ကိုသန်းမောင် အိမ်ကိုတော့ ခဏဖြစ်ဖြစ် မရောက်ရောက်အောင် ကြွလာတတ်၏။ ရောက်သည့်အခါ ယေဟောင်းနှောင်းဖြစ်များအပြင် ပစ္စက္ခစိတ်ပိုင်းရုပ်ပိုင်း အခြေအနေများ အပါအဝင် လေးနက်သော ဝမ္ဘအကြောင်း များလည်း ပါရှိတတ်၏။

နောက်ဆုံးအခေါက် ဦးကေဝမ္ဘ ကြွလာစဉ် ဟောပြသွားသော တရားတစ်ပုဒ်ကို ကိုသန်းမောင် နှစ်ခြိုက်မိလေသည်။ ကိုသန်းမောင်အတွက် စိတ်ဓာတ်မကျရေး ယာယီနည်းတစ်ခု ရရှိပိုင်ဆိုင်ခဲ့ပြီဟု ဆိုရမည်ဖြစ်၏။

"ဗုဒ္ဓဘာသာပဲ၊ ရတနာသုံးပါးနဲ့ ကံ, ကံရဲ့အကျိုးကို ယုံကြည်ပါ။ ကံ၊ ဉာဏ်၊ ဝီရိယ ရှိသူဟာ တစ်နေ့ မျှော်မှန်းရာ အောင်မြင်မှာပဲ။ အတိတ်နဲ့ အနာဂတ်ကို ခပ်လှမ်းလှမ်းမှာ

လျှစ်လျှူရှုထားလိုက်၊ ရှသေးတယ်။ ပစ္စုပ္ပန်က အရေးကြီးတယ်။ ငယ်ငယ်က ရခဲ့တဲ့ ပရိတ်ကြီးဆယ့်တစ်သုတ်ကို ရသေးလား။ မရတော့ရင်လည်း ပြန်ကျက်လိုက်ရင် အသစ်ကျက်ရသူလောက် မခက်တော့ပါဘူး။ ကျက်လို့ ရသလောက်ကစပြီး အချိန်ပေးပြီး တော့လည်း ဘုရားရှေ့မှာ ထိုင်ရွတ်ပါ။ နေ့စဉ် အိမ်က ရုံးကို ထွက်တာနဲ့ လမ်းမှာလဲရွတ်။ ကားပေါ်၊ ရထားပေါ်လည်း ရွတ်။ ရတာကုန်သွားရင် အစကပြန်ရွတ်။ ဒီလိုနဲ့ ရုံးသွားရုံးပြန် အလကား ဖြစ်နေမယ့် အချိန်တွေ မရှိတော့ပဲ ကုသိုလ်ရမယ့် အချိန်တွေ ဖြစ်လာမယ်။ ဥစ္စာနဲ့ ပညာမရတဲ့အချိန်တွေမှာ ကုသိုလ်တွေ ရလာမယ်။ လုပ်ကြည့်ပါ။ အကျိုးက လုပ်ကြည့်မှ သိမယ်။ စိတ်ဓာတ်ခိုင်လာမယ်။ စိတ်ထဲ ပေါ်လာတဲ့ အာရုံတွေနဲ့ ဘေးအာရုံတွေ ပျောက်သွားပြီး စိတ်အေးငြိမ်းမှုတွေ ခံစားလာမယ်။ အဲဒီလို ကုသိုလ်ကံရဲ့အကျိုးဆက်က ကိစ္စအားလုံးဟာလည်း တစ်နေ့တစ်ခြား အဆင်ပြေလာလိမ့်မယ်။

''ဗုဒ္ဓဘာသာမှန်ရင် ' သူများလာပေးမှ, သူများလုပ်ပေးမှ ရမှာ ဆိုတာကို အလေးပေး မယုံဘဲ မိမိကိုယ်ကို ယုံယုံကြည်ကြည်နဲ့ ကံ ဉာဏ် ဝီရိယ အားကိုးလုပ်ဆောင် ကြရမှာကို မမေ့ထားနဲ့။ ယုံယုံကြည်ကြည်နဲ့ လုပ်ကြည့်စမ်းပါ။ တစ်ခုခု ထူးကိုထူးရစေမယ်''

ထိုရက်မှစ၍ ကိုသန်းမောင် ပရိတ်ကြီးစာအုပ် ပြန်ကိုင်ရတ်။ ငယ်စဉ်က ရဖူးသော်လည်း ပစ်ထားသဖြင့် မင်္ဂလသုတ်,

မေတ္တာသုတ်လောက်သာ မှန်မှန်ကန်ကန် ရပြီး ကျန်သုတ်များ ပုဒ်ကျော်ပိုဒ်ကျော်ဖြစ်ကာ မရတစ်ချက် ရတစ်ချက် ဖြစ်နေသည်က များ၏။ သို့သော် ယေဘုယ်ကား နှုတ်တက်ခဲ့ပြီးသားမို့ ပြန်ကျက်ယူရာတွင် မခက်ခဲလှပေ။ တစ်ပုဒ်ချင်း တစ်ပိုဒ်ချင်း နေ့စဉ်နေ့စဉ် သွားရင်းလာရင်း ရွတ်ရင်းဖတ်ရင်းနှင့်ပင် နှစ်လခန့်ကြာသော် ပရိတ်ကြီး ဆယ့်တစ်သုတ်လုံး အာဂုံ နှုတ်တက်၍ သွားလေသည်။

ပရိတ်ကြီး ဆယ့်တစ်သုတ်မှာ ရတနာသုံးပါးဂုဏ်တော်ကို နှလုံးသွင်းခြင်း၊ ရှေးရှေးသူတော်ကောင်းများ သစ္စာဆိုခြင်း, အဓိဋ္ဌာန်ခြင်း စသည့်ဖြစ်စဉ်များ၊ မန္တန်များ ဖြစ်ကြပြီး ရှေးဆရာတော်ကြီးများက ပရိတ်ကြီးဆယ့်တစ်သုတ်အဖြစ် စုစည်းပေးခဲ့၍ အစဉ်အဆက် ရွတ်ဖတ်သရဇ္ဈာယ်ခဲ့သည့် သုတ်တော်များ ဖြစ်ပါသည်။ သံဃာတော် အရှင်မြတ်များသည် အရာဌာန အကြောင်းအရာအလိုက် ဆည်းကပ်ကိုးကွယ်ကြသူ ဒါယကာ ဒါယိကာမများ ဘေးအန္တရာယ် ကင်းပ၍ ကျက်သရေ မဂ်လာ တိုးပွားစေရန် မေတ္တာပွား ရွတ်ဖတ်ပေးတော်မူကြသည့် ပရိတ်တော်များလည်း ဖြစ်သည်။

ကိုသန်းဟောင်သည် နံနက်အိမ်က ထွက်လာကာတည်းက လမ်းတွင် အသိမိတ်ဆွေများ တွေ့လျှင် နှုတ်ဆက်ပြောဆိုသည်မှ လွဲ၍ ပရိတ်များကိုသာ နှလုံးသွင်း၍ သွား၏။ စိတ်အာရုံတွင် ရတနာမြတ်သုံးပါး ထိတွေ့ရုံနှင့် စိတ်မှာ ကြည်လင်သွား၏။

ကားစောင့်ရင်း ဆက်လက် နှလုံးသွင်းမိနေခြင်းဖြင့် မျက်နှာရှုံ့မဲ့စွာ စိတ်စော စိုးရိမ်မှုမျိုး မဖြစ်မိတော့။ ကားပေါ်သို့ တိုးဝှေ့ရ၍ လည်းကောင်း၊ ကားစပယ်ယာနှင့် စကားပြော အဆင်မပြေ၍ လည်းကောင်း၊ အခြားသော အနိဋ္ဌာရုံများကို တွေ့မြင်ကြားသိ၍ လည်းကောင်း ဖြစ်ပေါ်သည့် စိတ်နှလုံး မသာမယာ မကျေနပ်မှုမျိုး နည်းလာသဖြင့် စိတ်တွင် ကြည်လင်မှုသာ အချိန်များလာသည်။

ပရိတ်တော်တန်ခိုးဖြင့် လမ်းခရီးတွင် အသက်အန္တရာယ် တစ်မျိုးမျိုးနှင့် မကြုံတွေ့နိုင်ခြင်း၊ လုပ်ငန်းလုပ်ကိုင်ရာတွင် အမှားအယွင်းနည်းပါးခြင်း စသည်ကို ယုံကြည်ထားနိုင်၍လည်း စိတ်ငြိမ်းအေးခြင်းသဘော သက်ဝင်နေကာ ကိုသန်းမောင်ပွင့် ကုသိုလ်တရားများ အထပ်ထပ် တိုးပွားနေ၏။ စိတ်ကြည်ကြည် လင်ဖြင့်ပင် ရုံးကိစ္စများ, အလုပ်ကိစ္စများကို ပြီးစီးအောင် ဆောင်ရွက်နိုင်သဖြင့် လုပ်ငန်းခွင် ညစ်ညူးစရာများပါ ကင်းဝင်၍ သွားကာ နေ့စဉ်ဘဝ ပျော်ရွှင်လာပေ၏။

တရားပီတိဖြင့် နှစ်သိမ့်ကြည်နူးရမှုသည် အခြား ပျော်ရွှင်ရမှုနှင့် မတူ။ အညစ်အထေး ကင်းစင်ပြီး စိတ်ပြိုမ်း ချမ်းမှု၊ စိတ်တည်ကြည်မှုတို့ကို လက်တွေ့ အကျိုးရဝေ၏။ တစ်ဆင့်ထက် တစ်ဆင့် ရင့်ထက်ရင့်သွားခဲ့လျှင် သာမန်လောကခံ အထောင်းအထုလောက်ကတော့ စိတ်အားဖြင့် နိုင်နင်းသွားနိုင် ပေသည်ဟု ကိုသန်းမောင် အားတက်ခဲ့ပြီဖြစ်၏

ယခု ကိုသန်းမောင်တွင် စိတ်ကျမှုရောဂါ ပျောက်ကင်းသွားကာ မိမိကိုယ်ကို ဆယ်တင်နိုင်ခဲ့ပြီဖြစ်သည်။ ရုံးသူ ရုံးသား လုပ်ဖော်ကိုင်ဖက်များအားလည်း မိမိရထားသည့် ဆေးနည်းကို ဝေငှ၍ မိမိကဲ့သို့ ရောက်ရှိရာတွင် ကိုယ်စိတ်နှစ်ပါး ပျော်ရွှင်ကြည်လင်အောင် တိုက်တွန်းနှိုးဆော်ရမည်ဟု သန္နိဋ္ဌာန် ချမိလေသည်။

* * * * *

ရွတ်ပွားခြင်း၊ ရွတ်ဖတ်ခြင်း သရဇ္ဈာယ်ခြင်း ဟူ၍ ရှိရာ ရွတ်ပွားခြင်း ရွတ်ဖတ်ခြင်းမှာ မြန်မာစကားဖြစ်၍ ရှင်းဖွယ်မရှိပါ။ သရဇ္ဈာယ်ခြင်းကား ပါဠိသက် ဝေါဟာရ ဖြစ်ပါသည်။ (သရ+အဇ္ဈာယ) ဟူသော ပါဠိရင်းနှစ်ခု ပေါင်းစပ်၍ (သရ= အသံ + အဇ္ဈာယ= ရွတ်ဆိုခြင်း) ဖြစ်ပါသည်။ အသံထုတ်၍ ပြန်လည်နှလုံးသွင်း ရွတ်ဆိုခြင်းကို သရဇ္ဈာယ်သည်ဟု ခေါ် ဆိုခြင်း ဖြစ်ပါသည်။

ရွတ်ဖတ်သရဇ္ဈာယ်ရာတွင် စိတ်ကို မလွင့်ပါးစေဘဲ တရားနှ၌ တည်ကြည်စေခြင်း၊ ရတနာသုံးပါး ဂုဏ်ကျေးဇူး များကို ဖော်ညွှန်းပူဇော်ခြင်း၊ ဘုရားလောင်း သူတော်ကောင်းတို့၏ သစ္စာအဓိဋ္ဌာန်ချက်များကို ပြန်လှန်နှလုံးသွင်းခြင်း၊ သတ္တဝါတို့ အပေါ် မေတ္တာဘာဝနာ ပွားများခြင်း စသည်တို့ကြောင့် သမထ ဝိပဿနာ ကမ္မဋ္ဌာန်းသဘောများ ပါဝင်ပြီးဖြစ်၍ နိဗ္ဗာန်ရောက်

ကြောင်း လမ်းစဉ်သဘောခ္ခ သက်ဝင်ပါသည်။ စိတ်အာရုံတွင် ရင့်ကျက်သော သမာဓိကို တဒင်္ဂဆောက်တည်မိသဖြင့် အကုသိုလ် ဖြစ်စေမည့် စိတ်လွင့်ပါးမှုများကို ဖယ်ထုတ်ပြီး ဖြစ်နေသည် ကိုလည်း တွေ့ရှိနိုင်ပါသည်။ ပုထုဇဉ်လူသားတို့၏ ပြင်ပ ကျင့်ဘာရုံ၊ အနိဋ္ဌာရုံ လှုံ့ဆော်မှုများကြောင့် အစဉ်အမြဲလို မကြာခဏလို ဖြစ်ပေါ်လျက်ရှိသည့် လောဘ၊ ဒေါသ၊ မောဟ အကုသိုလ် များသာ လွှမ်းမိုးနေတတ်ရာ တဒင်္ဂပဟာန်အားဖြင့် ကုသိုလ်၊ အကုသိုလ်စိတ်ကို မနောဒွါရမှ ဖယ်ခွာထားနိုင်ခြင်းသည်ပင် ဗုဒ္ဓ ဘာသာတစ်ဦးအဖို့ တန်ဖိုးမဖြတ်နိုင်သော ကုသိုလ်ဘာဝနာမှ ဖြစ်ပေါ်၏။

ပရိတ်ဒေသနာများကို ရွတ်ဖတ်သရဇ္ဈယ်ကြရာ၌ အကျိုး ရှိအောင် ရွတ်မွားနည်းကို စာပေကျမ်းဂန်များတွင် ဖော်ပြထားပြီး ဆရာတော်ကြီးများလည်း ပရိတ်ရွတ်ပွဲရှိတိုင်း မကြာမကြာ မိန့်ကြားထားကြပါသည်။ ''ပါဠိမပျက်, အနက်ကိုသိ, သဒ္ဒါရှိ'' ဆိုသည့်အတိုင်း ရွတ်ဖတ်သရဇ္ဈာယ်သူတွင် ပြည့်စုံရမည့် အင်္ဂါ (၃)ပါးကို ဖော်ပြထားကြ၏။

ပါဠိမပျက် – မာဂဓဘာသာ ပါဠိစကားကို မတတ် ကျွမ်းသူ လူပုဂ္ဂိုလ်များအဖို့ ပုဒ်ပါဠ် ဌာန်ကရိုဏ်း အဖြတ် အရေပ်တွင်မက ပါဠိပါဠ်ဆင့် အသံထွက်ကိုပင် ရဲရဲ မထွက်ဝံ့ကြပါ။

ယခုအခါ ပရိတ်စာအုပ်များတွင် အသံထွက်များကိုပါ ထည့်သွင်းရိုက်နှိပ်တတ်ကြသဖြင့် ယင်းစာအုပ်များသည် အထောက်အကူရနိုင်ကြပါသည်။ သို့သော်လည်း ဆရာတော်ကြီးများ ရွတ်ပွားတော်မူကြသည့် ပရိတ်တော်အသံသွင်း ကြိုးခွေများတွင် နည်းခံနာယူမှတ်သားခြင်းက သာ၍ ကောင်းမွန်ပါသည်။ အသံထွက်အဖြတ်အရပ် မှန်ကန်ပြီ ဆိုလျှင် အများကြားနာနိုင်သည်အထိ အသံထုတ်၍ ရဲရဲဝံ့ဝံ့ ရွတ်ဆိုရဲပြီးဖြစ်၍ ပရိတ်ရွတ်ဖတ်မှုအပေါ် စေတနာနှင့်တကွ သဒ္ဓါယုံကြည်မှု သြဇာသက်ရောက်စေနိုင်မည်ဖြစ်ပါသည်။ အဖြတ်အတောက်နှင့် အသံထွက် မမှန်ပါက အနက်အဓိပ္ပါယ် လွဲချော်ကာ ယင်းအဓိပ္ပါယ် လွဲမှားမှုကို လိုက်၍ သဒ္ဓါယုံကြည်မှု လျော့ပါးသွားစေနိုင်ပါသည်။

အနက်ကိုသိ – မိမိနှုတ်မှ ရွတ်ဆိုလိုက်သော ပါဠိအနက်အဓိပ္ပါယ်ကို သိရှိနေကာ ရွတ်ပွားရန်ဖြစ်ပါသည်။ ဗုဒ္ဓဘာသာ ပရိတ်တော်များသည် ရတနာသုံးပါး ဂုဏ်တော်များနှင့် သစ္စာအဓိဋ္ဌာန်မှုများဖြစ်၍ ပါဠိအတိုင်း အဓိပ္ပါယ်ပါ လိုက်၍ သဘောအနက် ကပ်သွားခြင်းဖြင့် သမာဓိ မလွတ်တော့ဘဲ ရွတ်ဖတ်ခြင်းဌ ပိုပိုလေးနက်နေစေပည် ဖြစ်ပါသည်။ သမာဓိ မတည်ကြည်ဘဲ ရွတ်ဆိုသော သစ္စာတရားသည် စူးရှထက်မြက်စေနိုင်မည်မဟုတ်ပါ။

သမာဓိတည်ကြည်နေလျှင် ရွတ်ဖတ် သရဇ္ဈာယ် နေသူအား စူးစိုက်မှု အားကောင်းစေပါ၏။ ဗုဒ္ဓဒေသနာများကို နှုတ်တက်နေသည့်အတိုင်း သတိမကပ်ပဲ နှုတ်ကသာ ရွတ်ဆို နေပြီး သတိပြန်ကပ်လာသည့်အခါ ဘယ်အပုဒ်ရောက်ရှိ နေပြီကို သိရှိလိုက် သတိပြန်ကွာသွားလိုက်ကဲ့သို့ စိတ်မတည် ငြိမ်မှုမျိုး ဖြစ်စေမည် မဟုတ်ပါ။ အနက်အဓိပ္ပါယ်ကို သိရှိရန်မှာ ဗုဒ္ဓဒေသနာပရိတ်တို့၏ တစ်ပိုဒ်ခြင်း၊ တစ်ဂါထာချင်း၏ မြန်မာ ပြန် နိဿယကို ဖတ်မှတ်ထားကြရမည် ဖြစ်ပါသည်။ စာအုပ်နှင့် ကြည့်ရွတ်လျှင် ဘေးခ၌ မြန်မာပြန်စာအုပ် စာမျက်နှာများကိုပါ လှန်၍ စောင်းငဲ့ကြည့်သွားလျှင် ကြာသော် အသေးစိတ် အနက် အဓိပ္ပါယ် မဟုတ်သည့်တိုင် ခြုံငုံအဓိပ္ပါယ်ကို ကျက်မှတ်ပြီး ဖြစ်သွားနိုင်ပါသည်။

သဒ္ဒါရှိ – ပရိတ်တော်ရွတ်ဖတ် သရဇ္ဈာယ်ရာတွင် သဒ္ဒါယုံကြည်မှုကား မဖြစ်မနေ အရေးကြီးကုံး ဖြစ်ပါသည်။ ရွတ်ဖတ်မှု တစ်ခုလုံး၏ အဓိကလည်း ဖြစ်ပါသည်။

ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးကို ယုံကြည်ရပါမည်။ ကံ, ကံ၏အကျိုးကို ယုံကြည်ရပါမည်။ မိမိရွတ်ဖွားသော ပရိတ်တော်၏ အကျိုးအာနိသင်ကို ယုံကြည်ရပါမည်။ ပရိုက်ဌက်ပွားသူ တိုင်းတွင် ထိုသဒ္ဒါမှာ အနည်းအများပါပြီး ဖြစ်သော်လည်း ထိုသဒ္ဒါယုံကြည်မှုသည် ရွတ်ဖတ်မှု စိတ်စေတနာကို စေ့ဆော် မြင့်မားစေသဖြင့် စိတ်စွမ်းအင်ကို မြင့်တက်ဝေပါသည်။ ထို ယုံကြည်မှု အားကောင်းလျှင် ရွတ်ဖတ်သည့် ပါဠိအသံထွက်

ရွှတ်ချော်ခြင်း၊ အနက်အဓိပ္ပါယ် သတိပေါ့လျော့ မသိခြင်း ဖြစ်စေကာမူ ''ဒါတွေဟာ ဘုရားဟော ပရိတ်ဒေသနာတော်တွေပဲ၊ ရတနာသုံးပါး ဂုဏ်တော်တွေပဲ၊ သစ္စာအဓိဋ္ဌာန်တရားတွေပဲ၊ ဒီပရိတ်တော်တွေကို ရွတ်ပွားနေရတာဟာ ဘုရား တရား သံဃာ ကြည်ညိုနေတာတွေပဲ၊ ကောင်းကျိုးတွေ ရမှာ အမှန်ပဲ''ဟူ၍ ယုံကြည်မှုစိတ်ကို အမြင့်ဆုံးထားနိုင်လျှင်ပင် အကျိုးကြီးမား သည်ဖြစ်၍ သဒ္ဓါယုံကြည်စွာ ရွတ်ပွားမှုသည် အလိုအပ်ဆုံး ဖြစ်သည်ဟု ဆရာတော်ဘုရားများက ညွှန်ပြကြလေ၏။

မည်သည့်နေရာ မည်သည့်အချိန်အခါ ရွတ်ပွားလျှင် ပိုမို အကျိုးရှိမည်နည်း၊ သည်အတွက် လမ်းလွဲစရာတော့ မရှိနိုင်ပါ။ ပရိတ်ရွတ်ဖတ်သူ အဂါ (၃)ပါး ညီညွတ်နိုင်မည့် နေရာနှင့် အချိန်သည် ပိုမို အကျိုးရှိနိုင်မည့် အခြေအနေ ဖြစ်ပါသည်။ ကြုံရာနေရာ, ကြုံရာအချိန်တွင် ကြုံသလို ရွတ်ပွားခြင်းထက် ပိပိစိတ်အာရုံ ကြည်သည့်အချိန်တွင် ဘုရားရှေ့၌ ရွတ်ပွား ခြင်းက သဒ္ဓါယုံကြည်မှုကို ပိုမိုလေးနက်စေမည်ဖြစ်ပါသည်။

ပုဒ္ဓဒေသနာ ပရိတ်တော်များကို ရွတ်ပွားသူ တစ်ဦး အနေနှင့် စိတ်ဓာတ်အင်အား မြင့်တက်နိုင်သည်မှာ အမှန်ပင် ဖြစ်သည်။ ဘုရားစင်ရှေ့တွင် အချိန်မှန်မှန် ဝတ်တက်၍ ရွတ်ပွားနိုင်လျှင် ပိုမိုကောင်းမွန်ပါ၏။ အချိန်မပေးနိုင်ဟု အကြောင်းမပြပဲ အချိန်ပေးနိုင်အောင် သဒ္ဓါယုံကြည်မှုဖြင့်

အားထုတ်ဆောင်ရွက် နိုင်ကြမည်ဖြစ်ပါသည်။ အသံထွက်၍ ရွတ်ပွားသည်ကို ကြားရသူ အပေါင်းကလည်း နာယူပွားများ နိုင်ကြပါသည်။ သို့သော်လည်း ထိုသို့ အချိန်မပေးနိုင်သည့် အခါများတွင် အချိန်ရသခိုက် သွားရင်းလာရင်း လုပ်ငန်းခွင်အတွင်း စိတ်အေးဆေးမှုကို ယူ၍ နှလုံးသွင်း ရွတ်ပွားခြင်းမှာလည်း ကောင်းမွန်သည်သာချည်း ဖြစ်ပါသည်။

ပရိတ်တော်များကို အဆောင်သဘောမျိုးဖြင့် စွဲမြဲစွာ ရွတ်ပွားကြသဖြင့် အန္တရာယ်တစ်စုံတစ်ရာ ကင်းလွတ်ခဲ့ကြပုံ၊ ကျရောက်မည့်ဘေးမှ ထွက်ပေါက်ရခဲ့ပုံ၊ အခက်အခဲ အကျပ်အတည်းမှ လွတ်မြောက်ခဲ့ပုံများမှာ ဇာတ်ဝိုပါတ် ဝတ္ထုများတွင် သာဓကအများအပြား ဖတ်ရှုနိုင်ကြပါသည်။ ယနေ့ခေတ် ဝမ္မစာစောင်များတွင် ကိုယ်တွေ့ရေးသား ဖော်ထုတ် တင်ပြကြသည့် ဖြစ်ရပ်မှန်များမှာလည်း အကြောင်းအရာအစုံပင် ဖြစ်ပါသည်။ ဆရာတော် သံဃာတော်များက ဟောပြောကြသည်များ၊ မိဘ ဘိုးဘွားများထံမှ ကြားနာမှတ်သိ လိုက်ရသည်များနှင့် ဖတ်ရှု မှတ်သား ရသည်များကို ဆက်စပ်ချဲ့ထွင် မှတ်ယူကြကာ ''ပါဠိမပျက်၊ အနက်ကို သိ၊ သဒ္ဒါရှိရှိ'' ရွတ်ပွားနိုင်ကြပါစေဟု ဆန္ဒပြုအပ်ပါသည်။

ဥပါဒါန်

သို့မဟုတ်

ဘဝနေနည်း သုံးသပ်ချက်

မလှမေသည် ကျောင်းဆရာမတစ်ဦး ဖြစ်၏။

ရန်ကုန် ဝိဇ္ဇာသိပ္ပံတက္ကသိုလ်တွင် မြန်မာစာနှင့် ဘွဲ့ရပြီးလျှင်ပြီးချင်း သူမသည် မြို့နှင့်မနီးမဝေး တောရွာတစ်ရွာ၌ တွဲဖက်အလယ်တန်းပြ ဆရာမအဖြင့် ဝင်ရောက်လုပ်ကိုင်ခဲ့သည်။ ထိုရွာ၌ ၂-နှစ်ခန့် နေပြီး အစိုးရ အလယ်တန်းကျောင်းပွင့်လာသောအခါမှ မြို့နယ်ပညာရေးမှူး လက်အောက်ရှိ အစိုးရခန့် ပညာရေးဝန်ထမ်း ကျောင်းဆရာမတစ်ဦး ဖြစ်ခဲ့လေသည်။

ကျေးလက်ကျောင်းဆရာ လုပ်သက် ၆-နှစ်ရှိပြီးဖြစ်သော အခါ ဆရာမ မလှမေသည် ထိုရွာ ထိုကျောင်း ထိုကလေးများ အပေါ်၌ သံယောဇဉ်တွယ်ငြိကာ မိဘများရှိရာ မြို့ကျောင်းသို့ ပြောင်းရွှေ့ရန် လျှောက်လွှာကိုပင် ဒီဖုံချုတုံနှင့် မတင်ဖြစ်တော့ပေ။

မလှမေကို စိတ်မှတ်ကြီးသူ အမှတ်အတေးထားသူ ဟု အများက ပြောကြ၏။

ဒါကိုတော့ မလှမေကလည်း မငြင်းပါ။ မလှမေသည် အမှတ်သည်းခြေ မရှိသူကို အမုန်းဆုံး ဖြစ်၏။ အချို့ သူများသည် မိမိနှုတ်မှ ပြောကြားပြီးသည့် စကားတစ်ခုကို ခဏအတွင်းမှာပင် အလွယ်နှင့် မေ့ပစ်တတ်ကြသည် မဟုတ်ပါလား။

မလှမေ၏ ငယ်နု သက်တမ်းဘဝတွင် ချစ်သူ ၂-ဦး ရှိခဲ့ဖူး၏။ ပထမချစ်သူတစ်ဦးမှာ ဘုရားစောင်းတန်းထိပ်၊ ကားဂိတ်၊ ပန်းခြံဂိတ်သို့ တွေ့ဆုံရန် ချိန်းဆိုပြီး အမြဲတမ်းလို နောက်ကျတတ်သဖြင့် မိန်းကလေးတန်မဲ့ တစ်ယောက်တည်း အရှက်ခံရဖူးပေါင်းများပြီး ဒေါပွကာ အဆက်ဖြတ်ခဲ့သဖြင့် လွဲခဲ့ရ၏။ ဒုတိယချစ်သူမှာမူ မလှမေ တက္ကသိုလ်ကျောင်းပြီး၍ အလုပ်အကိုင် ရှာဖွေနေဆဲအချိန်တွင် တွေ့ခဲ့သူ ဖြစ်၏။ ရပ်ကွက်သားချင်း မဟုတ်သဖြင့် သူ့အကြောင်း အသေးစိတ်တော့ မသိခဲ့ပေ။ တစ်ဦးနှင့်တစ်ဦး အိမ်ထောင်ရေးကိစ္စ ဆွေးနွေးပြီးမှ သစ္စာဖောက်ကာ အခြားသူတစ်ဦးနှင့် အကြောင်းပါသွားခဲ့၏။ ထိုအခါတွင်မှ အညာခံရမှန်း မလှမေ သိရှိခဲ့ရလေ၏။ ထိုအခါမှ စ၍လည်း ရင်ထဲတွင် သီးသီးသန့်သန့် မရှိသူ၊ အစွဲအလမ်း မထားသူ၊ လိမ်ညာသူများအား မလှမေ မုန်းတီးလှ၏။ အလွယ် သဘောထားသူများ၊ လိမ်ညာမှုများနှင့် ရှုတ်ထွေးပွေလီလှသည့် မြို့ရပ်ဒေသထက် ပင်ကိုရိုးသားမှု များသေးသည့် ကျေးလက်ဒေသကိုပင် ခင်မင်ချင်စိတ် ပိုမို တိုးပွားလာခြင်းပေလားဟု မလှမေ တွေးမိလေ၏။

ဘာပဲဖြစ်ဖြစ် မလှမေအဖို့ ဘယ်သူ့အပေါ်မှ ယုံကြည်မှု မထားနိုင်သည်မှာတော့ အမှန်ပင် ဖြစ်လေ၏။

စင်စစ် မလှမေသည် အမှတ်အတေးထားသူ မဟုတ်ပါ။ အစွဲအလမ်းကြီးသူဟုတော့ ဆိုနိုင်ပါ၏။ မည်သည့်ကိစ္စမဆို အရေးအမှုတစ်ခုကို အလေးအနက်ထား၍ စဉ်းစား၏။ စိတ်ဝင်တစားနှင့် သိသိမှတ်မှတ် လက်ခံ၏။ သံယောဇဉ်နှင့် အလုပ်လုပ်၏။ စိတ်မပါဘဲ ဘယ်တော့မှ တုံ့ပြန်မှု မပြုတတ်။ ဒါ–မလှမေ၏ ဝါသနာနှင့် အကျင့်ဖြစ်၏။

ဆိုပါတော့ မလှမေ၏ ဝါသနာနှင့် အကျင့်က သူမ၏ ပတ်ဝန်းကျင် လူ့အဖွဲ့အစည်းအတွင်းမှ အစွဲအလမ်း မထားသူများနှင့် ပေါင်းဖက်ယှဉ်တွဲရန် ဝေးလံလျက် ရှိနေတော့သည်။ အပေါင်းအဖော်ပြုရန် အဆင်မပြေလှဘဲ မာနတံတိုင်းခြားနေသကဲ့သို့ ထင်မှတ်ခံရ၏။ မလှမေကတော့ သူ့ကိုယ်သူ မာနကြီးသူဟု မထင်။ အစွဲအလမ်းကြီးသူဟုသာ အထင်ခံဝံ့ရဲလေသည်။

အစွဲအလမ်း ဆိုသည်မှာလည်း ခက်ပါဘိ။

မလှမေ အစိုးရခန့် ကျောင်းဆရာမ မဖြစ်ခင် တွဲဖက် ကျောင်းဆရာမဘဝက ကျောင်းသားတစ်ယောက်၏ အဖြစ် အပျက်ကလေးတစ်ခုနှင့် မနီးမဝေးမှ ကြုံကြိုက်ဖူးခဲ့၏။ မလှမေ ကျောင်းဆရာမအဖြစ် တာဝန်ထမ်းဆောင်သော တွဲဖက် အလယ်တန်းကျောင်းမှာ ရွာဦး ဘုန်းတော်ကြီး ကျောင်းဝင်း

အတွင်း၌ ရှိသဖြင့် ဘုန်းတော်ကြီးကျောင်းမှ ရိုးသားသော အဖြစ်အပျက်ကလေးများကို ကရုဏာသက်စဖွယ် ကြားရတတ်ပါသည်။

စံမောင် ဆိုသော သူငယ်မှာ ဆံရစ်ဝိုင်းရောင်ပေစူးနှင့် ညအိပ် ဘုန်းကြီးကျောင်းသားတစ်ဦး ဖြစ်သည်။ စိတ်က ခပ်ဆတ်ဆတ် ရွတ်တွတ်တွတ် သဘောထားရှိပြီး အတန်းကျောင်းတွင် သတ္တမတန်းကျောင်းသား တစ်ဦးလည်း ဖြစ်၏။ မသုမေ၏ တပည့်တော့ မဟုတ်ခဲ့ပေ။

လသာ ညတစ်ညတွင် ဘုန်းကြီးကျောင်း ညအိပ်ကျောင်းသားများနှင့် ကိုရင်ငယ်ကလေးများ ကျောင်းရှေ့ကွက်လပ်တွင် အတူကစားကြရင်း မောသွားသောအခါ အလောင်းအစားတစ်ခု ပြုလုပ်ကြရာ၌ စံမောင်က သူရဲကောင်း ဝင်လုပ်ခဲ့သည်။ အလောင်းအစားကိစ္စမှာ အခြားမဟုတ်၊ ကျောင်းခြံ အနောက်ဖက်ထောင့်ရှိ ဇရပ်အိုကြီးအောက်မှ အလယ်တိုင်တွင် သံတစ်ချောင်းကို တူနှင့် သွားရိုက်ရန် ဖြစ်သည်။ ယင်းဇရပ်အိုကြီးမှာ သရဲချောက်သည်ဟု နာမည်ရှိသဖြင့် ညဖက်တွင် အနီးသို့ ဘယ်ကျောင်းသား, ကိုရင်မျှ တစ်ယောက်တည်း ကပ်ဝံ့ကြသည် မဟုတ်။ သူရဲကောင်း စံမောင်က သူ သွား၍ သံရိုက်မည် ဆိုသောအခါ အားလုံးက စံမောင်အား ဝိုင်းမြှောက်ပေးကြသည်။ အလောင်းအစားမှာ ဆေးလိပ်ငါးလိပ်နှင့် ငွေ ၅၀ ဖြစ်ပြီး သွားရောက်သံရိုက်ခဲ့သူ မည်သူမဆိုအား ကိုရင်ကျောင်းသားများက စု၍ ပေးကြမည် ဖြစ်၏။

စံမောင်မှာ ဆေးလိပ်ကြိုက်သူ ဖြစ်၍ ဆေးလိပ်သောက်ရမည်ဟု လူစွမ်းကောင်းလုပ်ခြင်း ဖြစ်၏။

စံမောင်တစ်ယောက် အိမ်ရိုက်သံတစ်ချောင်း၊ တူဟောင်းတစ်လက်နှင့် ကျောင်းခြံထောင့်ရှိ ဇရပ်အိုကြီးအောက် အမှောင်တွင်းသို့ တန်းတန်းမတ်မတ် ဝင်သွားသည်။ ကျောင်းမကြီးရှေ့ကစားကွင်းကွက်လပ်မှ လုမ်းကြည့်နေကြသော ကိုရင်, ကျောင်းသားများမှာ အစတွင် စံမောင် ဘာများ ဖြစ်လာလေမည်လဲဟု စိုးရွံ့စိတ်များဖြင့် ကြည့်နေကြသော်လည်း ဇရပ်အိုကြီးအောက်မှ တူရိုက်သံ သုံးလေးချက် ကြားရသောအခါ စံမောင်တော့ လောင်းကြေးနိုင်ပြီဟု စိတ်ကို လျော့လိုက်ကြလေ၏။

မကြာလိုက်ပါ။ ''အမလေး ကြောက်ပါပြီ'' ဟူသော စံမောင်၏ငယ်သံပါအောင် အော်သံက ကိုရင်, ကျောင်းသားများအား အထိတ်တလန့် ဖြစ်သွားစေ၏။ စံမောင်၏ အဆက်မပြတ် အော်သံက အန္တရာယ်တစ်ခုနှင့် ကြုံတွေ့နေရသကဲ့သို့ ဖြစ်ရာ စံမောင်တော့ သရဲက တစ်ခုခု လုပ်ထားပြီဟု ထိတ်လန့်လျက် ကျောင်းသားငယ်များ ကျောင်းမကြီးပေါ်သို့ တက်ပြေးကြသည်။ ကိုရင်ကြီး ကျောင်းသားကြီး ၃-၄-ယောက်သာ အောက်တွင် ကျန်ခဲ့ပြီး စံမောင်အား အကူအညီပေးရန် ပြင်ကြ၏။

ခဏအကြာ စံမောင် ဇရပ်အိုကြီးအောက်မှ ဒယီးဒယိုင်ထွက်လာ သည်ကို တွေ့မှ ကိုရင်ကြီး, ကျောင်းသားကြီးများ

စံမောင်ထံ ပြေးသွားကြ၏။ ကစားကွင်းကွက်လပ်ထိပ်တွင် ဆုံမိကြသောအခါ မောဟိုက်နေသော စံမောင်သည် တုန်တုန်ခိုက်ခိုက်နှင့် ကျောင်းသားကြီးများလက်ထဲတွင် လဲကျမေ့မျောသွားတော့လေ၏။ စံမောင်၏ ဦးခေါင်းတစ်နေရာတွင် ဦးရေကွာနေသည်ကို တွေ့ရပြီး သွေးများ စို့ထွက်နေသဖြင့် သရဲဖမ်းစားဒဏ်ရာဟုပင် ကိုဂင်, ကျောင်းသားကြီးများ ထင်မှတ်ကြလေ၏။

နောက်ဆုံးတွင် စံမောင်အား ကျောင်းပေါ်သို့ မ, သယ်လာပြီး ဘုန်းတော်ကြီးအား လျှောက်ထားကြရာ ဘုန်းတော်ကြီးက စံမောင်အား နှာနှပ်ပေးလျက် မန်းမှုတ် ရွတ်ဖတ်ပေးလိုက်မှ စံမောင် သတိရလာသည်။ သို့သော်လည်း စံမောင်တစ်ယောက် ထိုနေ့က စပြီး အချိန်မရွေး ကြောက်ရွံ့တုန်လှုပ်သည့် အမူအရာဖြင့် စိတ်ရောဂါသည်တစ်ဦး ဖြစ်မှန်းမသိ ဖြစ်၍ သွားသည်မှာ စံမောင်အား မလှမေ တွေ့ချိန်တွင် စံမောင်ခမျာ ရောဂါရင့်နေလေပြီ။ ကျောင်းသားလည်း မဟုတ်တော့ပြီ။

စံမောင်တို့ဆရာဘုန်းတော်ကြီးက ကောက်ချက်နှင့် တကွ မလှမေအား ပြောပြအမိန့်ရှိသည်။

"စံမောင်က တကယ်တော့ ဥပါဒါန်ကြောင့် ဥပဒ်ရောက်တာပါ ဆရာမ၊ သရဲချောက်တာ၊ သရဲက သူ့ဆံပင်ကို ဆွဲတာလို့ပဲ စံမောင် စိတ်ထဲ စွဲနေတယ်။ နောက်တစ်နေ့မှာ စံမောင်

သံရိုက်ခဲ့တယ်ဆိုတဲ့ ဇရပ်အိုကြီးအောက် ဘုန်းကြီး သွားပြီး လေ့လာကြည့်တယ်။ တကယ်က စံမောင်က ရဲတယ်, သတ္တိ ရှိတယ် ဆိုပေမယ့် သူ့စိတ်ထဲမှာ သရဲကြောက်စိတ်က ရှိ နေတယ်။ ဇရပ်အိုကြီးအောက် ရောက်တော့ ကြောက်စိတ် ဝင်လာတုန်း ကြောက်အားလန့်အားနဲ့ သံချောင်းကို တူနဲ့ ရိုက်ပြီးထွက်အလာ သူ့ရောင်ထုံးနဲ့ သူရိုက်တဲ့ သံချောင်းနဲ့ ငြိနေတာကို သရဲက သူ့ဆံပင် ဆွဲထားတာလို့ ထင်တယ်။ ကြောက်စိတ်က အမြင့်ဆုံးရောက်ပြီး သည်းခြေပျက်သွား တာပဲ ဖြစ်မယ်။ ကြောက်လန့်တကြား ဆောင့်ရုန်းတော့ ဆံပင်ဖုတ်လိုက် ဦးရေကွာသွားတာ။ စံမောင့်ဆံပင်ချည်တွေဟာ သံချောင်းမှာ ငြိကျန်နေတာ ဘုန်းကြီးကိုယ်တိုင် တွေ့ခဲ့ရတယ်။ စံမောင်ကို သူ့ဆံပင်ချည်တွေ ပြပြီး ရှင်းပြပေမယ့် စံမောင်ရဲ့ နုနယ်တဲ့ နှလုံးသားနဲ့ ဦးနှောက်ကို ကြောက်ရွံ့ထိတ်လန့်စိတ်က လွှမ်းမိုးထားတာမို့ ဆရာကောင်းကောင်းနဲ့ တွေ့မှပဲ စံမောင် ပြန်ကောင်းတော့မှာပဲ ဆရာမရေ''

စံမောင့်အပေါ် ကရုဏာသက်ရုံမှလွဲ၍ မလုမေ မတတ်နိုင်။

တစ်ခါကလည်း မလုမေ စာတစ်ပုဒ် ဖတ်ဖူး၏။ စိတ္တဇပုံပြင်တစ်ပုဒ်ဟုလည်း ခေါ်ဆိုနိုင်ပါ၏။

လူတစ်ဦးသည် ဖွတ်သားစားချင်၍ ဖွတ်လိုက်ထွက်၏။ ဖွတ်တစ်ကောင်နှင့် တွေ့ရှိပြီး ဖွတ်ကောင်အား အနီးကပ် ဖမ်းယူဖို့

ကြိုးစားစဉ် ဖွတ်က ထိုသူ၏ ပုဆိုးလုံကွင်းအတွင်း လမ်းမှား ဝင်ရောက်လာသဖြင့် ကဗျာကသီ ပုဆိုးအောက်ပိုင်းကို လုံး ထွေး၍ ဖွတ်ကို ဖမ်းလေသည်။ တကယ်တန်း ပုဆိုးလုံကွင်းကို ဖြေကြည့်သောအခါ ဖွတ်ကို မတွေ့ရတော့ပဲ မျက်ခြေပြတ် သွားသည် ဆို၏။

ထိုသူသည် ချက်ချင်းဆိုသလို ဝမ်းပိုက်နာလာလေရာ ဖွတ်က သူ၏ စအိုအတွင်း ဝင်သွားပြီး အစာအိမ်နှင့် အူများ အတွင်း လျှောက်သွားနေသဖြင့် ဝမ်းပိုက်အောင့်ခြင်း ဖြစ်သည်ဟု စွဲလမ်းစိတ်ဝင်သွားကာ ဆေးဆရာအား ပြသလေသည်။ ဆေးဆရာက လူနာအား ကြည့်၍ လေချုပ်လေအောင့်တာပဲ ဖြစ်မည်ဟု လေဆေးအမျိုးမျိုး တိုက်ကျွေးကုသပါသော်လည်း ရောဂါမပျောက်ဘဲ ပို၍ပို၍ ဆိုးဆိုးလာသည်။

ဆေးဆရာသည် လူနာ၏ စိတ်ဝေဒနာကို သဘော ပေါက်ကာ ဖွတ်တစ်ကောင် ရှာ၍ လက်ထဲဝှက်ထားပြီး လူနာ၏ ဝမ်းပိုက်ကို နှိပ်နယ်ပေးသည်။ လူနာလေလည်ချိန်နှင့် ကိုက်၍ ဖွတ်ကို ထုတ်ပေးလိုက်ပြီး ထွက်ပြေးသောဖွတ်ကို လူနာမြင်အောင် ပြသရသည်။ ထိုအခါမှ လူနာ၏ ဝမ်းပိုက်နာမှာ ယူပစ်လိုက်သလို ပျောက်ကင်းသွားလေတော့၏။

ဖွတ်ထွက်မှ ပိုက်နာပျောက်သွားသူမှာလည်း စံမောင် ကဲ့သို့ပင် အစွဲအလမ်း ဥပါဒါန်ကိစ္စသာ ဖြစ်ကြောင်း မလှမေ ဝိတ်တွင် ထင်မြင်မိလေ၏။

ဥပါဒါန်သည် သာမန်အစွဲအလမ်းကို မဆိုပါ။ ပြင်းစွာ အစွဲအလမ်းမှုမျိုးကိုသာ ဥပါဒါန်ဟု ဆိုရပါသည်။ ပြင်းစွာ စွဲလမ်းခြင်းမှာ မစွန့်လွှတ်နိုင်အောင် စွဲလမ်းမှု၊ ခိုင်မြဲသော စွဲလမ်းမှုမျိုး ဖြစ်သည်။

သာမန်လူတို့၌ ဥပါဒါန်အစွဲအလမ်း ပြင်းစွာရှိနေသည်ကို မိမိကိုယ်ကို မိမိ မသိတတ်ကြပေ။ ကာမဂုဏ်ချမ်းသာ၌ ပြင်းစွာ စွဲလမ်းခြင်း၊ အမြင်အယူအမှား၌ ပြင်းစွာစွဲလမ်းခြင်း၊ ဓလေ့ဝသီ အကျင့်စရိုက်၌ ပြင်းစွာစွဲလမ်းခြင်းနှင့် ငါ, ငါ၏ကိုယ်, ငါ့ဥစ္စာ မြဲခြင်း၌ အတ္တမာန ပြင်းစွာ စွဲလမ်းခြင်း ဟူ၍ (၄)မျိုး ရှိသည်။

ကာမသတ္တဝါတစ်ဦးအနေနှင့် လူ့စည်းစိမ်, နတ်စည်းစိမ်ကို လိုချင်တောင့်တသည့် စွဲထင်မှု ရှိ၏။ လောက သံသရာ နှစ်ဌာနအပေါ် သမ္မာဒိဋ္ဌိ အမြင်မပေါက်ဘဲ ပုထုဇဉ်တစ်ဦး၏ အမြင်မှောက်မှားမှုတွင် စွဲထင်နေ၏။ ဝါသနာ ဓလေ့ဝသီအတိုင်း ကျင့်ကြံနေထိုင်မှုတွင် စိတ်က လွှမ်းခြုံထား၏။ ပရမတ္ထနှင့် အတ္တဇီဝတရားအပေါ် မှားယွင်းမှုနှင့်တကွ အစဉ်အလာ၏ သားကောင်တစ်ဦးပမာ စွဲပိုက်ထား၏။

ဤနည်းအားဖြင့် ပြင်းစွာ စွဲလမ်းလျက်ရှိသော ဥပါဒါန်၏ လွှမ်းကဲမှုက ဘဝသံသရာ ကျင်လည်မှု အစိတ်အပိုင်းကိုပင် အဆုံးအဖြတ် ပေးနိုင်လေခြင်း ဖြစ်လေသည်။ ပဋ္ဌိစ္စသမုပ္ပါဒ်တွင်

ပါရှိသော ဥပါဒါနပစ္စယာ ဘဝေါ- ဆိုသည်မှာ ပြင်းစွာ စွဲလမ်းခြင်းအကြောင်းကြောင့် ထိုစွဲလမ်းမှုအားလျော်သော ဘဝသစ်အကျိုးကို ပြည့်စုံစေခြင်း ဖြစ်၏။ ယင်းစွဲလမ်းမှု၏ မူလအရင်းခံကမူ တပ်နှစ်သက်ခြင်း တဏှာပေတည်း။

မလှမေသည် စာဖတ်ဝါသနာပါသဖြင့် ဓိနတ္ထပကာသနီ ကျမ်း, ဒီပနီကျမ်းများအထိ ဘုန်းတော်ကြီး၏ လမ်းညွှန်မှုဖြင့် ဖတ်မှတ်ဖူး၏။ တချို့ နားလည်၏။ တဝိုး နားလည်သယောင် ရှိ၍ တချို့ နားမလည်ပေ။ ကျမ်းဂန်လာ ဥပါဒါန် အစွဲအလမ်း ဖျောက်နည်းမှာ လောကုတ္တရာအဆင့်ထိ မြင့်မားလှ၍ မလှမေလို ပုထုဇဉ် အနုစားအဖို့ နားလည်ရန် ခက်ခဲလှ၏။ တပ်နှစ်သက်ခြင်း တဏှာသဘောကို ပယ်ရန် မဆိုနှင့် လျော့နည်းအောင်ပင် မလွယ်ပေ။

ဆက်ဝပ် စည်းစားကြည့်လျှင်တော့ အစွဲအလမ်းနည်းအောင် နေတတ်ဖို့အတွက် လောကုတ္တရာတရားထဲမှ ထုတ်နုတ် ယူကြ ရလိမ့်မည်ဟု မလှမေ ထင်၏။ အခြားနည်း မရှိနိုင်ပေ။

မြန်မာစကား၌ ဆိုရိုးစကားတစ်ခု ရှိ၏။ ''ရှေ့တစ်ခေါ် မျှော်ကြည့်၊ နောက်တစ်လံ ပြန်ကြည့်'' ဟူသော စကားဖြစ်၏။ ရှေ့တစ်ခေါ် မျှော်ကြည့်ရမည်မှာ မရောက်သေးသည့် အနာဂတ် ကိစ္စကို တစ်ခေါ်လောက် ခပ်လှမ်းလှမ်းထိ ကြည့်ထားရမည်။ အပျက်အန္တရာယ်ကို ကြိုတင်ကာကွယ်ခြင်းနှင့် လိုအပ်သော

ကြိုတင်ပြင်ဆင်မှုလောက်အတွက် ခပ်ဖြန်းဖြန်း သိရှိထားရန် ဖြစ်ပေ၏။ နောက်တစ်လံ ပြန်ကြည့်ရမည်မှာမူ ဖြစ်ပျက်ပြီးသည့် အတိတ်ကို သင်ခန်းစာ ယူရုံမှလွဲ၍ ရှေရှေဝေးဝေးထိ အစွဲ အလမ်းထားမှု မပြုအပ်ဟု ဆိုလိုခြင်း ဖြစ်ပါသည်။

မှန်ပါသည်။ လူ့လောကအတွင်း မျက်မှောက်ပစ္စုပ္ပန်သည်သာ အရေးကြီးလှ၏။ ဒီနေ့ ဘာဖြစ်သလဲ၊ ဘာပြုရမည်လဲ၊ ယနေ့ယခု ပြုရမည့်အလုပ်ကိုသာ ဦးစားပေး လုပ်ဆောင်ကြရမည်ဖြစ်၏။ လက်ရှိလုပ်ဆောင်နေသည့် အလုပ်ကို မေ့ထားပြီး အတိတ်ကာလ အဖြစ်အပျက်ကို စားမြုံ့ပြန်ကာ ရေးကြီးခွင့်ကျယ်ပြုနေခြင်းဖြင့်လည်းကောင်း၊ မရောက်သေးသည့် အနာဂတ်အတွက် ရှေဝေးစွာ တွေးတောရှု၍ လေထဲ တိုက်အိမ်ဆောက်နေခြင်းဖြင့်လည်းကောင်း လက်ရှိပစ္စုပ္ပန်အလုပ် မအောင်မမြင်နှောင့်နှေး ပျောက်ကွယ်ရုံက လွဲ၍ အကျိုးတစ်စုံတစ်ရာ ဖြစ်ထွန်းမည် မဟုတ်ပေ။

အခါတစ်ပါးက မဟာယာနဂိုဏ်းမှ ရဟန်းကြီးနှင့် ရဟန်းငယ်နှစ်ပါးတို့ အရပ်ထဲ ဆွမ်းခံကြွသွားကြသည် ဆိုတော့။ လမ်းခရီး ရေမြောင်းငယ်တစ်ခုအနီးတွင် မိန်းမပျိုတစ်ဦးနှင့် ဆုံကြ၏။ မိန်းမပျိုသည် ရေမြောင်းကို ခုန်ကူးရာ၌ ခြေချော်ကျမည်ကဲ့သို့ ဖြစ်သွားသည်ကို ရဟန်းကြီးက ရုတ်တရက် လက်ကမ်းပေးပြီး မြောင်းတစ်ဖက်သို့ ကူးပေးလိုက်နိုင်လေသည်။

နောက်မှ လိုက်ပါလာသော ရဟန်းငယ်သည် ရဟန်းကြီးနှင့် မိန်းမပျိုတို့၏ အခြင်းအရာကို အစအဆုံး မြင်တွေ့လိုက်၏။ ရဟန်းငယ်သည် ရဟန်းကြီးနှင့် မာတုဂါမ တစ်ဦးတို့၏ မသင့်လျော်သော အပြုအမူကို ဝိနည်းပြစ်နှင့် ရှုမြင်ကာ တစ်လမ်းလုံး စိတ်ထဲတွင် စနိုးစနောင့်နှင့် လိုက်ပါလာခဲ့၏။ ရဟန်းကြီးအား မနာလိုစိတ်များ ဝင်နေလေသည်။ ကျောင်းရောက်သော် ထိုအကြောင်းကို ရင်ထဲ သိမ်းမထားနိုင်ဘဲ ရဟန်းကြီးအား ထုတ်ပြောပြ ဖြစ်လေသည်။

''ဟုတ်တော့ ဟုတ်ပါတယ်၊ ရဟန်းတစ်ပါးက မာတုဂါမတစ်ဦးကို ကာယကံနှင့် ကူညီပေးမိတာ မသင့်တာ အမှန်ပါ။ ကာယသံသဂ္ဂစိတ်ပါရင် အာပတ်လဲ သင့်ရောက်ပါတယ်။ ဒါပေမယ့် တပည့်တော်က မာတုဂါမကို ကူညီရုံ ကူညီမိတာပါ။ ငါ့ရှင်က မာတုဂါမကို ခုထိ ပွေ့ပိုက်ထားရာ မကျပေဘူးလား''

ရဟန်းကြီး၏ ဖြေရှင်းချက် ဖြစ်၏။

ရဟန်းတို့မည်သည် မာတုဂါမနှင့် ဝေးလေကောင်းလေ ရှောင်ကြဉ်ရ၏။ ကိုယ်ချင်း အသားချင်း ထိကိုင်မှုတွင် နှီးနှောလိုစိတ်ပါရှိက ပါရာဇိကပြီးလျှင် ဒုတိယအကြီးလေးဆုံးဖြစ်သည့် သံဃာဒိသေသ်အာပတ် သင့်ရောက်နိုင်၏။ နှီးနှောလိုစိတ်မပါသော်မှ အာပတ်အငယ်စားများသို့ သင့်ရောက်စေနိုင်လေ၏။ ရဟန်းငယ်က ထိုဝိနည်းပြစ်အမြင်ဖြင့် ဝေဖန်ခဲ့ခြင်း ဖြစ်ပေသည်။

ရဟန်းကြီးကမူ အမှတ်တမဲ့ စိတ်ထားဖြင့် ဒုက္ခတစ်စုံ တစ်ရာရောက်သူ မာတုဂါမအား လက်ကမ်း၍ အကူအညီ ပေးခဲ့မိ၏။ ထိုထက်ကျော်၍ ဘယ်လိုစိတ်မှ မရှိခဲ့ပေ။ အမှတ် မထင် သဘောဖြစ်၍ .စိတ္တက္ခဏတစ်ချက်မျှပင် အာရုံထဲမှာ မထားဘဲ ပြုပြီးကိစ္စအပေါ် သာယာမှုလည်း မထားခဲ့ပေ။ ရဟန်းငယ်ကမူ မိန်းမပျိုဟူသော အာရုံက မနောဒ္ဓါရ၌ ထင်ဟတ်စိုးမိုးခံနေရပြီး ရဟန်းကြီးအပေါ် မနာလိုစိတ်က အနှောင့်အယှက်ခံရရှာ၏။

ယင်းအမိပ္ပာယ်နှစ်မျိုးကို ယူ၍ ရဟန်းကြီးက ရဟန်း ငယ်အား ဆုံးမစကား ဆိုခဲ့ခြင်းဖြစ်၏။ တစ်နည်းအားဖြင့်လည်း ရဟန်းငယ်က ဝိနည်းသဘောအရ သုံးသပ်ခြင်းဖြစ်၍ ရဟန်း ကြီးက အဘိဓမ္မာသဘောဖြင့် ဆင်ခြင်ခြင်း ဖြစ်ပေ၏။ ရဟန်းငယ်အဖို့ အတိတ်ကို ဖက်ပွေ့မထားသင့်ဘဲ စိတ်ကို ပစ္စုပ္ပန်တည့်တည့်သာ တည်ငြိမ်စွာ ထားသင့်ကြောင်း အဆုံး အမကို ရဟန်းကြီးထံမှ ဂရိုဏိခဲ့၏။

ဤအကြောင်းအရာ ဖတ်ရှုပြီး မလုမေ မှတ်ချက်ချမိခဲ့၏။

မြန်မာတို့ စပ်မိစပ်ရာ သုံးနှုန်းပြောဆိုနေကြသော ဂျင်း စိမ်းနှင့် မိသလင် သူကြင်မှ ကိုယ်ကြင်၊ ချေးခြောက်ပြန် မနှုံးပါနှင့်၊ ပစ္စည်းသခါရ, လူသခါရပဲ. ဖြစ်သမျှ အကြောင်း အကောင်းချည်းပဲ မှတ်ပါ။ စိတ်သစ်လူသစ် မွေးပစ်လိုက် စသည့်

စကားပုံ ဆိုရိုးများမှာ အတိတ်စွဲလမ်းမှုမှ လွတ်မြောက်ရေး အားဆေးများပင် ဖြစ်သည်ဟု မလှမေထင်သည်။

ဆရာတော်ကြီးတစ်ပါး ကိုယ်တိုင် နှစ်သက်ဖူးသော ဂေါ်ရခါး အမျိုးသားကြီးတစ်ဦး၏ ဘဝနေနည်းတစ်ခုကိုလည်း စာအုပ်တွင် မလှမေ ဖတ်ဖူး၏။ ဂေါ်ရခါး အမျိုးသားကြီးသည် အိမ်ထောင်ဆက် (၆)ဆက် ရှိပြီးသူ ဖြစ်၏။ အကြောင်း အမျိုးမျိုးတွင် အိမ်ထောင်ဖက်ဖနီးသည်များ သေဆုံးကုန်ခြင်း ဖြစ်၍ ထိုသူ၌ သောကဒဏ်ရာ ဒဏ်ချက်များ နည်းမည် မဟုတ်ဟု ထင်မှတ်စရာ ဖြစ်၏။ သို့သော် ဂေါ်ရခါး အမျိုးသားကြီးမှာ စိတ်လက်ရှင်လန်း ပေါ့ပါးစွာဖြင့် လူမှုရေး, ကြီးပွားရေး, ဘာသာရေး လုပ်ငန်းများကို တက်ကြွစွာ လုပ်ကိုင်နေသည်ကို တွေ့ရ၏။

''ဒကာကြီးမှာ လောကခံလှိုင်းဂယက်က အဆင့်ဆင့် အဆက်ဆက် ခံရပေါင်းများခဲ့ပြီ။ ဒကာကြီး ကြည့်ရတာ သောက ဒဏ်ရာ ဒဏ်ချက်ဆိုလို့ ကိုယ်မှာ ဆံပင်တောင် မဖြူဘူး၊ ဒကာကြီးမှာ တရားနဲ့ ပြည့်နေသလိုမဲ့ အကြောင်းအကျိုး နည်းနည်းပြောပြစမ်းပါဦး'' ဆရာတော်ကြီးက အမိန့်ရှိသည်ကို ဂေါ်ရခါး ဒါယကာကြီးက ပြန်လျှောက်ထားလေသည်–

''မှန်ပါဘုရား၊ သံသရာထဲမှာ အခုလို လူသားတစ်ဦး အဖြစ်နဲ့ ဘဝတစ်ခု ရလာပြီးတဲ့နောက် ဘဝဆုံးသည်အထိ မပြစ်မနေ လျှောက်ရမယ့် ခရီးပဲ ဘုရား။ ဇနီး သားသမီးတွေ ဆိုတာ ခရီးသွားရင်း ကြုံလာကြတာပါ။ လမ်းမှာ ခွဲကျန်တာ

ရှိမယ်။ ပျက်စီးကျန်ခဲ့တာ ရှိမယ်။ နောက်ဆုံး ကုန်ကုန်ပြောရရင် ဘဝဆုံးသည်အထိ ခရီးရှည်သွားရာမှ လမ်းခုလတ်မှာ လှည်း ဝင်ရိုး ကျိုးမယ်တဲ့။ ဘယ်လိုလုပ်မလဲ ဘုရား။ ကျိုးတဲ့ဝင်ရိုး ဖြုတ်ပြီး ဝင်ရိုးတစ်ခု အသစ်လဲကာ ခရီးဆုံးကို မရောက် ရောက်အောင် သွားဖို့ပဲ ဆုံးဖြတ်တာပဲ မှန်မှာပေါ့ ဘုရား။ အတိတ်စွဲလမ်းစိတ်နဲ့ ရှုံ့ဖွက်ထဲ ကျွံနေတဲ့ ခြေထောက်ကို နုတ်ဖို့ စိတ်မကူးဘဲထားသူဟာ လူမိုက်လို့ပဲ ခေါ်ရမှာပဲ ဘုရား၊ ခရီးက ဒီဘဝနဲ့လဲ ပြီးဆုံးတာ မဟုတ်တော့ လူသစ်စိတ်သစ်နဲ့ သံသရာ အတွက် ရိကၖာထုပ်အသစ်တွေ ထုပ်ပိုးဖို့ ကြိုးစားရာမှာ အတိတ်စွဲလမ်းစိတ်ကြီးတစ်ဖက်နဲ့ အဆင်မပြေလောက်ဘူးလို့ပဲ ဆုံးဖြတ်မိပါတယ်ဘုရား။ ဆရာတော်တို့ တရားကတော့ ဘယ်လို ရှိမလဲ မသိဘူး ဘုရား၊ တပည့်တော်တော့ ဒီလိုပဲ ခံယူ မိပါ တယ်ဘုရား''

လူ့ဘဝသက်တမ်းကို အရွယ်အားဖြင့် သုံးပိုင်းပိုင်းလျှင် အသက်အစိတ် ဘဝတစ်ချီး ဖြစ်၏။ အသက် ၃၂–နှစ်ရှိပြီ ဖြစ်သော မလှမေအဖို့ အမျိုးသမီးတစ်ဦးအနေနှင့် ယနေ့ ခေတ်တွင် အရွယ်ဟိုင်းပြီဟု ဆိုရမည်ဖြစ်သည်။ သို့သော် မလှမေသည် ကျန်ဘဝသက်တမ်း နှစ်ပိုင်းကိုတော့ လှမ်းချီရဖို့က ကျန်သေးသည်မှာ သေချာလှ၏။

လူ့ဘဝအတွင်း ရင်းနှီးချစ်ကျွမ်းဝင်မှုများတွင် မေတ္တာ သစ္စာစွဲလမ်းမှုများ၊ လွမ်းဆွေးတမ်းတမှုများ အခြေခံထား ကြရ၏။ လောကီလူသားတို့အဖို့ ခုံမင်စရာများ၊ နှလုံးတွင် ပွေ့ပိုက်ထား

စရာများ၊ အားငယ်စရာများ ဖြစ်သော်လည်း လောကုတ္တရာနှင့် ကြည့်လိုက်တော့ ဥပါဒါန်(၄)ပါး အစွဲအလမ်းများသည် အဘိဓမ္မာ သဘောအားဖြင့် တရားကိုယ် ကောက်လိုက်သောအခါ အကုသိုလ် လောဘစေတသိက် ဒိဋ္ဌိစေတသိက်များ ဖြစ်နေပေသည်။ မိမိ ဘဝနှင့် မတိုက်ဆိုင်မှုအပေါ် စိတ်နှလုံး ညစ်နွမ်းပူပန် ညှိုးနွမ်း နေခြင်းဖြင့် မိမိမှာသာ အကုသိုလ်စေတနာများ ထပ်ပုံဆည်းပူး မိပြီး အရှုံးထဲတွင် အရှုံးထပ် နေချေတော့မည်။

လောကီဘုံသား လူသတ္တဝါတစ်ဦးသည် ကိုယ့်ချစ်သူ၊ ကိုယ့်ခင်ပွန်း၊ ကိုယ့်ဇနီး၊ ကိုယ့်မိသားစု၊ ကိုယ့်ဆွေမျိုး၊ ကိုယ့်မြို့၊ ကိုယ့်ရွာ၊ ကိုယ့်နိုင်ငံအပေါ် သန့်သန့်ခြားရ၍ စွဲလမ်းမှုများ ရှိရ ပေမည်။ ပိုင်ဆိုင်မှု လောကဏ် ရပိုင်ခွင့် ရှိသည့် ဘဝနေနည်း တစ်ခုလည်း ဖြစ်ပေ၏။ သို့ဖြစ်လျှင် ပျက်တတ်ခြင်း သခါရ သဘောတရားတွင် လောကမှ လွန်မြောက်တော်မူကြကုန်သော အရိယာပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တို့၏ လောကအပေါ် ရှုမြင်ပုံနှင့်မူ တူနိုင်မည် မဟုတ်ပေ။

ဘဝသံသရာတွင် ရခဲလှသော လူ့ဘဝကို ရရှိ၍ ကြုံကြိုက် ခဲစွာ ဗုဒ္ဓဘာသာ အဆုံးအမများအောက်တွင် ထူးမြတ်စွာ လိုက်နာကျင့်ပွားခွင့် ရရှိနေသူတစ်ဦးအနေနှင့် လောကီ လောကုတ္တရာ ဘဝနေနည်းနှစ်မျိုးမှ ထုတ်နုတ်၍ ဘဝကို အောင်မြင်စွာ ဖြတ်ကျော်နိုင်မည့် နည်းတစ်နည်းကိုတော့ တွေ့ရှိနိုင်လိမ့်မည်ဟု မလှမေ ယုံကြည်မိပါသည်။



၆ဝ
သို့မဟုတ်
လမ်းဆုံမှာ ရပ်သူ

လမ်းပေါ် လူသူကင်းရှင်းချိန် (သို့မဟုတ်) ကန်ပတ်လမ်းကဲ့သို့သော လူသူကင်းသည့်နေရာ လူသွားလမ်း ပလက်ဖောင်းပေါ်တွင် ခေါင်းထဲ အတွေးတစ်ခုခုထည့်၍ လမ်းလျှောက်သွားနေရခြင်းကို ကိုသက်ဖေ နှစ်သက်လေသည်။ မိမိရှေ့တူရှု ပလက်ဖောင်းပေါ်မှ သက်မဲ့ပစ္စည်း အရာဝတ္ထု တစ်ခုခုကို တိုးတိုက်မှု မဖြစ်စေရန် သတိထားသည်က လွဲ၍ အနီးအပါးမှ မော်တော်ယာဉ်များ, လူများ ဖြတ်သွားကြသည်ကိုပင် စိတ်မှာ မသိရှိ၊ ငြိမ်းချမ်းသော စိတ်လွတ်လပ်မှု အရသာမျိုး ခံစားရသည်ဟု ကိုသက်ဖေ ခံယူထားလေသည်။

ကိုသက်ဖေ၏ သည်စရိုက်ဝါသနာကြောင့်လည်း အလုပ်နောက်ကျဖူးပေါင်း များပေပြီ။

နံနက်ပိုင်းအချိန် ဘတ်စ်ကားစီး၍ အလုပ်သို့ လာစဉ် အလုပ်ဝင်ချိန် စောသေးပါက ရသလောက် အချိန်ကလေးနှင့် ကိုက်၍ တစ်မှတ်တိုင်, နှစ်မှတ်တိုင် ကြိုဆင်း၍ လမ်းလျှောက်

သွားမြဲဖြစ်၏။ ရသလောက် အချိန်ကလေးမှာပင် စိတ်လွတ်လပ်မှုကို ဦးစားပေးတတ်သဖြင့် အလုပ်သက်တမ်း တစ်လျှောက် အလုပ်သို့ စောရောက်ခြင်း ဟူသော ရာဇဝင်သည် ကိုသက်ဖေ၌ မရှိခဲ့ဖူးပေ။ ထို့ကြောင့်ပင် ကိုသက်ဖေအား အလုပ်တွင် စိတ်ဝင်စားခြင်း မရှိဟူ၍ သတ်မှတ်ခံရပြီး တစ်နည်းမဟုတ် တစ်နည်း ရာထူးတိုးတက်ခြင်း နှေးကွေးစေခဲ့၏။ ဒါကိုလည်း ကိုသက်ဖေ သိ၏။ သို့သော်လည်း လွတ်လပ်မှုရှိသော ကိုသက်ဖေ၏ ဝါသနာစရိုက်ကို မပြင်ဖြစ်သေးပေ။

မိမိကိုယ်တိုင်လည်း မနှစ်ခြိုက်ပါဘဲ ဝါသနာသဘောငြိတွယ်စွဲကပ်လျက်ရှိနေသော အကျင့်စရိုက်ကိုမူ ကိုသက်ဖေ မုန်းတီးလှ၏။ ယင်းအမှုအကျင့်ကား ဘာမဆို ဒွိဟသံသယစိတ်များတတ်ခြင်းဖြစ်၏။ ဘာကိစ္စမဆို ကိုသက်ဖေ၏ခေါင်းပေါ်သို့ တာဝန်ကျလာပြီ ဆိုသည်နှင့် စိတ်မှာ နှလုံးနှစ်ခွ ဖြစ်တော့သည်။ သံသယဒွိဟ ပွားတော့သည်။ တစ်မျိုး စဉ်းစားရမည့်နေရာ နှစ်မျိုး စဉ်းစားတော့၏။ တစ်ခါတစ်ရံ နှစ်မျိုးသာမက သုံးမျိုးလေးမျိုးထိ စဉ်းစားကာ စိတ်ပျံ့လွင့်သွားတော့သည်။ ထိုအခါ စိတ်တွင် မဝေခွဲနိုင်ဖြစ်လာပြီး တွေဝေသွား၏။ အမှုကိစ္စအပေါ်၌ မပြတ်မသား ရှိခြင်း, လိပ်ခဲတင်းလင်းဖြစ်ခြင်း, မတင်မကျဖြစ်ခြင်းများကြောင့် တွန့်ဆုတ်တွန့်ဆုတ်ဖြစ်ကာ အဆုံးအဖြတ်တစ်ခု မပြုနိုင်ဘဲ ရှိတော့လေ၏။

အမှုကိစ္စသည် သာမန်ဆိုပါက တော်သေး၏။ အမှုကိစ္စကြီးသည်နှင့်အမျှ စိတ်ထဲ ရှုတ်ထွေးသည်နှင့်အမျှ စဉ်းစား

တွေးခေါ်စရာ မျှားသည်နှင့်အမျှ ကိုသက်ဖေ ခေါင်းပေါ်သို့ ဦးခေါင်းတစ်လုံးတည်းနှင့် ရေအိုးနှစ်လုံး ရွက်ရသည့်နှယ် မစားနိုင်, မအိပ်နိုင် ချာချာလည်တော့၏။ အဆုံးအဖြတ် လွဲချော်သွားမှာ ကြောက်သည့် စိုးရိမ်စိတ် ပူပန်စိတ်က လွန်ကဲကာ လမ်းစပါ ပျောက်တော့၏။

ကိုသက်ဖေကလည်း သူမျှားထက် လွန်ပါသည်။

အလုပ်ဌာနကိစ္စ မဟုတ်ဘဲ ကိုသက်ဖေ လမ်းမထွက်လိုက်နှင့်၊ ကိုသက်ဖေ လမ်းထွက်တိုင်း မကြာခဏ ကြုံရတတ်သည်မှာ လမ်းဆုံလမ်းခွတွင် တစ်ယောက်တည်း အလုပ်ရှုပ်နေတတ်ခြင်း ဖြစ်၏။ တောင်ဖက်လမ်း သွားပြီးမှ နောက်ကြောင်းပြန်၍ မြောက်ဖက်လမ်း ပြန်လှည့်သွားတတ်၏။ မြောက်ဖက်လမ်း သွားပြီးမှ ပြန်ဆုတ်၍ အရှေ့ဖက်လမ်း လိုက်ပြန်၏။ တစ်ခါတစ်ခါ မူလထွက်လာသည့်လမ်းကိုပင် ပြန်လှည့်၍ နောက်ကြောင်းသို့ ပြန်ကွေ့သွားတတ်သည့် အဖြစ်အပျက်မျိုး ဖြစ်ပေါ်၏။ ထိုအခါမျိုးတွင် မျက်စိလည် လမ်းမှားနေသူ တစ်ဦးကဲ့သို့ ရှိဘိ၏။

ဥပမာ– တနင်္ဂနွေ အလုပ်အားရက်မို့ အိမ်မှ ထွက်လာသော ကိုသက်ဖေကို ကြည့်ပါ။ လမ်းဆုံသို့ ရောက်သော် သူငယ်ချင်းအိမ် ဝင်ဦးမည်ဟု သူငယ်ချင်းအိမ်ရှိရာ လမ်းဖက်သို့ ခြေဦးလှည့်လိုက်၏။ ခြေလှမ်း အတန်လျှောက်မိမှ သူငယ်ချင်းမှာ ပွဲစားတစ်ဦးဖြစ်၍ ဒီအချိန် အိမ်တွင် ရှိပါမည်

လားဟု သံသယဝင်မိပြီး လှမ်းနေသော ခြေလှမ်းများ တွန့်သွားကာ ဘယ်သွားရကောင်းမလဲဟု စဉ်းစားသည်။ ကိုသက်ဖေသည် အဟောင်းအပျက် တိုလီပိုလီပစ္စည်းများ ရောင်းချသည့် လမ်းဘေးစျေးတန်းသို့ လျှောက်၍ မွှေနှောက်တတ်သည့် ဝါသနာပါရှိပေရာ ထိုစျေးတန်းသွားရန် ဆုံးဖြတ်လိုက်၏။ အဟောင်းစျေးတန်း သွားရန် တာစူပြီးခါမှ နံနက်ပိုင်းဖြစ်၍ အဟောင်းစျေးတန်း စည်ကားခြင်း မရှိနိုင်သေးသည်ကို သတိရပြီး ခြေလှမ်းတန့်ရပြန်သည်။

ကိုသက်ဖေ လမ်းကြောင်း ရွှေးချယ်၍ ဗျာများနေသည့်နေရာနှင့် မနီးမဝေးတွင် လက်ဖက်ရည်ဆိုင်က ရှိနေရာ မိမိအား လက်ဖက်ရည်ဆိုင်ကလူတွေ သတိထား ကြည့်နေမည်လားဟု မိမိကိုယ်ကို လိပ်ပြာမလုံ ဖြစ်လာသည်။ သောက်ချင်လှသည် မဟုတ်ပါဘဲနှင့် ချော်လဲရော ထိုင်သဘောမျိုး ဆိုင်ထဲဝင်ဖြစ်ပြီး လက်ဖက်ရည်တစ်ခွက် မှာသောက်ဖြစ်ခဲ့၏။ လက်ဖက်ရည် သောက်ရင်း အချိန်ယူ စဉ်းစားပြီးမှ လိုရာသို့ မပြောင်းမလဲ တန်းတန်းမတ်မတ် ထွက်နိုင်ခဲ့တော့လေ၏။

အိမ်မှ အပြင်ထွက်သည့် သာမန်ကိစ္စမျှကိုပင် သည်မျှဦးနှောက်စားတယ်လေ့ရှိသော ကိုသက်ဖေအတွက် ခက်ခဲလေးနက်သည့် အမှုကိစ္စမျိုးကို ထားဘိဦး၊ အခြားသော စီးပွားရေး, လူမှုရေး, ဆွေမျိုးရေး, သားရေးသမီးရေး ကိစ္စများတွင် မည်မျှဦးနှောက်ချာချာလည်မည်ကို စဉ်းစားကြည့်နိုင်ကြပါသည်။

ကိုသက်ဖေကလည်း သိပါ၏။ သူ့ဘဝတွင် ချီတုံချတုံ လွှမ်းကဲသော ဘဝဆက်ထုံးများ ပြည့်နှက်နေခဲ့၏။

အထက်တန်းကျောင်းသားဘဝ ၁၆-နှစ်သားရွယ် နွေရာသီကျောင်းပိတ်ချိန်တွင် အဘိုးအဘွားများက မြေးအကြီး အငယ်အားလုံးကို ရှင်ပြုပေးရင်း ကိုသက်ဖေသည် ဘုန်းကြီးကျောင်း၌ ရှင်သာမဏေ ဝတ်ခဲ့ရ၏။ ဇွန်လတွင် ကျောင်းများ ပြန်ဖွင့်တော့ ရှင်သာမဏေဘဝနှင့် ပျော်ပိုက်နေခဲ့သဖြင့် ရှင်လိုင်ပြန်၍ ကျောင်းဆက်တက်ရကောင်းမည်လား၊ ကိုရင်ဝတ်၍ ပရိယတ်စာပေတွေ ဆက်သင်ရကောင်းမည်လားနှင့် ဇဝေဇဝါ ဖြစ်ခဲ့သေး၏။ နောက်ဆုံး ရှင်သာမဏေဘဝနှင့် တစ်နှစ်မြှဲခဲ့ပြီးမှ ရှင်လိုင်ပြန်ခဲ့သဖြင့် သူများတွေထက် ကျောင်းတစ်နှစ် နောက်ကျခဲ့ရ၏။ နောက်နှစ် ကျောင်းပြန်တက်သော အခါ ကျောင်းနေဖက် သူငယ်ချင်းများမှာ အတန်းတစ်တန်း ကျောကုန်ကြ၏။

၁၉-နှစ်သားအရွယ် ၁၀-တန်းအောင်သောအခါလည်း သူငယ်ချင်းအများစုမှာ အစိုးရရုံးများတွင် အလုပ်ဝင်ရောက် လုပ်ကိုင်ကြလျက် စာပေးစာယူ (အဝေးသင်တက္ကသိုလ်) ကျောင်းသားအဖြစ် ခံယူကြ၏။ ကိုသက်ဖေမှာမူ နေ့ကျောင်းတက်မလိုလို အဝေးသင်တက်မလိုလိုနှင့် နောက်ဆုံးတွင် အဝေးသင် ဒုတိယနှစ်လောက်နှင့်ပင် စခန်းသိမ်းခဲ့ပြီး ဘွဲ့တစ်ခုခု အောင်လက်မှတ် ချိတ်ဆွဲခြင်း မပြုနိုင်ခဲ့ပေ။ တက္ကသိုလ် ဒုတိယနှစ်

စာမေးပွဲအပြီး ဦးလေးတော်သူတစ်ဦးနှင့် ရန်ကုန်မြို့သို့ ဆန်ကုန်ကူး လိုက်သွားရာမှ မိန်းကလေးတစ်ဦးနှင့် တွေ့ရှိ အိမ်ထောင်ကျဖြစ်ခဲ့ပြန်၏။

ဆန်လုပ်ငန်း အဆင်မပြေ ပြန်သောအခါ မြစ်ဝကျွန်းပေါ်ဒေသနှင့် အဆက်အသွယ်ပြု၍ ငါးခြောက်ကုန်ကူးပြန်သည်။ ထိုတွင်လည်း အဆင်မပြေပြန်ရာ လက်သမားမကျ ပန်းရံမကျ လိုက်လုပ်ပြန်၏။ ဒါလည်း ခဏသာ ကြာသည်။ နောက်ဆုံးတွင် အစိုးရစက်ရုံတစ်ခုတွင် ဝင်ရောက် လုပ်ကိုင်တော့မှ အလုပ်မြဲတော့၏။ မမြဲ၍လည်း မဖြစ်၊ အစိုးရဝန်ထမ်းအလုပ်ဆိုသည်မှာ အလုပ်နည်းလျှင် လူကြဲကြဝိုင်း၍ အလုပ်များလျှင် လူအားနှင့် ဝိုင်းလုပ်ရသည်။ အခြားအလုပ်များကဲ့သို့ ဦးနှောက်စားစရာမလို။ မဆူဖြိုးသော်လည်း ညနေရုံးဆင်းဖို့ အချိန်တန်လျှင် လုပ်ငန်းပြီး ရစမြဲ။ ဝန်ထမ်းသက်သာ ထောက်ပံ့မှုများ ရစမြဲ၊ ကိုသက်ဖေတွင် မိန်းမနှင့် သားနှင့် သမီးနှင့် ဖြစ်လာ၍လည်း သက်မွေးမှုအလုပ်ကို ဗလောင်းဗလဲ မလုပ်ရဲတော့တာလည်း ပါ၏။

သည်လိုနှင့် နှစ်တွေကြာလာတော့လည်း ကိုသက်ဖေ၏ အသက်မှာ ၄၅-နှစ် ရှိခဲ့ပြီ။ အလုပ်ဌာန ဝန်းထမ်းသက် ၁၅-နှစ်ဖြစ်၍ ရာထူးအနေနှင့် ဦးစီးမှူးအဆင့်သို့ တက်လှမ်းခဲ့ပြီ ဖြစ်၏။ အလုပ်တွင် ဌာနအလိုက် စီမံခန့်ခွဲမှုအပိုင်း ရောက်လာပြီ ဆိုတော့ ကိုသက်ဖေ၏ ဒွိဟသံသယများမှ နှလုံးနှစ်ခွစိတ်များ

မှုတို့သည် လုပ်ငန်းခွင်အတွင်း အနှောင့်အယှက် ဖြစ်လာလေ၏။ လုပ်ငန်းတွင် အထက်အမိန့်အရ အမြန်အထက် ပြုလုပ်ရမည့် ကိစ္စမျိုးလည်း ရှိရာ ဆုံးဖြတ်ရန် ဇဝေဇဝါနှင့် နှောင့်နှေးနေ၍ မရတတ်ပေ။

အလုပ်ဌာန လုပ်ငန်းကိစ္စများ၌ ကိုသက်ဖေ၏ ဒွိဟသံသယ ပွားမှုများကြောင့် နှောင့်နှေးခဲ့ရဖူးပေါင်း များပြီ။ လုပ်ငန်း နှောင့်နှေးကြန့်ကြာသဖြင့် အထက်အရာရှိ၏ ဆူပူကြိမ်းမောင်း ခံခဲ့ရဖူးပေါင်းလည်း များပြီ။ အမှန်ဝန်ခံရလျှင် ကိုသက်ဖေအဖို့ သူ၏ ဒွိဟသံသယ တံ့နှိုးလန်းစိတ်ကို ပြုပြင်၍ ပယ်ဖျောက် ခြင်းမပြုနိုင်ပါလျှင် ရှေ့ရှောက်တာဝန် ပိုကြီး လာမည့်အရေး တွေး၍ ရာထူးရာခံ တိုးတက်မှာကိုပင် ရွံ့ကြောက်မိနေလေပြီ။

တကယ်တမ်းမှာ ဒါလည်း သဘာဝကျသည် မဟုတ်။ လုပ်ငန်းခွင်၌ ဖြစ်စေ၊ ရပ်ထဲ, ရွာထဲ, အိမ်ထောင်စုထဲ, မိသား စုထဲ၌ ဖြစ်စေ အသက်အရွယ် ကြီးရင့်လာသည့်နှင့်အမျှ သိက္ခာဝါသည် အရေးကြီးလာ၏။ ဂုဏ်ဝုပိ, ဝယဝုပိ သဘော အရ ရောက်ရှိလာသော အဆင့်အတန်းမှ ရှောင်ပြေး၍ ရမည် မဟုတ်။ ရှောင်ပြေးလျှင် လူတွေနှင့် ဝေးကွာ သွားဖို့ရာသာ ရှိပေလိမ့်မည်။

လူတစ်ဦးမှာတော့ အားနည်းချက်တစ်ခု ရှိတတ်သည်ပင်။ သို့သော် မိမိ၏ အားနည်းချက်ကို သိပါလျက် မပယ်ဖျောက် နိုင်သည်က ကိုသက်ဖေ ခက်နေသည်။

ကိုသက်ဖေအား သူငယ်ချင်းဖြစ်သူ ဒဿနိကနည်းပြ တက္ကသိုလ် ဆရာတစ်ဦးက ဝေဖန်ပြဖူး၏။

''လူတိုင်းအပေါ်, အကြောင်းအရာတိုင်းအပေါ် မင်းက မယုံသင်္ကာစိတ် မျှားတာကိုကွ၊ လောကကြီးမှာ ရှိနေတဲ့ အဖြစ်နဲ့ အပျက် နှစ်မျိုးအနက် မင်းက အပျက်ဖက် အလေးပေး စဉ်းစား တာလဲ ပါတယ်။ အပျက်ကို မလိုလားတာနဲ့ အပျက်နဲ့ ကြုံရမှာ စိုးရိမ်စိတ်များပြီး အပျက်ဖက်က ကာကွယ် အတွေးတွေနဲ့ ပြဿနာတစ်ရပ်ကို ချဉ်းကပ် ရင်ဆိုင်တော့ ခေါင်းထဲမှာ ရှုဒေါင့်စုံ ပေါ်လာပြီး မချိနိုင်, မချနိုင်၊ မဆုတ်နိုင်, မတက်နိုင်၊ မထွေးနိုင်, မအံ့နိုင်တွေ ဖြစ်ကုန်ရော။ သတ္တလောကကြီးထဲက အဖြစ် တရားနဲ့ အပျက်တရား နှစ်မျိုးကို သဘာဝတရားနဲ့ ယထာဘူတ ကျကျ လက်ခံ စဉ်းစားပြီး မင်းမှာရှိနေတဲ့ အပျက်တရားနှင့် ကြုံရမှာ, မအောင်မြင်မှာ ကြောက်စိတ်ကို လျော့လို့ရနိုင်တဲ့ အခါ မင်းရဲ့ချီတုံချတုံ စိတ်တွေ ပြတ်သားလင်းလက် သွားမယ်။ အောင်နိုင်သွားမယ်၊ ပြတ်သားစိတ်နဲ့ ခံယူပစ်လိုက်။ ဒါပဲ။''

ဗဟိုဝန်ထမ်းတက္ကသိုလ် အခြေခံ ပြည်သူ့ရေးရာ ဝန်ထမ်းလောင်း သင်တန်းတက်စဉ်က ကိုသက်ဖေ သင်ကြား ခဲ့ဖူးသော စီမံခန့်ခွဲရေး ဘာသာရပ်မှ ''ပြဿနာဖြေရှင်းနည်း'' ကိုလည်း မှတ်မိ၏။ ပြဿနာတစ်ရပ်ကို မည်သို့ ဆုံးဖြတ် ရမည် မဝေခွဲနိုင်ဖြစ်နေပါက အဖြေရှာနိုင်ရန် နည်းလမ်း

ကောင်းတစ်ခုပင် ဖြစ်ပေ၏။အမှုကိစ္စတစ်ခု ပြဿနာတစ်ရပ်တွင် အဖြစ်နှင့်အပျက် အကောင်းနှင့်အဆိုး အားသာချက်နှင့် အားနည်းချက်တို့ ဒွန်တွဲလျက် ရှိတတ်၏။ အပြုသဘောပါသလို အဖျက်သဘောတို့လည်း ယှဉ်တွဲပါနေတတ်၏။ ၎င်းကို မြင်အောင် ကြည့်တတ်ဖို့သာ လိုလေသည်။ ဆန့်ကျင်အားပြိုင်ချက်ကို မြင်အောင် ကြည့်တတ်လျှင် ပြဿနာကို ဖြေရှင်းရန် လွယ်ကူ သွားပေတော့သည်။

အပြုသဘော, အပျက်သဘော နှစ်ရပ်အနက် အားသာ ချက်, အားနည်းချက်ကို ရှာ၍ စိတ်ချိန်ခွင်တွင် ထည့်၍ ချိန်ကြည့်ရမည်ဖြစ်သည်။ အပြုသဘော အားသာနေလျှင် အကြောင်းမဟုတ်သော်လည်း အပျက်သဘော အားသာနေသည့် ပြဿနာကို ရှောင်ရှားရပေမည်။ သို့မဟုတ် အပြုသဘော အားသာအောင် ဖြည့်ဆည်းနိုင်လျှင်လည်း လက်ခံအပ်ပေသည်။ ဆိုလိုသည်မှာ အမှုကိစ္စတစ်ခုကို ပြုလုပ်သင့်, မပြုလုပ်သင့် ဆုံးဖြတ်နိုင်ရန်အတွက် အကောင်းပိုင်း အချက်များနှင့် အဆိုးပိုင်း အချက်များကို စုစည်း၍ နှိုင်းယှဉ်ကြည့်ပြီး အကောင်းပိုင်း အားသာလျှင် ပြုလုပ်ရမည်ဖြစ်ပြီး အဆိုးပိုင်း အားသာပါက စွန့်ပယ်ရှောင်ရှားရန် ဖြစ်ပေသည်။

အမှုကိစ္စ နှစ်မျိုး, သုံးမျိုး ဖြစ်နေပြီး တစ်ခုခုကို ရွေးချယ် ရမည့် ပြဿနာ၌လည်း အလားတူပင်ဖြစ်သော် အမှုကိစ္စတိုင်း၏

အကောင်းနှင့်အဆိုး အားသာချက်, အားနည်းချက်တို့ကို ကိစ္စတစ်ခုချင်းအလိုက် ထုတ်နုတ်၍ စိတ်ချိန်ခွင်၌ ချိန်စက်ကြည့်ရမည်။ စိတ်ချိန်ခွင်၌ ချိန်စက်ရန် ခက်ခဲရှုပ်ထွေးနေပါက စာရွက်ပေါ်မှာ ချ၍ အမှုကိစ္စ ခေါင်းစဉ်အောက်၌ အားသာချက်, အားနည်းချက်တို့ကို ရေးမှတ် နှိုင်းယှဉ်သင့်ပေ၏။

ဥပမာ ရုံးလုပ်ငန်းလစာမှတစ်ပါး အခြားဝင်ငွေမရှိသူ ဝန်ထမ်းတစ်ဦး၏ မိသားစုတွင် ရုံးပြင်ကန္ဒာား မင်းပြစ်မင်းဒဏ် ကိစ္စနှင့် ငွေတစ်သိန်းခွဲ အပူတပြင်း ရှာပေးရမည့် အရေးကိစ္စပေါ်လာမည် ဆိုပါစို့။ စုပြီးဆောင်းပြီးကလည်း မရှိ၊ ရောင်းချပေါင်နှံစရာ ရွှေတိုရွှေစကလည်း ပြောပလောက်အောင် မရှိသဖြင့် မည်သို့ ပြုလုပ်ရမည် မသိအောင် အကြံအိုက်၍ နေရပြီဆိုပါစို့ ။

(က) အိမ်ဂရန်ပေါင်၍ အတိုးနှင့် ငွေချေးရန်

- ရနိုင်သည်။	- အကြွေးတင်မည်။
- နေ့ပြန်တိုးနှင့်စာလျှင် တော်မည်။	- အတိုးတက်မည်။
- အိမ်ပေါ်မှ ဆင်းမပေးရ၍ လက်ရှိနေထိုင်သူက တပန်းသာမည်။	- ချေးသူက မပိုင် ဝက်မွေးမို့ မကြာခဏ အကြွေးတောင်းခံရမည်။
	- အလုံးအခဲနှင့် ပြန်ဆပ်ရမည်။

- အတိုးနှင့်အရင်း မဆပ်နိုင်က ရောင်းချရမည့် ကိန်းဆိုက်နိုင်မည်။
- သူများထံ အပူကပ်ရသဖြင့် လူ့သိက္ခာ ငြိစွန်းမည်။

(ခ) မိဘဆွေမျိုးများဆီ လိုက်လံအကူအညီ တောင်းရန်

- ငွေသားရလျှင် အတိုးမပေးရနိုင်။
- လက်ဝတ်ရတနာများ ရွှတ်ပေါင်ပေးလျှင်အတိုး ဆပ်ပေးရနိုင်သည်။
- အခြားသူစိမ်းထံ ချေးငှါးခြင်းထက် စာလျှင် လူမှုသိက္ခာ အောက်မကျလှ။

- ဆွေမျိုးထဲတွင် ငွေကြေးပြည့်စုံသူ နည်းသဖြင့် ချေးငှားသည်သာ အဖတ် တင်ကိန်းလည်း ရောက်နိုင်၏။
- မရနိုင်ဘဲ အချိန်ကုန်သည်သာလျှင် အဖတ်တင်နိုင်သေး၏။
- ဆွေမျိုးဆိုသော်လည်း အိမ်ထောင်ပြုထားသည့် အခြားတစ်ဖက်က သူစိမ်းဖြစ်သည်ကိုလည်း သတိပြုရမည်။

(ဂ) အိမ်ခန်းငှား၍ စပေါ်ငွေကို အသုံးပြုရန်

- အတိုးပေးရန်မလို။
- မြို့သစ်ဖြစ်၍ အိမ်ခန်း စပေါ်ငွေ လိုအပ်ချက်၏ ထက်ဝက်ခန့်သာ ရနိုင်မည်။
- အိမ်ငှားသူရှာရန် အချိန်အနည်းငယ် ပေးရမည်။
- ရနိုင်ချေ ထက်ဝက်သာ ရှိ၏။
- ငွေမမီနိုင်။
- အိမ်ခန်းကို ပြုပြင်ပေးရမည်ဖြစ်၍ စပေါ်ငွေ ထပ်လျော့သွားဦးမည်။
- အိမ်ငှားရှိနေသဖြင့် မိသားစုများအဖို့ လွတ်လပ်မှု ဆုံးရှုံးမည်။

(ဃ) ရုံးငွေစုငွေချေးမှ ချေးရန်

- အတိုးသက်သာမည်။
- လစာမှ လစဉ်ဖြတ်တောက်၍ အရစ်ကျ ပေးရမည်ဖြစ်သဖြင့် မသိသာ။
- သူတစ်ပါး အပူမကပ်ရတော့၍ လူမှုသိက္ခာ ငြိစွန်းမှု မဖြစ်။
- မူလချေးငွေ မကျေသေး၍ ရ, မရမသေချာ။
- ချေးငွေအတွက် အရစ်ကျ အဖြတ်ခံ၍ ပေးဆပ်ရမည် ဖြစ်၍ လစာငွေလျော့မည်။
- လစာနှင့် မစားလောက်၍ ပြင်ပလုပ်ငန်း ရှာလုပ်ရမည်။

ငွေကျပ်တစ်သိန်းခွဲ အပူတပြင်း လိုအပ်လျက်ရှိသော ထိုဝန်ထမ်း၏ ဘဝဝန်းကျင်မှ ဖြစ်နိုင်ချေရှိသမျှကို ခေါင်းစဉ်ခွဲ၍ ရရှိသည့် ခေါင်းစဉ်တစ်ခုချင်းအလိုက် အကျိုးနှင့်အပြစ်ကို ယှဉ်တွဲ၍ စုဆောင်းပြခြင်းဖြစ်သည်။

ယင်းဖြစ်နိုင်ချေ ၄–ခုအနက် အိမ်ဂရန်ပေါင်ခြင်းကား လိုအပ်ငွေကို အလွယ်နှင့် ရရှိနိုင်သဖြင့် ဆုံးဖြတ်လိုက်ချင်စရာ အလွန်ကောင်း၏။ ဒါပေမယ့် ချေးငွေတစ်လ တစ်လ ၂၀ % နှုန်း အတိုးဆပ်နေရလျှင် လစာလေး ပြောင်ဖို့သာ ရှိတော့မည်။ အတိုးတက်ခြင်းပါ၍တော့ ဘယ်နည်းနှင့်မျှ မဖြစ်ပေ။ မိဘများ ညီအစ်ကို မောင်နှမများဆီ ပြေး၍ အကူအညီ တောင်းဖို့ ရာမှာလည်း သူတို့, သူတို့၏ အခြေအနေများမှာ မိမိနှင့် သူမသာ ကိုယ်မသာမို့ အပိုအလျှံ မရှိကြချေ။ တစ်နယ်တစ်ရပ်မှာ နေကြသဖြင့် လမ်းစရိတ်ကုန်ရုံသာ အဖတ်တင်၍ လက်ချည်း ပြန်လာရဖို့သာ ရှိလေသည်။

အိမ်တစ်ခြမ်းငှားရန်ကလည်း စပေါ်ငွေက လိုအပ်သည့် ငွေ၏ ထက်ဝက်သာ ရရှိမည်ဖြစ်၍ မပြည့်မီနိုင်။ အိမ်ခန်း ပြင်ပေးရန်ကလည်း ပြုပြင်စရိတ် အနိမ့်ဆုံး နှစ်သောင်း, သုံး သောင်းတော့ အသာလေး ကုန်ကျပေဦးမည်။ ရုံးငွေစုငွေ ချေးမှ ချေးဖို့ရန်မှာလည်း ချေးလက်စ တန်းလန်းကြီးမို့ လစဉ် အရစ်ကျ ဆပ်ငွေများ ထက်ဝက်ကျော်သာ ဝင်သေးသဖြင့် မဖြစ်နိုင်ချေ။

ဘာအဖြေမှ ထွက်မလာ။ မည်သို့ ပြုရပါမည်နည်း။

ဤသို့ ဖြစ်နိုင်ချေ အချက်အလက်များကို စုစည်း၍ အားသာချက် အားနည်းချက်များနှင့် အကျိုးအပြစ်တို့ကို ချင့်ချိန်ကြည့်ရင်းမှ ပေါင်းစပ်အဖြေတစ်ခုတော့ ရလာ၏။

အိမ်တစ်ခန်းပိုင်း၍ ငှားမည်။ စပေါ်ငွေကို တစ်သိန်း ရအောင် တောင်းမည်။ အိမ်ခန်းပြင်ဆင်ခြင်းအတွက် နှစ်သောင်းထက် မပိုစေဘဲ ပြုပြင်မည်။ ရုံးငွေစုငွေချေးမှ ရှစ်သောင်း ချေးယူမည်။ ယခင် နှစ်သောင်းချေးငွေမှာထက်ဝက်ဆပ်ပြီးဖြစ်၍ ကျန်တစ်သောင်းကို ဆပ်ချေးချေး၍ ခုနှိမ်မည်။ နှစ်ရပ်ပေါင်း လိုအပ်ငွေ တစ်သိန်းခွဲ ပြည့်မီသွား ပေမည်။

ဤနည်းဖြင့် ဝန်ထမ်းမိသားစု၏ ခေါင်းခဲစရာ ငွေတစ်သိန်းခွဲကိစ္စမှာ အကောင်းဆုံး အဖြေတစ်ခုကို ထုတ်ယူနိုင်ခဲ့၏။ ဗဟိုဝန်ထမ်းတက္ကသိုလ်တွင် စီမံခန့်ခွဲမှုသင်တန်းတွင် သဘောကျ မှတ်သားခဲ့သော ပြဿနာ ဖြေရှင်းနည်းမှာ ရုံးကိစ္စ စီမံခန့်ခွဲရေးသာမက ဝန်ထမ်း၏ လူမှုရေးပြဿနာများကိုပါ အသုံးပြုနိုင်ခဲ့ပေ၏။

ကိုသက်ဖေ နေထိုင်သော ရပ်ကွက်ထဲရှိ ပါဠိတက္ကသိုလ် ကျောင်းမှ စာချဆရာတော်တစ်ပါးအားလည်း ကိုသက်ဖေ လျှောက်ထားဖူး၏။ ဆရာတော်က ကိုသက်ဖေ၏ သံသယဒိဋ္ဌိဟု များတတ်ခြင်း အကျင့်စရိုက် ကင်းပျောက်နိုင်မည့် ဓမ္မနည်း

လမ်းတစ်ခုကို ဟောပြောသဖြင့် ကိုသက်ဖေ ကြားနာမှတ်သားလိုက်ရဖူးတ၏။

''အကြံ့များတာဟာ ဝိတက်သဘောပဲ။ လူမှာ ဝိတက် ဆိုတဲ့ အကြံ့များတိုင်းလဲ မကောင်းဘူး။ အကြံ့များတော့ **ဒုသိုင်းများ ဟင်းဟုန်၊ ဆရာများ သားသေ**'' ဆိုသလို သံသယတွေပါ ဝင်လာရော။ သံသယဒွိဟ များခြင်းဟာလဲ စိတ်ရောဂါတစ်ခုပဲ။ ဘယ်နည်းနဲ့ သံသယရှင်းမလဲ။ ထင်ရှားအောင် လုပ်ပြီး သံသယဆူးဆိုရင် မြန်မြန်နုတ်ထွင် ရှင်းလင်းပစ်ရမယ်။ ခေါင်းထဲ ကြာရှည်လက်ခံထား မနေနဲ့။ သံသယရှင်းတဲ့နေရာမှာလဲ ဟိုကရင်အမျိုးသား တိုင်းရင်းသားကြီး ရှင်းသလိုလဲ မလုပ်နဲ့ဦး။ ကရင်တိုင်းရင်းသားများဟာ သူတို့ရင်ထဲရှိတာကို ဘွင်းဘွင်းရှင်းရှင်းကြီးတွေ ပြောတတ်ကြတယ်။ ကရင်ကြီး အိပ်ရာကနိုးတော့ မိုးလင်းနေပြီ။ သူများတွေ လယ်တော ရောက်ကုန်ကြပြီ။ မိုးတွင်းဆိုတော့ မိုးကလေးကလဲ အိမ်ခေါင်မိုးပေါ် တစ်ဖျောက်ဖျောက်နဲ့။ ကရင်ကြီးဟာ ခေါင်းထောင်ကြည့်လိုက်ပြီး နှုတ်ကလဲ ''ဝေး–မိုးကလဲကွယ် တစ်ဖျောက်ဖျောက်နဲ့ကိုး၊ ဆက်အိပ်ရကောင်းမလား၊ လယ်တော ထသွားရကောင်း မလားပဲ၊ ရှုတ်ပါတယ်ကွယ်၊ ဆက်အိပ်တာပဲ ကောင်းပါတယ်ဝေး'' ဆိုပြီး ခေါင်းလှဲချ ဆက်အိပ်ပါလေရော။ ကရင်ကြီးလဲ ပုထုဇဉ်ပဲ။ လူတိုင်းဟာလဲ ပုထုဇဉ်တွေပဲ များတာကိုး။ ပုထုဇဉ်ဆိုတာ ကောင်းတာနဲ့မကောင်းတာ ကုသိုလ်အလုပ်နဲ့ အကုသိုလ်အလုပ်

ယှဉ်ပြီး စဉ်းစားရင် မကောင်းတာဖက် အကုသိုလ်ဖက် တစ်ဝက်က မဲသာနှင့်ပြီးသားကိုး။ လူတော်တော်များများကို ဥပုသ်စောင့်သွား မလား၊ အပျော်အပါး တစ်ခုခုသွားကြမလားလို့ ကုသိုလ်, အလုပ်နှင့် အကုသိုလ်အလုပ် ယှဉ်ပြကြည့်ပါလား။ ဘာက အလေးသာမလဲ။ ဒါကြောင့်လဲ ဘုရားရှင်က–

သုကရံ သာဓုနာ သာဓု၊
သာဓု ပါပေန ဒုက္ကရံ။
ပါပံ ပါပေန သုကရံ၊
ပါပမရိယေဟိ ဒုက္ကရံ။ (ဥဒါန၊ ၁၅၀)

လို့ ဟောထားတယ်။ အဓိပ္ပါယ်က–

သူတော်ကောင်းသည် ကောင်းမှုကို ပြုလွယ်၏။ မကောင်းမှုကို မပြုလွယ်။ သူယုတ်မာသည် မကောင်းမှုကို ပြုလွယ်၏။ အရိယာသူတော်ကောင်းတို့ကား မကောင်းမှုကို ပြုဖို့ရန် ခဲယဉ်းလှပေ၏တဲ့''

''နောက်ပြီး မိမိရဲ့ ဒွိဟသံသယကို ရှင်းပစ်လို့ ဆိုလိုက်တာနဲ့, ကံ, ဥဏ္ဏ, ဝိရိယနဲ့ ဝေးကွာသွားစေတဲ့ မကောင်းတဲ့အခြေအနေဖက် ရွေးမိပြီးလဲ ပုထုဇဉ်တို့အကြိုက် အလိုလိုက်မသွားမိဖို့ သတိချပ်ရဦးမယ်''

''ပြီးတော့ ဗုဒ္ဓဘာသာတွေပဲ၊ ကံ, ကံ၏အကျိုးကို ထဲထဲနက်နက် ယုံကြည်ရမယ်၊ ပစ္စုပ္ပန်ကံလို့ခေါ်တဲ့ ဥဏ္ဏနဲ့,

ဝိရိယအပိုင်းကိုလဲ မပေါ့ဆရဘူး။ ဉာဏ်ဝိရိယပိုင်း ခေါ်တဲ့ ပစ္စုပ္ပန်ကံနဲ့ အတိတ်ကံကို နှိုးဆွပေးရတယ်။ ဉာဏ်ဝိရိယနဲ့ အားထုတ်ပါလျက် လွဲချော်နေတာလဲ ရှိတတ်တော့ ဒါကို ကံအလှည့်မသာတဲ့ သဘောလို့ မှတ်ယူကာ စိတ်ကို လျှော့တတ်ရမယ်။ အတိတ်ကံကို ပစ္စုပ္ပန်ကံနဲ့ ထပ်မံနှိုးဆွပြီး အကြိမ်ကြိမ် ကြိုးစားယူရမယ်။ တစ်ခါတစ်ခါ တွေ့တတ်တာ ပြောဦးမယ်။ ဒီနေ့ ကိစ္စသုံးခု ဆောင်ရွက်မယ်ဆိုပြီး မောင်မဲအိမ် ပထမ ဝင်တယ်။ မောင်မဲ အပြင်သွားနေလို့ မတွေ့ဘူး။ မောင်ဖြူအိမ် ဒုတိယ ဝင်တယ်။ မောင်ဖြူနဲ့ တွေ့တော့ တွေ့တယ်။ ဒါပေမယ့် မောင်ဖြူရဲ့ အိမ်တွင်းရေး အဆင်မပြေ ဖြစ်နေချိန်နဲ့ တိုးနေလို့ အသာလှည့်ပြန်ရပြန်တယ်။ တစ်ခါ မောင်နီအိမ် တတိယ ဝင်ပြန်တယ်။ မောင်နီနဲ့က အဝင်အထွက်ကလေး လွဲပြီး ကားမှတ်တိုင်လောက်ပဲ ရှိဦးမယ်ဆိုလို့ ပြန်ထွက်လိုက်တာ မမီတော့တာနဲ့ လွဲပြန်တယ်။ လာတဲ့ကိစ္စသုံးခု အဆင်မပြေတာနဲ့ ကဲ ဒီနေ့ ဘာကိစ္စမှ အဆင်ပြေမှာ မဟုတ်တော့ဘူး ဆိုပြီး စိတ်ကိုလျှော့ကာ အိမ်ဖက်နောက်ကြောင်း ပြန်ဆုတ်ခဲ့ ရတာတွေ ကြုံဖူးတတ်ပါတယ်။ ဒါဟာ အမှန်စင်စစ် အိမ်က စထွက်ကတည်းက မောင်နီအိမ်က စဝင်ပြီး ပြောင်းပြန်သွားခဲ့တာဖြစ်ရင် အားလုံး အဆင်ပြေချောမွေ့သွားနိုင်ပါလျက် အဆင်မပြေဖို့ အကြောင်းက လုံလောက်နေတာမို့ ကံကိုက အသွားလမ်းကို ရွေးချယ်ပေးခဲ့တာပါ''

"ဗုဒ္ဓဘာသာဝင်ပီပီ ဒီလိုကံကို သဘောပေါက်ရင် စိတ်အားလျော့စရာ မလိုဘူး။ စိတ်ဓာတ်ကျစရာ မလိုဘူး။ ကံ အကျိုးပေးလှည့်မသန်တဲ့ အခါသမယတွေ ရှိနေတာကို သိရှိပြီး အဆင်မပြေတာ, မအောင်မြင်တာကို လျစ်လျူရှုတ်နိုင် ရှုရမှာပေါ့။ အဆင်မပြေတာ, မအောင်မြင်တာ ကံအကြောင်းလို့ မှတ်ပြီးရင် ကာယကံ, ဝစီကံ, မနောကံ ကောင်းအောင် ပြုပြင်ပြီး ထပ်ကြိုးစားယူရမယ်။ စီးပွားရေးပိုင်း, လူမှုရေးပိုင်း လွဲချော်နေမှု များရင် လျှုဒါန်းပေးကမ်းခြင်းဆိုတဲ့ ဒါနမှုကို တတ်နိုင်သမျှ များများပြုပေးပါ။ အကျိုးထူးလာလိမ့်မယ်။ ကျန်းမာရေးပိုင်း ချွတ်ယွင်းမှု များနေရင်တော့ လိုအပ်တဲ့ ဆေးကုသမှုအပြင် ငါးပါးသီလမျိုး, ရှစ်ပါးသီလမျိုး ရက်အားယူ စောင့်သုံးပေးရင် သိသာလာပါလိမ့်မယ်။ နောက်ဆုံးပိုင်းအနေနဲ့ ဘာဝနာမှုနဲ့ ပြောရရင် ဒွိဟသံသယများသူဟာ ဝိတက်စရိုက်ထူပြောသူ ဖြစ်လို့ အာနာပါနဆိုတဲ့ ထွက်သက်, ဝင်သက်မှတ်တဲ့ အာနာပါနဿတိ ကမ္မဋ္ဌာန်းကို အားထုတ်ပြီး သတိနဲ့ ငြိမ်သက်စေအောင် လုပ်ပေးရမယ်။ အိမ်မှာ ဘုရားဝတ်တက်ပြီးတိုင်း အချိန်သတ်မှတ် ထိုင်ပေးရမယ်။ အိပ်ရာထဲ အိပ်မပျော်ခင် ပက်လက်အနေ အထားနဲ့ ထွက်သက်, ဝင်သက်ကို မှတ်ရင်လဲ ရတာပဲ။ ဖြစ်နိုင်ရင်တော့ အခါအားလျော်စွာ မိမိအနေနဲ့ စိတ်ငြိမ်သက်နိုင်မယ့် ကမ္မဋ္ဌာန်းရိပ်သာထဲ ရက်ပတ်နဲ့ ဝင်အားထုတ်သင့်ပါတယ်။ ဒါဆိုရင် ဒါယကာရဲ့ ဒွိဟသံသယပွားခြင်း,

[illegible]

[illegible]ကိုသက်ဖေသော [illegible] ထိုက်နေကျင့်ကြံကြည့်၏။ ကမ္ဘာနန်းရိပ်သာဝင်၍ တရားတစ်ပတ် ထိုင်ကြည့်သည်အထိ ပေါ်ကင်ပြောက်ခဲ့၏။ ကိုသက်ဖေအဖို့ ထွန်းခြားခဲ့ပါသည်။

ကိုသက်ဖေသည် ဒွေရာရောက်ခွန့် ထွက်ပြီးဆိုလျှင် လမ်းမှာတွေ့သည့် အလှူခံဟူသမျှ လက်မနှေးဘဲ ရိုရိုသေသေ စွန့်ကြ၍ သွား၏။ အခက်အခဲ ရှိနေကျနေရာပင် အခက်အခဲ မရှိဘဲ ဒွေရလာတက်၏။ အဆင်ပြေချောမွေ့၍ ပြန်လာတက်၏။ ကျန်းမာရေး ညံ့ပြီးဆိုသည်နှင့် သက်သတ်လွတ်စားကာ သတ္တဝါများအပေါ် မေတ္တာဖြင့် နေလိုက်၏။ ရှစ်ပါးသီလ မတတ်နိုင်လျှင် ငါးပါးသီလကို အထူးသတိထား၍ စောင့်သုံးသမျှ ပြု၏။ တစ်ဖက်မှလည်း ဆေးဝါးဓာတ်စာဖြင့် ပြုပြင်ရင်း အလုပ်အကိုင် မပျက်ဘဲ ပုံမှန်ကောင်းမွန် သွားတတ်၏။

ဝိတက် (အကြံ)များသူအား စိတ်ကို စုလုံးငြိမ်သက်စေနိုင်သော ထွက်သက်, ဝင်သက် ရှုမှတ်ခြင်း အာနာပါနဿတိ ကမ္ဘာနန်းကိုလည်း ဘုရားရှိခိုးပြီးတိုင်း အဓိဋ္ဌာန်၍ နာရီဝက်မှ တစ်နာရီထိ တိုး၍တိုး၍ တရားထိုင်နိုင်နေလေပြီ။ တစ်ခုသာ ပြောစရာရှိ၏။ ရုံးမှခွင့်ရက်ရှည် မရသဖြင့်ကား ကိုသက်ဖေ

အတွက် တရားရိပ်သာတွင် တစ်လကိုးသီတင်း ဝင်ရောက်ခွင့်မသာသေးပေ။ အခွင့်သာသည့် ထိုအခါတွင် ကိုသက်ဖေ၏ ဒွိဟများမှု, သံသယများမှု တွန့်ဆုတ်တွန့်ဆုတ် မဝံ့ရဲမှုများသည် အာနာပါနတန်ခိုးကြောင့် ပျောက်ပျက် လွင့်စင်ကုန်လိမ့်မည်ဟု အကြွင်းမဲ့ ယုံကြည်မိနေတော့သည်။



လျှော့ဖြေခြင်း
သို့မဟုတ်
ဉပေက္ခာ

လူအများက ကိုဇေယျာအား ဉာဏ်ဝိရိယသမားဟု ပြောကြ၏။

မှန်၏။ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်းထွက် ကိုဇေယျာသည် ကံ, ဉာဏ်, ဝိရိယသမား ဖြစ်၏။ တစ်နည်းအားဖြင့် ကိုဇေယျာအား ကံသမားဟု ပြောလျှင် လည်းရ၏။ ကံ, ဉာဏ်, ဝိရိယအနက် ကံကို ယခင်ရှေးဘဝက ပြုခဲ့သည့် ကောင်းမှု (အတိတ်ကံ)အဖြစ် သတ်မှတ်၍ ဉာဏ်နှင့်ဝိရိယကိုမူ ယခုဘဝ စေစားပြုလုပ်သည့် ကာယဉာဏစွမ်းအား (ပစ္စုပ္ပန်ကံ) အဖြစ် ကိုဇေယျာ သဘောပေါက်ထား၏။

အတိတ်က ကောင်းမှုကံ ပြုခဲ့, မပြုခဲ့ ဆိုသည်မှာ ဇာတိသရဉာဏ်ရသူများ မဟုတ်၍ ကိုဇေယျာတို့ မသိနိုင်။ ဘယ်ဘဝက လာသည်ကိုပင် မှန်းဆ၍ မရ။ ရှေးရှေးကံကို ယုံ၍ ယိုးမယ်ဖွဲ့ဖို့ရာမှာ သေချာရေရာသော ကိစ္စမဟုတ်၍

အတိတ်ကံကိုတော့ တစ်ကယ္တာအဖြစ် ကိုဇေယျာ သဘောထား၏။ ကံကို ပစ်ပယ်သည့် သဘောမျိုးတော့ မဟုတ်။ အတိတ်ကံ ကောင်းလာစေရန် လှူဒါန်းပေးကမ်းခြင်း၊ သီလကျင့်သုံးခြင်း၊ စိတ်ကောင်းနှလုံးကောင်းထားခြင်း စသည်ဖြင့် ကုသိုလ်ဆက်ပေးသည့် (ခေါ်ကြိုး၊ ချူဆီ)မျိုး ပြုအပ်သည်ကို လက်ခံပါသည်။ ထိုကံသည် အနာဂတ်ဘဝအတွက် (အတိတ်ကံ) ဖြစ်လာမည်ကိုလည်း ယုံကြည်ပါသည်။

ပစ္စုပ္ပန်ကံခေါ် ဉာဏ်ဝိရိယကား မြင်သာ၏။ အမှုကိစ္စတို့၌ ရင့်သန်မှုပိုင်းအခံဖြင့် ဗဟုသုတကို သုံး၍ ဉာဏ်ကို ထုတ်ရသည်။ ကိုယ်တိုင်အားထုတ်ခြင်း၊ ဆက်စပ်ခြင်းအားဖြင့် ထထကြွကြွ လုံ့လပြုရ၏။ မိမိလုပ်ငန်း၌ ဆန္ဒပြင်းပြခြင်း၊ သတိမပေ့ါခြင်း၊ စိတ်ပါဝင်စား အားထည့်ခြင်း၊ ပညာဉာဏ်ကို သုံးခြင်းဖြင့် လုပ်ငန်းပြီးမြောက်အောင် ဆောင်ရွက်ကြရချေ၏။

ဆန္ဒဝတော ကိ ံ နာမ ကိစ္စံ နာ သိဒ္ဓတိ–ဆန္ဒပြင်းပြသူအား မပြီးသောကိစ္စ ဟူ၍ မရှိနိုင်။ ဝိရိယဝတော ကိ ံ နာမ ကိစ္စံ နာ သိဒ္ဓတိ– ဇွဲလုံ့လကြီးမားသူအား မပြီးသော ကိစ္စဟူ၍ မရှိနိုင်။ ပညာဝတော ကိ ံ နာမ ကိစ္စံ နာ သိဒ္ဓတိ–ပညာဉာဏ်သုံးနိုင်သူအား မပြီးသောကိစ္စ ဟူ၍ မရှိနိုင်။ ဝိမံသဝတော ' ကိ ံ နာမ ကိစ္စံ နာ သိဒ္ဓတိ– စိတ်ဝင်စားထက်သန်ဆောင်ရွက်သူအား မပြီးသောကိစ္စ

ဟူ၍ မရှိနိုင်။ ဘုရားရှင်၏အလိုကို သိမိသူ ရဟန္တာမထေရ်ကြီးများ ဟောကြားထားသည့် ကံ, ဉာဏ်, ဝိရိယ စွမ်းပကားကို လက်ကိုင်ပြုခဲ့သဖြင့် ကိုဇေယျာ အောင်မြင်ခဲ့ပါ၏။

စင်စစ် ကိုဇေယျာသည် အညာကျေးလက်သား တစ်ဦး မျှသာ ဖြစ်ပါသည်။ ဆွေမျိုးအသိုင်းအဝိုင်း ထောက်ပံ့မှုဖြင့် မြို့သို့ ရောက်ရှိ ကျောင်းတက်ကာ ဘွဲ့တစ်ခု ရရှိခဲ့ပါသည်။ အစိုးရရုံးတစ်ရုံးတွင် စာရေးဝန်ထမ်း ဝင်လုပ်ခဲ့သော်လည်း ကိုဇေယျာသည် ကြီးပွားချမ်းသာလိုစိတ် ပြင်းပြခဲ့သဖြင့် ရုံးကထွက်ပြီး အရောင်းအဝယ် လုပ်ရာမှာ ကြိုးစားမှု ခွင်တည့်မှုကြောင့် ပွဲရုံပိုင်ရှင်တစ်ဦးအဖြစ် အောင်မြင်ဖြစ်ထွန်းလာခဲ့သည်။ အသက်သုံးဆယ်ကျော်မှ စိတ်ကြိုက်ရွေးချယ်ခဲ့သော ပွဲရုံပိုင်ရှင်တစ်ဦး၏ သမီးနှင့် အကြောင်းပါ အိမ်ထောင်ပြုခဲ့ပြီး သားသမီးနှစ်ယောက် တွန်းကားခဲ့သည်။ အောင်မြင်လျက်ရှိသည့် ပွဲရုံလုပ်ငန်းနှင့်၊ တိုက်နှင့်၊ မော်တော်ကားနှင့်၊ ဒီဇနီး ဒီသမီး ဒီသားနှင့် ကိုဇေယျာတစ်ယောက် ဘာပဲဖြစ်ဖြစ် ဒီတစ်သက်တော့ ပကြောင့်မကြ မပူပင်ရဘဲ ဘဝကို အောင်မြင်စွာ ဖြတ်ကျော်ဖို့သာ ရှိတော့သည်ပင်။

သို့သော်လည်း ဤအမြင် ဤယူသချက်မှာ ကိုဇေယျာနှင့် ကိုဇေယျာ၏ ပတ်ဝန်းကျင်မှ မိတ်ဆွေတို့၏ အမြင်အယူအဆသာ ဖြစ်ပေသည်။ လူ့ဘောင်လောကသားတို့၏ သဘောတံထွာ ဖြစ်သော လောကဓံတရား၏ အမြင်အယူအဆ မဟုတ်ပေ။

အသက် ၅၅-နှစ် တတိယအရွယ်သို့ အောင်မြင်စွာ ဖြတ်သန်းနေသော ဦးဇေယျာအား လောကမံတရားသည် စတင်ထုနှက်ပါတော့သည်။ ပထမဦးစွာ ဦးဇေယျာ၏ဇနီးသည် ကောက်ကာင်ကာ ဖျားနာပြီး ဆေးဝါးကုသမှုပင် အပြည့်အဝ မခံယူလိုက်ရပဲ ကွယ်လွန်၍ သွား၏။ မကြာမီမှာပင် ကိုဇေယျာ တို့မြို့ကို မီးလောင်ရာ၌ ပွဲရုံမီးထဲပါသွားပြီး စီးပွားဥစ္စာ ပျက်စီးဆုံးရှုံးမှုနှင့် ရင်ဆိုင်ရ၏။ မီးလွတ်ရာ ရောက်ရှိနေသော မော်တော်ကားနှင့် အတွင်းပစ္စည်းတစ်ချို့ကို ထုခွဲ၍ ပွဲရုံလုပ်ငန်းကို အသစ်ထူထောင်နိုင်ခဲ့ပါသော်လည်း သားအရေးသမီးရေး ကိစ္စများက ဝင်နှောင့်လာပြန်၏။

ဦးဇေယျာသည် သမီးနှင့်သားအား သူကဲ့သို့ ကံ, ဉာဏ်, ဝီရိယနှင့် ပြည့်စုံစေလိုသဖြင့် ငယ်စဉ်ကစ၍ ကိုယ်တိုင် ကြပ်မတ်ပြုပြင်ခဲ့ပါ၏။ သို့သော်လည်း သမီးနှင့်သားမှာ ဦးဇေယျာ၏ စိတ်ဓာတ်မျိုး အနည်းငယ်မှ သွေးမပါကြ။ သမီးမှာ ရှစ်တန်းနှင့် ကျောင်းပညာကို စခန်းသိမ်းခဲ့ရပြီး သားမှာ ဆယ်တန်းတွင် တဖုန်းဖုန်း ကျနေခဲ့သည်။

သိပ်မကြာလိုက်၊ သမီးကြီးမှာ ဖခင်သဘောမတူသူနှင့် လိုက်ပြေးကာ ပွေဖောက်၏။ သမက်တော်ရမည့်သူမှာ အသောက်အစား လောင်းကစားဝါသနာပါသူ ဖြစ်၍ အမျိုးမျိုးဖျက်သည့် ကြားက ဖအေမိဘ ခြေစုန်ကန် ထွက်သွားသူမို့လည်း သမီးအား

ပစ်ထားလိုက်ရတ်။ တစ်ဖန် သားလုပ်သူကလည်း သုံးချင်တိုင်းသုံး ဖြုန်းချင်တိုင်း ဖြုန်းနေရသည့်ကြားမှ ဖအေမရှိခင် ဝိရိုသော့ဖျက်၍ ငွေနှစ်သိန်းခန့် ယူငင်ကာ အိမ်ပြေးဘဝနှင့် ဖခင်အား ရက်စက်သွားလေသည်။ ဒါနှင့် မကျေနပ်သေးဘဲ နယ်မှ ဖခင်၏ မိတ်ဆွေများထံ ပင်၍ ဖခင်နာမည်နှင့် ငွေများ ချေးယူသုံးစွဲနေသဖြင့် သတင်းစာမှပင် အိမ်ပြေးအမွေပြတ် ကြော်ငြာထည့်၍ တားဆီးခဲ့ရလေသည်။

အချုပ်ဆိုရသော် အသက်၅၀–ဆယ်ကျော် ဦးဇေယျာ လူကြီးဘဝသည် ကျဆုံးခန်းသို့ ဦးတည်ခဲ့ရှာပေပြီ။ တစ်နည်းအားဖြင့် ဆိုသော် ပစ္စုပ္ပန်ကံခေါ်သည့် ဥာဏ်, ဝိရိယကို အားကိုးလက်ကိုင်ပြု၍ အောင်မြင်ဖြစ်ထွန်းခဲ့သော ကိုဇေယျာအား ရှေးအတိတ်ကံ၏ ကောင်းလှည့်ကပင် ကုန်ဆုံးခဲ့ပြီလော။ ယခုအခါ အထီးကျန် ဦးဇေယျာ၏ ဘဝသည် အမှန် သနားစရာပင် ဖြစ်နေတော့၏။

ဘဝတိုက်ပွဲ အနိုင်နွံခဲ့ရာတွင် ကံ, ဥာဏ်, ဝိရိယ အားမာန် အပြည့်ဖြင့် အနည်းငယ်မျှ အားလျှော့ အရှုံးမပေးခဲ့သော ဦးဇေယျာသည် ယခုတော့ လောကဝံအား အရှုံးပေးခဲ့ရပါသည်။ အဖေ အမေနှင့် ဇနီးသည်တို့ အသီးသီး မျက်ကွယ်ပြုသွားကြ ချိန်များကပင် မျက်ရည်တစ်ပေါက် မကျခဲ့ပဲ တရားသဘောဖြင့် လောက၏ အဖြစ်သနစ် တစ်ခုမျှသာဟု သဘောထားနိုင်

ခဲ့သော်လည်း ယခုအခါတွင် ဦးဇေယျာကိုဘဝတွင် ပထမဦးဆုံး ဖြစ်သည့် ကျရှုံးခန်း မျက်ရည်မှာ ခါးစပ်ပူနွေးသကဲ့သို့ ခံစား ရရှာပြီ။

ဦးဇေယျာ မည်သို့ ပြုရပါမည်နည်း။

အဆိုးအပျက် လောကမဲကို ဒုက္ခဆင်းရဲအဖြစ်လည်းကောင်း၊ အကောင်းအမြတ် လောကမဲကို သုခချမ်းသာအဖြစ်လည်းကောင်း အတက်၊ အကျ၊ အနိမ့်၊ အမြင့်တို့၌ ကျန်လျှမ်းခြင်း ရှိသော် မမှတ်ကြသည့် ဘုရားဝေဿာ အရိယာသုတေါ်ကောင်းတို့သည် လောကကို အောင်နိုင်ကျားခဲ့ကြပေတ။ ယခုခေတ်ဆိုးနှင်းတင် လောကမဲကို လျှစ်လျှူရှုနိုင်ခြင်းခြင့် ဥဝေကၖတပါရမီကို အရင့် အမာ ထောက်တည်ခဲ့ကြခြင်းဖြင့် လောကကို အောင်နိုင်ရန်ရှိခဲ့ ကြခြင်း ဖြစ်ပေတ။

ကဲ၊ ဥာဏ်ကို ဝိရိယ အားမာန်ခြင့် ဘဝအားသစ် ပုံစံကဲ့ ဘင်းစိတ်ကူးကို ဦးဇေယျာ ကျေးဇူးပါတော်မူသည်။

ပဋ္ဌာနသာဝင်တစ်ဦးအဖို့ ဇာတ်နေစိတ်ထား ပြုပြင်ခဲ့ရာ ပြဟွစိုရ်တရားလေးပါး ရှိတ။ သဟွပါအားလုံးအပေါ် မေတ္တာသက်ဝင်ချစ်ခင်၍ နေခြင်း -မေတ္တာပြဟွစိုရ်၊ ဆင်းရဲ ကြေ ရောက်နေသူအပေါ် သနားကြင်နာခြင်း ကရုဏာပြဟွစိုရ်၊ ကောင်းမြတ် ချမ်းသာနေသူအပေါ် ဝမ်းမြောက်မှုဖြစ်နေခြင်း မုဒိတာပြဟွစိုရ်ဟူ၍ ပြဟွစိုရ်တရားသုံးပါးမှာ ဦးဇေယျာကို

အဓိပ္ပါယ်ရှင်းတ၏။ နောက်ဆုံးကျန်ရှိသည့် လျစ်လျူရှုခြင်း– ဥပေက္ခာမှာမူ ချစ်ခြင်း မုန်းခြင်း စာတ်ခံရှိနေသည့် ပုထုဇဉ် လောကသားများအဖို့ သူသူ ကိုယ်ကိုယ် သဘောမမိလုပေ။ လျစ်လျူရှုခြင်း ဥပေက္ခာပြုခြင်း ဆိုသည်ကို စွန့်လွှတ်ခြင်း၊ ပစ်ပယ်ခြင်း၊ မျက်နှာလွှဲခြင်း၊ မုန်းတီးခြင်းအဖြစ် ဦးဇေယျာတို့ အရပ်သူအရပ်သားများအနေနှင့် နားလည်ထားကြသည်။ ရှေးခေတ် ရာဇဝင်စာများထဲတွင် ဘုရင်မင်းမြတ်က မျက်နှာလွှဲတော်မူသည်ဟုဆိုလျှင် သေဒဏ်ပေးသည့် သဘောမျိုးပင် သက်ရောက်ပေရာ လျစ်လျူရှုခြင်း ဥပေက္ခာပြုခြင်း ဆိုသည်ကို ကောင်းသော တရားဟူသော အဓိပ္ပါယ်ဖြင့် ယူဆရန် မရွံ့မရဲ ရှိလှစေတ်။

ယခုတော့ လျစ်လျူရှုခြင်း ဥပေက္ခာတရားကို ဦးဇေယျာ အနည်းငယ် သဘောပေါက်လာသည့် ထင်မိတ်။

အရပ်ဆယ်မျက်နှာမေတ္တာပို့တွင်လည်း ပြဟ္မစိုရ်လေးပါးနှင့် ဆက်စပ်လျက် ရှိသည်ကို တွေ့ရသေးတ်။

အဝေရာ ဟောန္တု။ အဗျာပဇ္ဈာ ဟောန္တု။ အနီဃာ ဟောန္တု။ သုခီ အတ္တာနံ ပရိဟရန္တု။ (**မေတ္တာပို့**)

ဒုက္ခာ မုစ္စန္တု။ (**ကရုဏာပို့**)

သဗ္ဗာ သမ္ပတ္တိတော မာ ဝိဂစ္ဆန္တု။ (**မုဒိတာပို့**)

ကမ္မဿကာ။ (**ဥပေက္ခာပို့**)

ရန်မရှိကြပါစေနှင့် စိုးရိမ်ကြောင့်ကြ မရှိကြပါစေနှင့် မိမိကိုယ်ကို ချမ်းသာအောင် ဆောင်ရွက်နိုင်ကြပါစေ။ (မေတ္တာပို့)

ဆင်းရဲဒုက္ခ ကင်းဝေးကြပါစေ။ (ကရုဏာပို့)

မိမိရှိပြီး စည်းစိမ်ချမ်းသာမှ မရွှေ့လျောကြပါစေနှင့်။ (မုဒိတာပို့)

မိမိတို့ ကံအတိုင်းသာပါတကား။ (ဥပေက္ခာပို့)

အရပ်ဆယ်မျက်နှာမေတ္တာပို့မှ မေတ္တာပို့စာသားများကို ရွတ်ဆိုလျှင် (ဥပေက္ခာ)ပို့ တွေ့ရ၏။ သူ့ကံအတိုင်းသာ သဘောထားရတော့မည့်သူအား ဥပေက္ခာမေတ္တာပို့သည်သာလျှင် အသင့်တော်ဆုံး ဖြစ်မည်ဟု ဦးဇေယျာ သဘောပေါက်လာပေပြီ။

ဘုရားရှင်လက်ထက်တော်အခါက ဆုံးမ၍ မနာယူနိုင် ဖြစ်နေသော ရဟန်းတစ်ပါးအား ဘုရားရှင်က ဥပေက္ခာပြု၍ ဆုံးမဖူး၏။ မြင်းဆရာတစ်ဦးသည် ယဉ်အောင် ဆုံးမသွန်သင်ပြီ မရသော မြင်းဆိုးအား သတ်ပစ်ရသည့် ဥပမာကို ဟောပြောတော်မူခဲ့၏။ ထိုရဟန်းသည် ဘုရားရှင်၏ ဥပေက္ခာပြု အဆုံးအမကြောင့် နောက်ဆုံးတွင် တရားလမ်း အစစ်အမှန်သို့ ရောက်ရှိဖူးခဲ့ပေ၏။

ဦးဇေယျာသည် ဥပေက္ခာ (မေတ္တာ)ပို့ကိုသာ အဓိပ္ပါယ်ပါပါနှင့် နာနာရွတ်နေမိသည်။ ကမ္မဿကာဟု ဆိုသည့်အတိုင်း သတ္တဝါတစ်ဦးအား ကံသာလျှင် စီမံ၏။ နောက်ဆုံးတွင်

မိမိပြုခဲ့သော ကံသာလျှင် အားကိုးရာရှိ၍ ကံသာလျှင် အမိ အဖ အဆွေအမျိုး ဖြစ်၏။ ပြုပြင်စီရင်၍ ရသလောက် ကံကို ပြုပြင်၍ ပြုပြင်မရသောကံအတွက် စိတ်ကို လျော့ဖြေသင့်လှပေ၏။ လျှစ်လျူရှုသင့်လှ၏။ ဥပေက္ခာပြဟ္မစိုရ်တရားဖြင့် ဆောက်တည်ရာ ရှာ၍ မိမိစိတ်ကို ထိန်းသိမ်းသင့်လှပေ၏။

လူ့လောကကြီးအတွင်းဝယ် ဦးဇေယျာသည် ကံ, ဉာဏ်, ဝီရိယကို အကွက်စေ့အောင် သုံး၍ အောင်မြင်မှု အတိုင်းအတာ တစ်ခုအထိ ဖွဲ့ဖြင့် အရောက်လှမ်းခဲ့၏။ ဦးဇေယျာသည် သူ၏ ဇနီးမယား, သမီး, သား မိသားစုအား အောင်မြင်မှု သရဖူ ဆောင်း၍ လောကကြီးကို အတူတကွ ဖြတ်ကျော်နိုင်ဖို့ရာ စည်းရုံးဦးတည်ခဲ့၏။ သို့သော်ငြားလည်း ဦးဇေယျာ၏ အောင်မြင်မှုသည် အတိုင်းအတာတစ်ခုအထိသာ တည်တံ့ခဲ့ပြီး အောင်မြင်ပျော်ရွှင်စွာ သက်ဆုံးတိုင် နေထိုင်သွားကြလေသည်အထိ မရောက်ရှိခဲ့ပါပေ။ ဦးဇေယျာ ရှာဖွေခဲ့သော ပစ္စည်းဥစ္စာတို့ မီးလောင်ပျက်စီးကုန်၏။ ဘဝခရီးဖော် ဇနီးသည် ဆုံးရှုံးခဲ့၏။ သမီးနှင့် သားမှာ မိမိဆွဲဆောင်ရာ မလိုက်ပါခဲ့ကြ။

အားလုံးသည် သူ့ကံနှင့်သူသာ ဖြစ်ကြ၏။ ဦးဇေယျာ ကိုယ်တိုင်လည်း ဤဇနီး ဤသားသမီးနှင့် တွေ့ဆုံ ပေါင်းဖက်ရပြီး ဤအချိန် ဤအခါတွင် ဤသို့ဤနှယ် ကြုံရခြင်းကား သူ့သဘောသူ့ဆောင်သည့် ကံအကြောင်း တရားဟုပင် သဘောထားရမည် ဖြစ်သည်။ ဦးဇေယျာ မည်သို့တတ်နိုင်ပါမည်နည်း။

ဖြစ်ခဲ့သမျှ အကြောင်းများမှ အကောင်းကိုလည်းကောင်း၊ အဆိုးကိုလည်းကောင်း အသင့်အတင့် သဘောထား နှလုံးသွင်း၍ ဖြစ်သင့်သည်ကိုသာ ဆယ်တင်ယူရပေတော့မည်။

ဦးဇေယျာ၏နှုတ်တွင် ဂါထာတစ်ပုဒ်ပမာ အလိုလိုရ နေသော စာသားတစ်ခုရှိ၏။ ပါဠိဂါထာတော့ မဟုတ်။ မြန်မာလို ဝါကျသုံးကြောင်းသာ ဖြစ်၏။ သူတစ်ပါးအား မေတ္တာပို့ရုံနှင့် မပြီး မိမိကိုယ်ကိုလည်း မေတ္တာပို့သူအဖြစ် သတိရနေစေရန် ဖြစ်သဖြင့် သတိပေး မေတ္တာနှလုံးသွင်းလည်း ဖြစ်ပေသည်။

"မေတ္တာထားပါ။
ကရုဏာ, မုဒိတာ ပွားပါ။
စိတ်ကို ဖြေလျော့ပါ။"

ဦးဇေယျာသည် စိတ်ထဲတွင် မချင့်မရဲ ဖြစ်လာတိုင်း ထိုစာသုံးကြောင်းက နှုတ်မှ တိုးတိုးရွတ်ပြီး ဖြစ်နေတတ်၏။ တစ်ခါတစ်ရံတွင် နှုတ်မှ အသံပင် ထွက်သွားတတ်သေး၏။

မနှစ်ပြို့ဖွယ်ရာ အနိဋ္ဌာရုံနှင့်တွေ့၍ စိတ်ဒေါသ ထွက်ရ သည်ဖြစ်စေ၊ စိတ်အကျဉ်းအကြပ်နှင့် ကြုံဆုံရလျှင်ဖြစ်စေ၊ မသင့်လျော်သည့် အပြုအမူဖြင့် မိမိမာန်မာနကို ထိပါးလာ သည်ဖြစ်စေ၊ စိတ်မကျေနပ်စရာနှင့် တွေ့လျှင်ဖြစ်စေ၊ လူစည်း ကမ်းကို တစ်ဖက်မှ ချိုးဖောက်သဖြင့် စိတ်စနိုးစနောင့် ဖြစ် ရလျှင် ဖြစ်စေ ဦးဇေယျာအဖို့ ထိုစာသားက နှုတ်ထဲသို့ ရောက်ရှိလာပြီး ဖြစ်၏။ နှုတ်မှ ရွတ်ပွားချိန် မရတောင်မှ

စိတ်ထဲတွင် ရွှတ်အံ့ပြီးဖြစ်၏။ ထိုအခါ စိတ်ကျဉ်းကြပ်မှု, စိတ်တင်းကြပ်မှု, စိတ်မချင့်မရဲ ဖြစ်မှုများ အလိုလို ပြေလျော့သွားပြီး မေတ္တာ သဘောက နှလုံးသို့ သက်ဝင် အေးငြိမ်းသွားနိုင်ခဲ့၏။

ဦးဇေယျာသည် ဘတ်စ်ကားပေါ်သို့ တက်ခြင်းနှင့် ဘတ်စ်ကားပေါ်မှ ဆင်းခြင်းတွင်ပင် ယခင်က ရှေ့ဆုံးက တက်ရမှ ရှေ့ဆုံးက ဆင်းရမှ ကျေနပ်ချင်ခဲ့၏။ ဘတ်စ်ကားပေါ်တွင် ထိုင်ခုံလွတ် မရှိမှန်းသိပါလျက်နှင့် သူများထက် အလျင်ဦးချင် သောစိတ်နှင့် နေရာလုရ၍ အတက်အဆင်း ပြုလုပ်ချင်ခဲ့သူ ဖြစ်၏။

ယခုကော့ ဦးဇေယျာသည် အရာရာတိုင်းကို ဖြေလျော့သည့် နှလုံးထားကို မွေးပြူနိုင်ခဲ့ပြီ ဖြစ်၏။ ဘတ်စ်ကားဆင်းတက်ရာတွင် စက္ကန့်၊ မိနစ်မျှလောက် နောက်ကျဆင်းတက်ရုံနှင့် မိမိအကျိုးစီးပွား ပွန်းပဲ့ထိခိုက်ခြင်း မရှိနိုင်ပါ။ ဖိပိတ်ရှေ့မှ အတင်းလုရ၍ ဆင်းတက်သူများအား ခွင့်လွှတ် ဦးစားပေးနိုင်သော၊ အခြားသော ကိစ္စများတွင်လည်း ထိုနှယ်သော သဘောထား အခြေခံဖြင့် သည်းခံခွင့်လွှတ်၍ စိတ်ကို ဖြေလျော့နိုင်ခဲ့သည်။

ဤနည်းဖြင့် ဦးဇေယျာ၏ လူမှုရေးဘဝသည် အသေးအဖွဲ ကိစ္စများကြောင့် ဖြစ်ပေါ်သည့် မလိုလားအပ်သော အငြင်းအခုံ ခိုက်ရန်ဖြစ်ပွားမှုများကို ရှောင်ရှားနိုင်ကာ အခြားအရေးကြီးသော ကိစ္စများတွင် စိတ်လက်ပေါ့ပါး ရွှင်လန်းစွာ ဆောင်ရွက် အောင်မြင်လာခဲ့ပေသည်။

ဥပေက္ခာနှင့် ပတ်သက်သော စာများကို ဦးဇေယျာ ရှာဖွေဖတ်ရှု ဖြစ်ခဲ့၏။

ဥပေက္ခာ ဟူသော ပါဠိစကားလုံး၏ အနက်အဓိပ္ပါယ်မှာ လျစ်လျူရှုခြင်းဟု မြန်မာလို အဓိပ္ပါယ်ရသည်။ မျက်နှာလွှဲခြင်း ပေယျာလက် ပြုခြင်းဟုလည်း ထပ်ဆင့်အဓိပ္ပါယ် ဖွင့်ဆိုနိုင်၏။

လူတစ်ယောက်ကို ဥပေက္ခာပြုလိုက်ပြီဟု ဆိုလျှင် သူ့အကြောင်းကောင်းသည်, ဆိုးသည် စိတ်ထဲ မထားခြင်းပင် ဖြစ်သည်။ လောကီပုထုဇဉ် လူသားများဖြစ်၍ မုန်းတီးစိတ်ကို ဖယ်ထုတ်လိုက်ရုံမျှဖြင့်လည်း ဥပေက္ခာပြုသည်ဟု ပြောတတ်ကြသေး၏။

မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာဟူသော ဗြဟ္မစိုရ် တရားလေးပါးတွင် ပါဝင်သော ဥပေက္ခာမှာ ထိုထက် အဆင့်မြင့် ပါသည်။ ချစ်ခင်ခြင်းလည်းမထား မုန်းတီးခြင်းလည်း မပြုဘဲ သူ့ကံအတိုင်း သဘောထားလိုက်မှု သဘောမျှဖြစ်၍ သိမ်မွေ့လှ၏။ ထိုထက်ပို၍ အဆင့်မြင့်သော ဘာဝနာမှုသဘောသို့ ရောက်ရှိ သွားပါက ဘုရားရဟန္တာတို့၏ စိတ်ထားမျိုးဟုပင် ခေါ်ဆိုနိုင်သည်။

ဘုရား ရဟန္တာတို့သည် ဘဝကို လွန်မြောက်ပြီးသော ပုဂ္ဂိုလ် မြတ်များ ဖြစ်ပါသည်။ သံသရာ အကန့်အကွက်တို့ကို ဖြတ်တောက်ပြီး ဖြစ်သဖြင့် လက်ရှိဘဝကို ကုန်လွန်လိုက်ပါက နိဗ္ဗာန်ရွှေပြည် ပရိနိဗ္ဗာန်ဝင်စံတော်မူကြမည်ဖြစ်ပါသည်။ လက်ရှိ

ဘဝတွင် ပြုလုပ်သမျှသည် နောင်ဘဝမရှိတော့၍ အကျိုးပေးဖွယ် မရှိတော့ပေ။ ကိုယ်, နှုတ်, စိတ် သုံးပါးစလုံးတွင် အကုသိုလ် ဟူ၍ မရှိနိုင်တော့သဖြင့် ကုသိုလ်, အကုသိုလ် အကျိုးမှလည်း ကင်းဆိတ်ခဲ့ကြပြီဖြစ်သည်။

လောဘဒေါသ ဟူ၍ မရှိ။ ချစ်ခြင်း, မုန်းခြင်းလည်း မရှိ။ ပိုင်ဆိုင်လိုမှု, မရှိသဖြင့် ပိုင်ဆိုင်မှု၏ ဆန့်ကျင်ဘက် စွန့်ပစ်မှုလည်း မရှိ။ သောက, ဒုက္ခဟူ၍လည်း မရှိ။ လောက၏ ဖြစ်ပျက်မှု လောကဝံတရားကို လွန်မြောက်နိုင်ရကား လောကကို အောင်နိုင်သော လောကုတ္တရာပုဂ္ဂိုလ်များ ဖြစ်ခဲ့ကြလေပြီ။

ဥပေက္ခာသဟဂုတ်စိတ်သည် စင်စစ် ဘုရား, ရဟန္တာတို့သာလျှင် အဆင့်မြင့်ဆုံး ပိုင်ဆိုင်တော်မူကြ၏။ ဝိပဿနာပညာ အဆင့်မမြင့်သေးသော ပုထုဇဉ်တို့၏ ဥပေက္ခာစိတ်သည်လည်း ဥပေက္ခာတရားနှင့် ဗြဟ္မစိုရ်တရားလေးပါးတွင် ပါဝင်သဖြင့် အဆင့်မနိမ့်လှပေ။ မေတ္တာဘာဝနာ, ကရုဏာဘာဝနာ, မုဒိတာဘာဝနာများနည်းတူ ဘဝတွင် အထိုက်အလျောက် အကျိုးကျေးဇူးများနိုင်သော တရားလည်း ဖြစ်ပါ၏။ ဥပေက္ခာသည် ဘုရားရဟန္တာတို့၏ အဆင့်မြင့်သော်ကတရား တစ်ခု ဖြစ်သော်လည်း ဥပေက္ခာဘာဝနာဖြင့် လူ့ဘဝတွင် ကြုံတွေ့ရနိုင်သော လောကဝံတရားများကို ကြံ့ကြံ့ခံ ဖြည့်ဆည်းပေးနိုင်သည့် တရားလက်ကိုင်တစ်ခုဟု သဘောပေါက် ခံယူကျင့်သုံးနိုင်ပါသည်။

အထီးကျန်ဘဝသို့ ရောက်ရှိနေသော ဦးဇေယျာသည် အသက် ၅၀-ဆယ်ကျော်မှ ပိန်းမတစ်ယောက် ရှာကြံ အိမ်တောင်ပြုကာ ဗီးအမတ် မွေးလိုတော့ပြီ။

ဘာပဲဖြစ်ဖြစ် သားနှင့်သမီးကို အိမ်သို့ ပြန်ခေါ်တင်ရမည်။ သမီးနှင့် ရသော သမက်ကိုလည်း သားသမက်အဖြစ် သဘောထားကာ ပြုပြင်ကြည့်ရပေဦးမည်။ သမီးနှင့်သား သမက်တို့မှ မွေးဖွားသည့် မြေးဦး မြေးနှစ် မြေးနှောင်းများကို ချီပိုးမွေ့ပိုက်လျက် လောကအသစ်တွင် ပြန်လည် မွေးဖွားရပေဦးတော့မည်။ သားကိုကား မယားစီးမီ အချိန်ယူနှင့်ငင် ရှာဖွေတွေ့ရှိပို့ အရေးကြီးသည့်အလျောက် စုံစမ်း၍ အမြန်ဆုံး လိုက်လံခေါ်ငင်မှ ဖြစ်ပေဦးတော့မည်။

ပန်းမယ်ပေးကွာနေသော သမီးနှင့်သားကို အိမ်သို့ ခေါ်ယူကြပြီးလျှင် သားသမီးများအပေါ် ဥပေက္ခာမပြုကာ ဟူအဖြစ် အများက ချီးမွမ်းခြေကျောက် ဝေဖန်ပြောဆိုကြပေဦးမည်။ လူ့လောက ဝတ္တရားများ ရှုဒေါင့်အမြင်ဖြင့် ပြောဆိုကြခြင်းမျှသာလျှင် ဖြစ်၍ ဦးဇေယျာအဖို့ ဥပေက္ခာ မေတ္တာပို့ အားကိုးစွဲကိုင်ရပေဦးမည်။ စင်စစ်မှာ ဦးဇေယျာသည် တင်းစိတ်များကို ဖြေလျော့ကာ ဥပေက္ခာသဘောတရားကို မွေးမြူနိုင်ခဲ့ခြင်းဟု ရင်မှာ သဘောပေါက်နေလေသည်။



ဓိဟ

ဆေးဆေးခြေးနှိုက်ဓိဗာဒ်ခုနှစ်သည်း

စံစားပေ

တင်အောင်ထွန်း ၊ သုတေသန ၊

ဗုဒ္ဓတရားတော်ဒေသနာသည် ပရမတ္ထသစ္စာတရားကို ပန်းတိုင်အဖြစ်ညွှန်ကြားဟောပြထားသည် ။ မိမိကိုယ် မိမိထိန်းချုပ်ကွပ်ကဲခြင်း၊မိမိစိတ်နလုံးကိုဖြူစင်အောင် ပြုလုပ်ခြင်း၊ ပြတ်ပြတ်သားသား တွေးခေါ်ကြံစည်ခြင်း တို့သည် ထိုပန်းတိုင်သို့ ရောက်ရှိရာ ရောက်ရှိကြောင်း နည်းလမ်းများဖြစ်သည် ။

ဆရာပါရဂူ

စာပေဗဒ ။ ဦးတင်ကိုကိုလှ ။ ဖုံးဖုံးဝေ ၃၁ ဝ